www.burmeseclassic.com

ရွှေအသောကစာပေ

# ကြယ်စင်မှူးဝေ

## ချစ်ခြင်းဖွဲ့မာယာ



(အချစ်လုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ အောက်တိုဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပုဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပုဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ・ ၈၃
ကြယ်စင်မှူးဝေ
ချစ်ခြင်းဖွဲ့မာယာ/ ကြယ်စင်မှူးဝေ – ရန်ကုန်၊
ရွှေပုဒေသာစာပေ ၊ ၂၀၁၆ ။
၂၉၆ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
(၁) ချစ်ခြင်းဖွဲ့မာယာ

# ကြယ်စင်မှူးဝေ

# ချစ်ခြင်းဖွဲ့မာယာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှာ သာတဲ့လပဟာ
ဝါးလုံးလေးထဲ မွေးရီလင်းလက်နိုင်ပါ့မလား။
နေမြင့်လေ အရှုးရင့်လေ
အချစ်ဆိုတာ
အဆိပ်ပြည့်ဝိုင်ချိုတစ်ခွက်ပါလေး။

ရွှေဝိုးအိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မွေးရာပါ အတောင်ပံတစ်စုံနဲ့
ငါပျံသန်းမယ်။
ငါ့သံသရာတစ်လျှောက်လုံး
မီးဟုန်းဟုန်းတောက်ပေါ့။
ငါက ဖီးနစ်ငှက်လို
တမြည့်မြည့်ရှင်သန်ထမြောက်ချင်။

နိုင်သဏ္ဍာရာဇ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

စာရေးဆရာဆိုတာ ဘယ်လိုပုံစံမျိုးလဲ။

မြင်ဖူးသမျှတော့ သူများထက်ထူးတဲ့သူတွေချည်းပါပဲ။

ကဗျာဆရာတွေဆို ပိုဆိုးသေး။

သူတို့ပုံရိပ်တွေကို အပြင်မှာမမြင်ဖူးပေမယ့် မဂ္ဂဇင်းစာမျက်နှာပေါ်မှာ၊ ဂျာနယ်တွေမှာ မြင်ဖူးပါသည်။ နောက် သူတို့ရေးဖွဲ့သည့်ကဗျာတွေရဲ့ ပုံရိပ်တွေထဲမှာ။

ဆံပင်ရှည်ရှည်၊ မျက်မှန်ကြီးနဲ့ ညှဉ်းသိုးသိုး ဗိုသီဖတ်သီ။ အဲ ...ဆရာမောင်စိန်ဝင်း ငယ်ငယ်ကလို၊ ဆရာငြိမ်းကျော်၊ အကြည်တော်တို့၊ လင်းသိုက်ညွန့်တို့လိုကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပါဘူး။ စတိုင်လ်ကျကျ၊ စမတ်ကျကျ၊ ပဲများများနှင့်။

သူများထက်ထူး၊ ပုံမှန်ထက်တော့ထူးတာပဲ။

ရွှေပိုးအိမ်ဆိုတဲ့သူမကရော။

မိန်းကလေးတစ်ရာမှာ ကဗျာရူး၊ စာရူးတစ်ယောက်ပါ ကြေးဆို အဲသည် ၁% ထဲ ရွှေပိုးအိမ်ကို ထည့်ကြပေတော့။

သူမသည် ငယ်ငယ်ကတည်းက စာဖတ်သည်။ စာမျိုးစုံ ဖတ်နိုင်လာပေမယ့် ပိုးကမရပ်၊ ဖတ်တာများတော့ ရေးကြည့်ချင် လာသည်။

နောက် တက္ကသိုလ်စရောက်ကတည်းက အရှူးပိုးထ လိုက်တာ ယခု ကျောင်းပြီးချိန်ကျတော့ သည်ရန်ကုန်မှာပဲ သောင်တင်ရင်း အလုပ်တစ်ခုရှာနေဆဲပါ။

ကံကကောင်းချင်တော့ သူမရဲ့ကဗျာလေးများလည်း မဂ္ဂဇင်းစာမျက်နှာထက်မှာ တစ်ပုဒ်စ နှစ်ပုဒ်စ ပါလာလေသော အခါ –

သူငယ်ချင်းများပြောသလို –

နတ်ရူးဘုံမြောက်၊ ချေးခြောက်ကောက်စားတဲ့။ ပျစ်ပျစ် နှစ်နှစ် ပြောရက်လိုက်ကြတာလေ။

အဲ ... ရွှေပိုးအိမ်ဟာ ကိုယ်တိုင် စာရူး၊ ကဗျာရူး





ဖြစ်ပေမယ့် စာပေလောကအတွင်းသို့ တိုးဝင်နေမိပေမယ့် –

စာရေးဆရာ၊ ကဗျာဆရာတွေကို အလိုလိုရှိန်မိ၊ ကြောက်မိပါသည်။ ဒါဟာပဲ ရွှေပိုးအိမ်ရဲ့စိတ္တဇပေါ့။

ကွယ်ရာမှငေးပြီးတော့သာ မှတ်မိအောင်ကြည့်ထားမြဲ။ အခြားသော ကဗျာဆရာ၊ စာရေးဆရာမလေးများ၊ စာနယ်ဇင်းမ လေးများလို သွက်လက်ထက်မြက်ဖို့ဝေးစွ။

တစ်ကိုယ်တည်း ငေးချင်ငေး၊ ငေါင်ချင်ငေါင်။ လုပ်ချင် တာလုပ်နေရရင် ကျေနပ်နေသူ။

သူမက ကိုယ့်ကမ္ဘာကျဉ်းကျဉ်းလေးမှာပဲ ပျော်မွေ့လိုသူ။

မိဘက ငွေကြေးတတ်နိုင်တာထက် အဘွားရဲ့မောင် အဘိုးလေးက သူမတစ်ယောက်တည်းကိုကွက်ပြီး အမွေပေးထား သည့်အတွက် ဘတ်ဂျက်က လုံးဝ ပူစရာမလို။

လူငယ်မို့ အလုပ်တစ်ခုခုတော့လုပ်မှာပေါ့နော်။ သို့သော် လောလောဆယ် အနေအထားအရ ရွှေပိုးအိမ်ဟာ အငြိမ်းစား။ အဲ ... ကျောင်းပြီးလို့ အနားယူရင်း အလုပ်ရှာနေချိန်။

ထိုအချိန်လေးအကျိုးရှိအောင် သူမ စာတွေဖတ်လိုက်၊ ကဗျာတွေရေးလိုက်။ လောကရဲ့ နေပျော်စရာအကောင်းဆုံး ကာလလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုအနေအထားမှာ သူမတို့အဆောင်က မမကြီး ထားသက်ဝေက မနက်က သူမကို သတင်းပေးလာခဲ့သည်မှာ–

"ဟဲ့ ... စာတိုညို၊ ဒီညနေ ငါ့ဆီ ငါ့မောင်ဝမ်းကွဲ စာရေးဆရာ လာမယ်"

"ဟင် ... မမသက်ဝေမှာ မောင် စာရေးဆရာ ရှိတယ် ... ဟုတ်လား၊ တစ်ခါမှလည်း မပြောဖူးဘူး"

"ဪ ... နင် ဒီအဆောင်ရောက်တာရော ဘယ်နှစ်ရက် ရှိသေးလို့လဲ"

"ဘယ်သူလဲဟင်၊ သူက ဘာတွေရေးတာလဲ"

"အစုံရေးတယ်။ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ"

"အို ... တော်လိုက်တာနော်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ရေးတာလား။ ရွှေပိုးအိမ်တို့ဖြင့် ခုမှ ကဗျာလေး (၃) ပုဒ်လား ပါဖူးသေး"

"ဪ ... သူက စာရေးသက်ကြာပြီလေ။ နင် ကြားဖူးမှာပါ။ နိုင်သက္ကရာဇ်တဲ့"

"ဪ ... ဖတ်ဖူးတာပေါ့။ သူ့ဆောင်းပါးတွေ သတင်းစာမှာလည်း ပါတယ်လေ။ ခရီးသွားဆောင်းပါးတွေရော၊ ယဉ်ကျေးမှုတွေ၊ ကျောက်စာတွေရော ရေးတာ"





"ဟုတ်တယ်၊ သူက ဆောင်းပါး ပိုပြီးရေးဖြစ်တယ်။ ကဗျာတို့၊ ဝတ္ထုတို့ကတော့ နည်းနည်းပါးပါးပါ။ နင်ကလည်း ကဗျာရူး၊ စာရူးဆိုတော့ ငါက မိတ်ဆက်ပေးမလို့ပါ"

"သူက ဆရာကြီးဆိုတော့ ရွှေပိုးအိမ်ကို အရေးလုပ်ပြီး ခေါ်ချင်ပါ့မလား မမသက်ဝေရယ်။ သူက ခုမှ တစ်ခါပဲလာတာလားဟင်။ ဒီအဆောင်ထဲက မိန်းကလေးတွေကိုရော မိတ်ဆက်ပေးပြီးပြီလားဟင်။ သူကို အကုန်လုံးခင်ကြမှာပဲနော်"

ရွှေပိုးအိမ် ပူပူပင်ပင်၊ စိုးစိုးရွံ့ရွံ့တွေ ဖြစ်နေလျှင် ထားသက်ဝေ ရယ်မောရင်း –

"အမယ်လေးဟဲ့ ရွှေပိုးအိမ်ရယ် ... ငါ့မောင်က စာရေးဆရာဆိုပေမယ့် အကြည်တော်တို့လို လက်ဖျားငွေသီးနေတဲ့ ဘတ်ဆဲလား စာရေးဆရာမှ မဟုတ်တာ။ ပညာရပ်တွေပဲ စောက်ချရေးနေတာလေ။ ခေတ်မစားဘူးပေါ့ဟာ။ ခုခေတ်ကောင်မလေးတွေက တိုက်တွေ၊ ကားတွေ၊ ဥစ္စာခနတွေလောက်ပဲ အထင်ကြီးကြတာ။ ဘယ်သူမှ သည်းသည်းလှုပ်မနေဘူး။ နင်တစ်ယောက်တည်းသာ စာရေးဆရာနဲ့တွေ့ရမှာကို ရွှေထုပ်ကောက်ရသလိုမျိုး ဝမ်းသာနေတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းဟာ ကိုယ့်လိုမဟုတ်ပါလားဆိုသည့် အသိနှင့် ရွှေပိုးအိမ် ငြိမ်သွားရသည်။

လူဆိုတာ တန်ဖိုးထားမှုစံချင်းတော့ ဘယ်တူမလဲလေ။ အချို့သော မိန်းကလေးများက တိုက်တွေ၊ ကားတွေ၊ စိန်ရွှေ ရတနာတွေကို ပိုပြီး တန်ဖိုးထားမှာပေမယ့် –

ရွှေပိုးအိမ်ကတော့ စာရေးဆရာ၊ ကဗျာဆရာဆိုတာ တွေကို ပိုပြီး လေးစား၊ အားကျမိပါသည်။

"ကဲ ... ညနေကျ ရေမိုးချိုးပြီး အလှဆုံးလေး ပြင်ထား။ တစ်ခုတော့ သတိပေးပါရစေနော်။ ငါ့မောင်လေးကို အသည်းတွေ၊ အူတွေတော့ နုတ်မစားလိုက်ပါနဲ့လို့"

"ဟာ ... မမသက်ဝေကလည်းဗျာ။ ရွှေပိုးအိမ်က ပပဝတီလောက်လည်း လှမနေပါဘူး။ ပြီးတော့ ရွှေပိုးအိမ်က သူ့ကို ရိုးရိုးသားသားပဲ လေးစားမိ၊ ခင်မင်၊ အထင်ကြီးမိတာပါ"

"အေးပေ့ ... မောင်ပိုင်ရှင်ဆိုတော့လည်း ကြိုကြိုတင် တင် ပူရတယ်"

"စိတ်ချပါ မမရယ်။ ရွှေပိုးအိမ်က လူကြောက်တတ်ပါ တယ်။ တော်ရုံတန်ရုံနဲ့လည်း ပိုးအိမ် နှလုံးသားက မခုန်တတ် ပါဘူး"





"အင်း ... တော်ကြာမှ ရေစက်တွေ၊ ဖူးစာတွေပါပြီး မြင်မြင်ချင်း ချစ်သွားကြရင်တော့ ငါ့ကို ကျေးဇူးတင်ကြပေါ့"

"မမသက်ဝေတစ်ယောက်ဟာလေ ... ပြောလေ ဆိုး လေပဲ။ တော်ပြီ ညနေကျ သူ့ကိုမတွေ့တော့ဘူး"

"မလုပ်ပါနဲ့ဟယ် ... ငါ့မောင်တစ်ယောက်တည်း ကြောင်နေမှာစိုးလို့။ ခဏတော့ ညှော်ခံပေးထားပါ။ ငါက ဝိုင်းပြီးမှ လာမှာ။ နာရီဝက်လောက်လေးပါ နော်၊ နော်"

"ဟာ ... မမသက်ဝေကလည်း ကိုယ်ရှိမယ့်အချိန်ကျမှ လာခိုင်းရောပေါ့။ ပိုးအိမ်မှ သူ့ကိုမသိဘဲ။ မသိတဲ့လူနဲ့ စကား ဘယ်လိုလုပ်ပြောမလဲ"

"ကိစ္စမရှိဘူး၊ မပြောတတ်လည်း သူအဖော်ရအောင် ငုတ်တုတ်သာထိုင်ပေး၊ ရပြီ"

ရွှေပိုးအိမ် အီလည်လည်နှင့်ပင် ကတိပေးလိုက်ရသည့် အဖြစ်။

စာရေးဆရာဆိုတော့ အရက်သမားကြီးလား။ ဆံပင် ရှည်ကြီးနဲ့လား။ လူ့ခွစာကြီးလား။ တလားလားထဲတော့ ပါမှာပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ထားသက်ဝေ ... ညွှေ့သည်"

အောက်ထပ်မှ တစ်ယောက်ယောက်၏အသံကြောင့် ရွှေပိုးအိမ်ရင်ထဲ ဒိန်းခနဲ မြည်ဟီးသွားရ၏။ မမထားသက်ဝေဟာ ကျူရှင်တွေ၊ ဂိုက်တွေပြသည်မို့ သူ့ကို နာရီဝက်လောက် လွှဲခဲ့ပြီ မဟုတ်ပါလား။

လာမယ့်ဘေး ပြေးတွေ့ရမှာပါပဲ။ ရွှေပိုးအိမ် ထိုင်လိုက်၊ ထလိုက်နှင့် ၃-၄ ခါလောက် ပျာယာခပ်ပြီးမှ စိတ်ကိုတင်းပြီး မှန်တစ်ချက်ကြည့်လိုက်သည်။

ခါးထိရှည်သည့် ဆံပင်လေးကို စည်းထားပြီး ကချင်





ဝမ်းဆက်ပန်းနုရောင်လေးနှင့် သူမအသွင်က ခပ်ဖျော့ဖျော့။

အထူးပြုလုပ်ချက်တွေ တစ်ခုမှ မပါသည်မို့ ရွှေပိုးအိမ်ဟာ သဘာဝသယံဇာတလေးပေါ့။ သနပ်ခါး ရေကျဲလေးနှင့်။ ရိုးရိုးလေးပါပဲ။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေကို အလှူ မင်္ဂလာဆောင်သွားမှ၊ အပြင်သွားမှ သူမနည်းနည်းပါးပါး လိမ်းပါသည်။

သူမအလှက စံပယ်ကုံးလေးတစ်ကုံးလို။ နှင်းဆီလို၊ သဇင်လို၊ သစ်ခွလို အလှတွေ လျှမ်းလျှမ်းတောက်မနေပါ။

အဆင်ပြေရုံလေးပေါ့။

ရွှေပိုးအိမ် စိတ်ကိုတင်းပြီး ဖတ်လက်စသတင်းစာကို ယူလာမိသည်။

တစ်ခုခု ကိုင်စရာမပါရင် နေမထိ ထိုင်မသာ ဖြစ်တော့မှာ။

ဖြစ်ချင်တော့ သတင်းစာထဲမှာ သူရေးသည့်ဆောင်းပါး ပါသည်လေ။ ဖတ်လက်စပါ။

နိုင်သက္ကရာဇ်တဲ့။ ဘယ်လိုလူကြီးမျိုးလဲ။ သူမ အပေါ်ထပ်မှဆင်းတော့ အဆောင်ညွှေ့ခန်းထဲမှာ သူ့ကို ငုတ်တုတ်ကြီး တွေ့လိုက်ရသည်။

အရပ်ရှည်ရှည်၊ အသားဖြူဖြူ။



www.burmeseclassic.com

www.burmeseclassic.com



သာမန်ပေမယ့် ရွှေပိုးအိမ်မျက်လုံးထဲမှာ အလင်းဖြာနေသလို။

မြင်ရုံနှင့်သိသာသည့် သူ့ရဲ့ ရိုးသားမှု၊ ဖြူစင်မှု၊ ရိုးဂုဏ်။

လူတချို့ဟာ ရိုးသားကောင်း ရိုးသားနိုင်ကြပေမယ့် ဥပမိမှာပေါ်အောင် ရိုးသားတာမျိုးကျ ရှားသည်။

ဥပမာ–ဗိုလ်ချုပ်တို့၊ အမေစုတို့။ နောက် ဆရာကြီးမြသန်းတင့်၊ ပါရဂူ၊ မင်းကိုနိုင်။

စုံအောင်မမြင်ဖူး အကဲမခတ်ဖူးသည့်မို့ မြင်ဖူးသယောင်ပြောမိတာပါ။

ကြည့်ကောင်းသည့်ရုပ်ရည်နှင့် ကိုယ်ဟန်။ မြင်တာနှင့် ပညာရှင်ရုပ်တော့ထွက်ပြီးသား။

သူမထက်တော့ (၁၀) နှစ်လောက်ကြီးမှာပေါ့။

ရွှေပိုးအိမ် မငုံ့မရဲနှင့် အနားသို့ကပ်သွားတော့ သူက မတ်တပ်ရပ်ပြီး ကြိုဆိုရင်း –

"မမပြောထားပါတယ်။ သူ ဖုန်းဆက်ထားတဲ့ ရွှေ"

"ပိုးအိမ်ပါ ... ရွှေပိုးအိမ်"

"ကဗျာဆရာမဆို"

"ဟာ ... အဲလိုပြောလို့မရပါဘူး ဆရာ။ ပိုးအိမ်က





ခုမှ ကဗျာလေး ၃–၄ ပုဒ်ပဲ မဂ္ဂဇင်းတွေမှာ ပါဖူးတာပါ"

"ဒီလိုနဲ့ပဲ စကြရတာပေါ့။ ကလောင်နာမည် ဘယ်သူ"

"ဆရာ ကြားဖူးမှာမဟုတ်ပါဘူး"

"ကျွန်တော်က ရသအဖတ်နည်းတော့ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ... နောက် သတိထားပြီး ဖတ်ကြည့်ပေးမှာပေါ့"

"စူးရှတာရာပါ ဆရာ"

"ဩော် ... ကောင်းသားပဲ၊ မဆိုးပါဘူး"

"ဟုတ် ... ကျေးဇူးတင်ပါတယ်ရှင့်"

ညှိခန်းထဲမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားစမြည်ပြောဖြစ်ကြတော့ သူက ဦးဆောင်သူ။

သူ့အသံက နွေးထွေးပြီး အားရှိချင်စရာ။

"ဆရာတို့တုန်းကရော ရေးတာနဲ့ပါတာပဲလား"

"အင်း ... ဘယ်လိုပြောရမလဲ။ ကံပေါ့လေ။ ကံပါတော့လည်း အဆင်ပြေသွားတာပေါ့"

"ဆရာတော်လို့လည်း ဖြစ်မှာပါ။ ကံချည်းလွှဲချလို့ ဘယ်ဖြစ်မလဲ"

"ထားပါတော့ဗျာ။ ရွှေပိုးအိမ်လည်း ကြိုးစားပေါ့၊ ဖြစ်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... စာရေးဆရာတို့၊ ကဗျာဆရာတို့၊ အနုပညာရှင်တွေဆိုတာ ပန်းချီ၊ ပန်းပုတွေပါပေါ့၊ လုပ်ယူလို့၊ ဖန်တီးမွေးထုတ်ပေးလို့ မရဘူးဆို။ ပါရမီလည်း ပါရသေးတယ်တဲ့။ ပိုးအိမ်မှာ ပါရမီမပါဘူး ထင်ပါတယ် ဆရာရယ်"

ယခုမှမြင်ဖူးကြပေမယ့် စာပေသမားအချင်းချင်းမို့လား၊ ပြောစရာ ဘာသာစကားတွေ တူနေလို့လားတော့မသိ။

စကားတွေပြောနေမိကြတာ။ တကယ့်ငယ်ပေါင်း မိတ်ဆွေတွေနှယ်။

"ရွှေပိုးအိမ်မှာ ပါရမီပါမှသာ ဒီလိုစာတွေ၊ ကဗျာတွေကို ချစ်မြတ်နိုးတတ်တာပေါ့။ ခုခေတ်လူတွေက စာသိပ်မဖတ်ကြတော့ဘူးဗျ။ အဲ ... စာဖတ်ကြတော့ရော ... တဲ့။ စာဖတ်သူ (၁၀၀) မှာ ကဗျာဖတ်သူက (၁) ယောက်လောက်ပဲ ပါတတ်ကြတာ။ ရွှေပိုးအိမ် ပါရမီပါလို့သာ စာတွေ၊ ကဗျာတွေ ဖတ်ချင်စိတ် ရေးချင်စိတ် ရှိတာပေါ့"

"အားပေးတာ ကျေးဇူးပါဆရာ။ ပိုးအိမ်ကတော့လေ ငယ်ငယ်ထဲက ကဗျာရူး၊ စာရူးဘွဲ့ရခဲ့တာ။ ဒီအဆောင်ကလူတွေကလည်း ပိုးအိမ်ကို စာတိုညီတဲ့"

"ကောင်းတာပေါ့၊ စာရူး, ကဗျာရူးဆိုတာ အင်မတန်





ချစ်ဖို့ကောင်းပါတယ်ဗျာ"

"အင်"

"ဩော် ... ကျွန်တော်က ယောဘုယျပြောတာပါ။ ဆောရီးနော်၊ အဓိပ္ပာယ်တွေပြားစေရင် တောင်းပန်ပါတယ်"

"ဟုတ် ... ကိစ္စမရှိပါဘူး၊ ရပါတယ်"

"ရွှေပိုးအိမ်မှာ ရေးပြီးသား စာမူတွေရှိရင် ကျွန်တော့်ကို ပေးလိုက်လေ။ ကျွန်တော် ဖတ်ကြည့်ပေးမယ်"

ကိုယ့်ထက် (၁၀) နှစ်လောက် အနည်းဆုံးငယ်မည့် မိန်းမငယ်လေးတစ်ယောက်ကို လေးစားစွာပြောနေတာကိုက သူ့ရဲ့ယဉ်ကျေးမှုထင်ရဲ့။

"အားတော့နာတယ် ဆရာ"

"ဩော် ... ပေးမဖတ်ချင်ဘူးလား။ ဟုတ်တယ် ... ဟုတ်တယ်၊ တချို့က ကိုယ့်ကဗျာတွေ၊ စာတွေ ပေးဖတ်ရမှာ ရှက်တတ်ကြတယ်"

သူက နားလည်စွာပြောနေတော့ ရွှေပိုးအိမ်၏ မျက်နှာလေးမှာ နုနုနီနီ။

ကိုယ်မတောက်တစ်ခေါက်နှင့် ရေးထားသည့် ရသသီချင်းလေးတွေကို သူ့လိုဆရာကြီးက အထင်သေးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးအိမ် ဝမ်းနည်းနေမိတာ ဘာကြောင့်မသိ။

သူမ အောင်မြင်သော အဲ လူရာဝင်သော ကဗျာဆရာမ၊ စာရေးဆရာမလေးဖြစ်လာနိုင်ပါ့မလား။

ရွှေပိုးအိမ် စောစောက ရွှန်းလက်နေသည့် မျက်ဝန်းများ အရောင်ဖျော့သွားရလေပြီ။ အားငယ်စိတ်ဝင်သွားပြီမို့ ခေါင်းလေးငုံ့ကာ အသံတွေပင် တုန်ယင်လာပါ၏။

"ပိုးအိမ် ရေးထားတာတွေ ကောင်းမယ်မထင်ပါဘူး။ ဆရာဖတ်ကြည့်လောက်အောင် မကောင်းလောက်ပါဘူးရှင်"

"ဩော် ရွှေပိုးအိမ်ရယ် ... ဒီလိုပဲ စပြီးလျှောက်လှမ်းကြရတာပါပဲ။ ကိုယ် ကြည့်စမ်းပါရစေဦး။ နောက်ပြီး မဂ္ဂဇင်းတွေလည်း သင့်တော်သလို ပို့ပေးမယ်လေ။ ရွှေပိုးအိမ်ရေးထားတဲ့ ကဗျာတွေ၊ စာတွေ ကိုယ် နည်းနည်းပြင်ပေးလို့ရမလား"

"ဟာ ... ဆရာ တကယ်ပြောတာလား။ မဂ္ဂဇင်းတိုက်တွေမပို့ခင် ဆရာ edit လုပ်ပေးမယ်ဆို ပိုကောင်းတာပေါ့။ မဂ္ဂဇင်းတွေလည်း ပို့ပေးမယ်ဟုတ်လား။ ကျေးဇူးတင်လိုက်တာ ဆရာ။ ပိုးအိမ်မှာ လိုက်ပို့မယ့်အဖော်မရှိတော့ တစ်ယောက်တည်း အဆင်မပြေ"

"ဩော် ... ရွှေပိုးအိမ်စာရေးတာ ကွန်ပျူတာနဲ့ မဟုတ်ဘူးလား။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကို e-mail နဲ့ ပို့လို့ရတယ်လေ"

"ဟင် ... ပိုးအိမ်မသိပါဘူး ဆရာ။ စာရေးတာ လက်နဲ့ရေးတာပဲ"

"ကွန်ပျူတာ မရိုက်တတ်ဘူးလား။ ခေတ်လူငယ်တစ်ယောက်အနေနဲ့ တတ်သင့်တယ်လေ"

"ဟုတ် ... တတ်တော့တတ်ပါတယ်။ မကျွမ်းကျင်သေးတာ"

"ကျွမ်းကျင်အောင် လေ့ကျင့်လေ။ လက်တော့ပ်တစ်လုံးလောက်တော့ ရှိသင့်တာပေါ့"

"ဟုတ် ... ဟုတ်ကဲ့"

သူက ဆရာကြီးလုပ်ပြီး ဩဝါဒတွေ ပေးနေလျှင် ရွှေပိုးအိမ် ခေါင်းလေးတညိတ်ညိတ်နှင့် ပုတ်သင်ညိုမလေး ဖြစ်ရ၏။

"ကဲ ... ရွှေပိုးအိမ်ရေးထားတဲ့ စာမူတွေသွားယူ၊ ဆရာ့ကိုပေးလိုက်"

"ဟို"

"ဘာလဲ ... ပျောက်ကုန်မှာစိုးလို့လား"

"အင်း ... ဟိုလေ"




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ်မင်း ရွှေပိုးအိမ်ရယ်။ ဆရာ့ကိုများ ထင်ရက်တယ်။ သူများသာဆို ဆရာစိတ်ဆိုးပြီ"

"ကန်တော့ . . . ကန်တော့ပါဆရာ။ ဆောရီးပါနော်။ ဟိုလေ ပိုးအိမ်က သိပ်ပြီး လူမှုရေးတွေ နားမလည်လို့ပါ"

"ထား . . . ထားလိုက်ပါ"

"ရှင်"

"ဪ . . . ရွှေပိုးအိမ် မသိတတ်တာကို ဆရာ ခွင့်လွှတ်တယ်လို့ ပြောတာ။ စာမူတွေသွားယူချေ။ စာရော ညတိုင်း ရေးဖြစ်လား"

"ဟုတ် . . . ဆရာ၊ စိတ်ကူးပေါ်ရင် ရေးတာပဲ"

"ကောင်းတယ်"

သူ့ခွင့်ပြုချက်အရ ရွှေပိုးအိမ် ကိုယ်ရေးထားသည့် စာ၊ ကဗျာလေးတွေကို ဆရာ့လက်သို့ အပ်လိုက်ပါတော့သည်။

ထိုညနေက ဆရာတစ်နာရီခွဲလောက်နေသွားပြီး မမထားသက်ဝေကတော့ သူပြန်သွားပြီးမှ ပြန်ရောက်လာခဲ့ပါသည်။



## အခန်း (၃)

"ရွှေပိုးအိမ်"

"ဟုတ်ကဲ့ပါ၊ ဘယ်သူပါလဲရှင်"

"ဪ . . . ဆရာ့အသံ မမှတ်မိဘူးထင်တယ်"

"ဪ . . . ဟုတ် . . . ဟုတ်၊ ဖုန်းဆက်မယ်မထင်လို့ပါရှင့်။ ဆရာ ပိုးအိမ်ရဲ့ကဗျာလေးတွေ ဖတ်ကြည့်ပြီးပြီလား"

"ပြီးပြီ . . . မဆိုးပါဘူး"

"ဟင် . . . မဂ္ဂဇင်းတွေပို့ဖို့ စံချိန်မီရဲ့လားရှင်"

"ရွှေပိုးအိမ်မှာ ခံစားချက်တွေ၊ ဘာတွေလိုနေသေးလို့ ထင်တယ်။ ကဗျာလေးတွေက အသက်မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ...ဟို"

"ခေတ်ပေါ်ကဗျာတွေဆိုတာ ခံစားချက်တွေ၊ စေတနာတွေကိုရေးကြတာ မဟုတ်လား။ သူများကဗျာတွေလည်း ဖတ်ကြည့်။ ဆရာ ဒီတစ်ခါလာရင် ရွှေပိုးအိမ်ဖို့ ကဗျာစာအုပ်လေးတွေ ယူလာခဲ့မယ်။ သင်ရိုးညွှန်းတမ်းတစ်ခုလို လေ့လာကြည့်ပေါ့"

"အဲဒါဆို ကဗျာဆရာဖြစ်ရောလား"

"ဟောဗျာ ...ရွှေပိုးအိမ်ပဲ ဟိုတစ်နေ့က ပြောခဲ့တယ်လေ။ အနုပညာသမားဆိုတာ ဖန်တီးထုတ်လုပ်ပေးလို့ သင်ကြားလို့ မရဘူးဆို။ ပါရမီပါမှဆို"

"အင်းလေ ...ဟုတ်ပါတယ်။ ပိုးအိမ်ကြည့်ရတာ ပါရမီမပါဘူး ထင်ပါတယ်"

"ဒီလောက်လည်း အားမလျှော့ပါနဲ့ဦး။ ရွှေပိုးအိမ်မှာ ပါရမီအစွန်းအစလေးတွေ မြင်ရ တွေ့ရပါတယ်။ ပါရမီဆိုတာ ဖန်တီးယူလို့မရဘူးဆိုပေမယ့် အဲဒီပါရမီကို အရောင်တင်ပေးလို့တော့ ရပါတယ်ဗျာ။ နာမည်ကြီး ကဗျာဆရာတွေရဲ့ ရေးဟန်နဲ့ ရေးတဲ့အကြောင်းအရာတွေကို နည်းနည်းလောက်လေ့လာကြည့်လိုက်ပါ"





"ဟုတ် ...ကျေးဇူးပါ ဆရာ၊ ပိုးအိမ် လေ့လာပါ့မယ်။ ဆရာ ကဗျာစာအုပ်တွေ ဝယ်လာပေးမှာလား။ ဒီကျ ပိုးအိမ် ငွေပြန်ပေးပါ့မယ်နော်။ ဆရာ ဘယ်တော့ယူလာပေးမှာလဲဟင်"

"ဆရာတို့ရုံးက တနင်္ဂနွေတစ်ရက်ပဲ ပိတ်တယ်။ ပိတ်ရက်ကိုလာခဲ့မယ်"

"ဟင် ..တစ်ရက်တည်းပိတ်တယ် ဟုတ်လား။ ပိုးအိမ်က ဆရာနဲ့အတူ စာအုပ်တွေ လျှောက်ဝယ်ချင်တာ။ တနင်္ဂနွေဆိုတော့ ဆိုင်တွေပိတ်ရင် ဘယ်လိုလုပ်မလဲ"

ဆရာ့ကို အလိုလို စိတ်ထဲမှာ ရင်းနှီးနေမိတာမို့ စိတ်လွတ်၊ ကိုယ်လွတ် ပြောပြီးမှ ရွှေပိုးအိမ် နောင်တရမိသည်။ ဆရာတော့ ငါ့ကို အထင်သေးတော့မှာပဲ။ ရဲလိုက်တဲ့ကောင်မလေးဆိုပြီး။

ရွှေပိုးအိမ် တိခနဲ အသံရပ်သွားတော့ တစ်ဖက်မှရိပ်မိလေသလားမသိ။ ဆရာ့အသံ နွေးထွေးစွာပေါ်လာခဲ့သည်။

"မပိတ်တဲ့ဆိုင်တွေ ရှိပါတယ်။ ကဗျာစာအုပ်တွေ ဝယ်ချင်တာလား"

"ဖတ်သင့် ဖတ်ထိုက်တာတွေ အကုန်ပေါ့။ ဝယ်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ ... ဆရာ လာခဲ့မယ်။ အင်း ... နောက်ပြီးတော့ ရွှေပိုးအိမ်ကို ဆရာ အကြံတစ်ခုပေးချင်သေးတယ်"

"ရှင် ... ဟုတ်ကဲ့၊ ပြောပါဆရာ"

"ရည်းစားတစ်ယောက်လောက် ထားကြည့်ပါ"

"ရှင်"

သူ နောက်နေသလားရယ်လို့ သူမ အံ့အားသင့်ပြီး ကြောင်သွားတာအမှန်ပါ။ ပြီးမှ သူမ ဆင်ခြေတက်ရသည်။

"မနောက်ပါနဲ့ ဆရာရယ်။ ခုခေတ်ယောကျ်ားလေးတွေက အရမ်းကဲတာ။ ရည်းစားဖြစ်ပြီဆိုတာနဲ့ တစ်ခါတည်း ပါမစ်ချထားပေးတဲ့အတိုင်း တည်းခိုခန်းခေါ်ကြ၊ ဆိတ်ကွယ်ရာတွေခေါ်ကြနဲ့ အရမ်းကြောက်စရာကောင်းတာ။ မိန်းကလေးတွေရဲ့ အပျိုစင်ဘဝကို ချစ်သူဆိုတဲ့လူတွေကပဲ ဖျက်ဆီးပစ်ကြတာ"

"ဪ ... ရွှေပိုးအိမ်က ခံစားချက်နဲ့ကိုး။ ဒါကြောင့် ပိုးအိမ်ရဲ့ကဗျာတွေမှာ အလှရှာမတွေ့ဘဲ အာဃာတပါးကွက်သားတွေကို စိုးရွံ့တဲ့ခံစားမှုမျိုးတွေ ဖုံးလွှမ်းနေတာ"

"အင်"

ဟုတ်မှာပေါ့။ သူက ဆရာကြီးပဲ။ ရွှေပိုးအိမ်ရဲ့ ကဗျာတွေ၊ စာတွေကို ခွဲခြမ်းစိတ်ဖြာတတ်မှာပေါ့။





"ကဲ ကဲ ... လာမှ စာအကြောင်း၊ ပေအကြောင်းတွေ ဆွေးနွေးကြတာပေါ့။ ရွှေပိုးအိမ်ရဲ့စာတွေ၊ ကဗျာတွေ အသက်ဝင်လာအောင် ချစ်သူတစ်ယောက်လောက်တော့ ထားသင့်တယ်။ ဆရာက အကြံပေးတာပါ"

"ဆားနဲ့ပဲစားပါ့မယ် ဆရာ။ ရွှေပိုးအိမ် အေးအေးပဲ နေပါရစေ"

"ဒါ အချစ်နဲ့မတွေ့သေးလို့ ပြောတဲ့စကားပါ။ ဆေး မစားမိပုံပေါ့"

"ဆေးလည်း စားပြီးရော လူလုံးမလှ၊ အပူလုံးကြွ၊ ဘယ်သူတုန်းဟဆိုပြီး ရွှေပိုးအိမ်ဘဝ ပျက်သွားရမှာပေါ့ ဆရာ"

"ဒီလောက်လည်း မကြောက်ပါနဲ့ ရွှေပိုးအိမ်ရယ်။ မင်းပြောတဲ့အတိုင်းဆို ချစ်ခြင်းမေတ္တာဆိုတာ ဘယ်သွားထားမလဲ။ ချစ်တတ်တဲ့ကောင်တွေအားလုံး ကြာကူရီသမားတွေဖြစ်ရတော့မှာလားကွာ"

"ဆွမ်းဆန်ထဲ ကြွက်ချေးရောမှို့ မရွေးတတ်ပါဘူးဆရာ။ ဖုန်းချထားလိုက်နော် ဆရာ"

"ဂွတ်လပ်ပါ ... ရွှေပိုးအိမ်"

ဖုန်းအကြာကြီး ပြောနေဖြစ်သည့် ရွှေပိုးအိမ်ကို မမ



www.burmeseclassic.com

www.burmeseclassic.com



ထားသက်ဝေက ပြုံးကြည့်နေတော့ သူမမှာ မလုံမလဲ။

"ဆရာက ပိုးအိမ်ရဲ့ကဗျာတွေကို မဂ္ဂဇင်းတိုက်တွေဆီ ပို့ပေးပြီးပြီတဲ့။ သူက e-mail နဲ့ပို့တာဆိုတော့ ပိုးအိမ်တို့လို လမ်းစရိတ်မကုန်တော့ဘူးပေါ့နော်"

"အမယ်လေးဟဲ့ ... ဒါများ အဆန်းလုပ်လို့။ နင်ပဲ အထင်တွေစွတ်ကြီးနေ"

"ဆရာက တနင်္ဂနွေတစ်ရက်ပဲ ရုံးပိတ်တယ်တဲ့။ သူက စာရေးဆရာမဟုတ်လား။ ဘာရုံးတွေတက်ရတာလဲဟင်"

"ကောင်မလေးတစ်ယောက်တော့ မရှိဘူးဟေ့။ ငါ့ မောင်အကြောင်းတွေ တစ်ဖက်လှည့်နဲ့ စုံစမ်းစစ်ဆေးနေပြီ"

"မဟုတ်ပါဘူး မမရယ်။ ပိုးအိမ်မသိလို့ မေးတာပါ။ မပြောလည်းနေပါ။ ကိစ္စမရှိပါဘူး"

"ကာယကံရှင်ကို မေးပေါ့ဟဲ့။ သက္ကရာဇ်က သူ့ အကြောင်းတွေပြောရင် မကြိုက်ဘူး"

"သူ့မှာ ဘာလျှို့ဝှက်ချက်တွေ ရှိလို့လဲဟင်"

"လျှို့ဝှက်ချက်ရယ်တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူ ငယ်ငယ်က ချစ်ဦးသူ ဆုံးရှုံးခဲ့ရဖူးတာတွေ၊ ဘာတွေ ... ဟာ ... ငါ ဘာတွေပြောမိပါလိမ့်။ ငါကလည်း အာချောင်လိုက်တာ"





သူ့ပါးစပ်သူပိတ်ရင်း မမထားသက်ဝေ မျက်လုံးပြူးနေပေမယ့် ရွှေပိုးအိမ်ကတော့ အတင်းရအောင်မေးတာပဲ။

"ဟင် ... အဲဒီအကြောင်း ပိုးအိမ်ကိုပြောပြစမ်းပါနော်၊ မမနော်။ ပိုးအိမ် မမကို ခေါက်ဆွဲကြော် ဝယ်ကျွေးပါ့မယ်"

"အံမာ ... ငါက ခေါက်ဆွဲကြော်တစ်ထုပ်နဲ့ ကိုယ့် မောင်ကို ရောင်းစားစရာလား၊ ပြောဘူး"

"ဒါဆိုလည်း ဝယ်မကျွေးတော့ဘူး၊ အလကားကြေး ပြော"

"အေး ... အဲဒါကမှ လူကြားကောင်းဦးမယ်။ ဒီလိုဟဲ့ ... နိုင်သက္ကရာဇ် အသက် (၂၀) လောက်က သိပ်ချစ်ရတဲ့ ချစ်သူလေး ရှိခဲ့ဖူးတယ်။ သူတို့နှစ်ယောက်ကြည့်ရတာ ဘေး ကတောင် စိတ်ချမ်းသာရတယ်။ နှစ်ယောက်သား မေတ္တာတွေယို ဖိတ်ပြီး ဘေးကို လျှံထွက်နေတယ်တောင် ထင်ရတယ်"

"ဘယ်လိုမျိုးမို့လဲဟင်"

"ဟိုက သူ့ထက် (၄) နှစ်ငယ်တယ်လေ"

"ဩော် ... (၁၆) နှစ်အရွယ်လေးပေါ့"

"အင်း ... ဟုတ်တယ်၊ သူတို့က ငယ်ချစ်တွေ။ အိမ်နီး ချင်းတွေ။ ကလေးဘဝကတည်းက အရမ်းခင်မင်ရင်းနှီးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်”

ရွှေပိုးအိမ်အသံက ခွေးခွေးမြည့်မြည့်ပုံပေါက်သွားလျှင် ထားသက်ဝေ မျက်ခုံးပင့်သွား၏။

“ဘာလဲ …နင်က ငိုတော့မလို့လား။ နင်တို့နှစ်ယောက် တစ်ခါပဲ တွေ့ရသေးတာနော်၊ မပိုနဲ့”

“ဖုန်းတော့ နေ့တိုင်းလိုလို ဆက်ဖြစ်နေတာပဲ”

“ဆက်ခါမှ ဆက်ရောအေ၊ ယောကျ်ားတွေရဲ့သဘောက လွယ်ရင် တန်ဖိုးမထားတတ်ဘူးနော်။ နင့်ကို ပရိုပို့စ်လုပ်တောင် တစ်နှစ်လောက်အချိန်ဆွဲပြီးမှ အဖြေပြန်ပေး”

“အင် …မမကလည်း ဒီကြားထဲ သူ့ကိုအခြား ကောင်မလေးတွေက ဖြတ်ကြိုက်သွားတော့ ဘယ်လိုလုပ်မလဲ”

“ဟင် …ကြည့်စမ်း၊ ကြည့်စမ်း။ အပြောတောင် မခံဘူး။ ငါက စေတနာနဲ့ အကြံပေးတာ။ တော်ကြာမှ မျက်ရည်နဲ့ ဒူးနဲ့ သုတ်နေရလိမ့်မယ်နော်”

“သူကလည်း ပိုးအိမ်ကို ဘာမှမပြောသေးပါဘူး မမရယ်”

“ဟဲ့ …နင်တို့တွေ့ကြတာ ၁–ရက်၊ ၂–ရက်ပဲ ရှိသေးတယ်လေ”





“အင်းပါ …သဘောပြောတာပါ”

“ဒုက္ခပါပဲ ရွှေပိုးအိမ်ရယ် …ငါတွေ့ပေးတာ မှားပြီထင်တယ်”

“ဘာဖြစ်လို့လဲဟင်၊ ဆရာက ဆိုးလို့လားဟင်”

“မဆိုးပါဘူး၊ ဒါပေမဲ့ …သူက ခရီးအရမ်းထွက်တာ။ သုတေသနဌာနမှာ လုပ်တာဆိုတော့ ရုံးအဖွဲ့နဲ့သွားလိုက်၊ သူ့ဘာသာသွားလိုက်နဲ့။ နင် သူ့ကိုကြိုက်မိရင် လင်ပန်းဖင်ဆုပ်မိသလို ဖြစ်နေမှာ”

“ရပါတယ် မမရဲ့ …ကဲ ဆက်ပြော။ သူတို့နှစ်ယောက်အကြောင်း”

“ဩော် …ဒုက္ခ ဒုက္ခ၊ ပိုးက မသေးပါလား။ စာတိုသို့မနော်။ စာရှူး,ပေရှူးကနေ အချစ်ရူးလည်း ဖြစ်သွားဦးမယ်”

“မဖြစ်ပါဘူး မမရဲ့။ ပြော ဆရာတို့ချစ်သူနှစ်ယောက်အကြောင်း”

“အင်း …နုငယ်လေးကလည်း အရမ်းချစ်စရာကောင်းတာလေ။ ကလေးလေးလိုပဲ။ ဂါဝန်လေးတလွင့်လွင့်နဲ့ အရမ်းဖြူစင်တာ”

“ဩော် …ဆရာ သူ့ကို သိပ်ချစ်ခဲ့မှာနော်”



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ . . . ဟိုကလည်း ချွဲတတ်လိုက်တာ။ သူ့အိမ်မှာ အငယ်ဆိုတော့ဖလေ"

"အင်းပေါ့"

"ချောကလည်း ချောချောလေး။ အသားဖြူဖြူညိုညိုလေးနဲ့ မျက်လုံး၊ မျက်ခုံး၊ နှာတံလေးတွေကအစ အရုပ်ကလေးလိုပဲ"

"ဩော်"

ရွှေပိုးအိမ် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိပြန်သည်။ သူမလည်း မိန်းမချောလေးတစ်ယောက်ပါ။ သို့သော် အသက်က နှစ်ဆယ်။ နုငယ်လေးလို (၁၆) နှစ်မဟုတ်။ အများကြီး ရင့်နေပြီ။

"သူတို့စုံတွဲကြည့်လိုက်ရင် စိတ်ချမ်းသာစရာကောင်းတယ်။ ဒါပေမဲ့ ကံကြမ္မာကြီးက ကြောက်စရာကောင်းလွန်းလှပါတယ်ကွယ်"

"ဟင် . . . ဘာ ဘာဖြစ်လို့လဲဟင် မမ။ ဆရာနဲ့ နုငယ်လေး မဆုံဆည်းဖြစ်ကြဘူးလား"

"မဆုံဆည်းဖြစ်ကြဘူး။ တစ်နေ့ နိုင်သက္ကရာဇ် ကျောင်းပြန်တော့ လိုက်ပို့ရင်းနဲ့ အပြန်မှာ ကားတိုက်ခံလိုက်ရတယ်"

"အို"

"သက္ကရာဇ်ဆိုတာ အရှုံးကြီးတစ်ပိုင်းပါပဲကွယ်။ ဘေးက





ကြည့်ရ၊ မြင်ရတဲ့လူတွေလည်း စိတ်မချမ်းသာပါဘူး"

"ဆရာ သနားပါတယ်နော်။ သိပ်ချစ်ကြရဲ့နဲ့ လက်မထပ်ဖြစ်ခဲ့ကြရရှာဘူး။ ဒါကြောင့်လည်း သူ့ကဗျာ၊ သူ့ဝတ္ထုတိုတွေမှာ အဆွေးဓာတ်တွေ စီးမျောနေခဲ့တာနေမှာ"

"အဲဒီနောက်ပိုင်း သူလည်း အချစ်မရှာတော့ဘဲ နေလာခဲ့လိုက်တာ။ အခုတော့ မမဆီလည်း လှမ်းပြီး ရွှေပိုးအိမ်အကြောင်းတွေ မေးလိုမေးနဲ့။ အင်းလေ၊ ဆယ်စုနှစ်တစ်စုလောက် ကြာခဲ့ပြီဆိုတော့လည်း သူ့ဘဝအတွက် အဖော်မွန်၊ လက်တွဲဖော်ဆိုတာ ရှိသင့်ပါပြီ"

"စိတ်မကောင်းလိုက်တာ မမရယ်။ ဆရာတို့ချစ်သူနှစ်ယောက်ကို ဆုံစည်းစေချင်လိုက်တာ"

"ကဲ . . . ပြီးတာတွေ ပြီးစေတော့ မမ။ ကိုယ့်အကြောင်းပဲ ကိုယ်စဉ်းစား"

"ဘာမှစဉ်းစားစရာမလိုပါဘူး မမရယ်"

"အံမယ် . . . နင်တို့ (၂) ယောက် တနင်္ဂနွေနေ့မှာ လျှောက်သွားကြမလို့ဆို"

"ဘယ်သူပြောလဲ"

"သူပြောတာပဲလေ။ ရွှေပိုးအိမ်နော် . . . ငါက ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်ဖြစ်ပေမယ့် နင့်ကို စေတနာရှိလို့ အကြံပေးနေတာ။ ယောက်ျားဆိုတာ တအားမလိုက်လျောရဘူး။ ကိုယ်က ဘယ်လောက်ပဲ တန်ဖိုးရှိရှိ တန်ဖိုးမထားဖြစ်တတ်တယ်''

"အင်းပါ ... မမသက်ဝေရယ်။ ပိုးအိမ်ကရော ဆတ်စလူးမွှိုလို့လားရှင်။ ပိုးအိမ် ဘယ်ယောက်ျားလေးနဲ့မှလည်း မရောဘူး။ သူငယ်ချင်းမရှိဘူး''

"အေးပါ ... ငါက နင်ခံသွားရမှာစိုးလို့ ပြောပြတာ''

ရွှေပိုးအိမ် မမထားသက်ဝေကိုငေးရင်း ကိုယ့်အတွက် ပြောနေတာလား။ သူ့မောင်အတွက် ပြောနေတာလားဟုပင် သံသယဝင်နေမိသည့်အဖြစ်။

❁ ❁ ❁



## အခန်း (၄)

တနင်္ဂနွေနေ့ကတော့ ရွှေပိုးအိမ်အတွက် ခြေဖျား လက်ဖျားတွေ အေးစက်နေရသည့်နေ့။

ဆရာက မနက် (၈) နာရီမှ လာခေါ်မည်ဆိုတာတောင် မနက် (၆) နာရီလောက်ကတည်းက ရေချိုး၊ အလှပြင်။

ခါတိုင်း သနပ်ခါးရေကျဲသာလူးသည့် မမက မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေလုပ်လာတော့ အဆောင်ဖော်များက ပြုံးစေ့စေ့။

"ဒီနေ့တော့ ရွှေပိုးအိမ် အမြီးထွက်တဲ့နေ့ပေါ့''

"စာတိုင်ညီလို့တော့ ဝန်ဖင်းမင်းရာဇာနဲ့ တွေ့တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒါတစ်ယောက်တည်းပဲလေ"

"ဟော ... သိပါဘူး၊ ငါက တစ်ယောက်စီမှတ်လို့"

အဆောင်ဖော်တွေ ဘာပြောပြော ရွှေပိုးအိမ်အလှဆက်ပြင်ရသည်။ အလွန်အကျွံတွေ မဟုတ်ပေမယ့် မိတ်ကပ်ပါးပါး၊ နှုတ်ခမ်းနီပါးပါးနှင့်ပင် သူမအသွင်က ထင်ထင်လင်းလင်း။

မျက်ခုံး၊ မျက်တောင် သန့်စွမ်းပြီးသားမို့ ဆေးကူစရာမလို။ သွားပွတ်တံလေးနှင့် ခြစ်လိုက်ရုံ။

နောက် ဗေဒါဖျော့ရောင် ကချင်ဝမ်းဆက်လေး ဝတ်လိုက်တော့ ရွှေပိုးအိမ်အသွင်က ယဉ်ယဉ်လေး။

ဒါလည်း အဆောင်သူတွေအလွတ်မပေး။

"စတိုင်လ်ကတော့ လူကြီးကြိုက်စတိုင်လ်ဟေ့"

"အေးလေ ... သူ့ဆရာက လူကြီးဖြစ်နေပြီပဲဟာ"

တစ်ယောက်တစ်ပေါက်အသံများကို ကျောခိုင်းပြီး ရွှေပိုးအိမ် အိတ်အဖြူလေးလွယ်၊ ကတ္တီပါဖိနပ်လေးစီးလိုက်ပါသည်။

အဆောင်ရှေ့သို့ လည်ပင်းဆန့်လိုက်တော့ ဆရာရောက်လာသဖြင့် ရွှေပိုးအိမ်ရင်ထဲ ဒိတ်ခနဲ လင်းလက်သွားရသည်။

သူမ မည်သူ့ကိုမျှ နှုတ်မဆက်နိုင်တော့ဘဲ အပြေး





ကလေး ဆင်းပြေးလိုက်တာ ဆရာ ဆီးဖမ်းထားလို့သာ ကမ္ဘာအပြင်ဘက်မရောက်တာ။

"မရှုပ်တေးတို့ကတော့ လုပ်ချလိုက်ပြီ"

အဲလိုတော့ မထွေးလိုက်ပါနဲ့ ဆရာရယ် ... နော်၊

✹

ဆရာက ရှေ့မှ တလွှားလွှားနှင့် သွားနေတော့ ရွှေပိုးအိမ်လည်း အပြေးတစ်ပိုင်း လိုက်ရသည်။

နောက် ဆရာက ကားတစ်စီးပေါ်သို့ တက်တော့ ရွှေပိုးအိမ်လည်း လိုက်တက်ရသည်။

ကားက လူကျပ်တာမို့ သူမနှင့်ဆရာတို့ လူကြားထဲမှာ ညှပ်နေရသည်။ တော်သေးတာက ရွှေပိုးအိမ်ရဲ့တစ်ဖက်မှာ အဒေါ်ကြီးဖြစ်နေလို့ပါပင်။

သည်မှာဘက်ကတော့ ဆရာ။

အဒေါ်ကြီးက ခြေးတွေနှင့် ညစ်ညစ်ပတ်ပတ်မို့ ရွှေပိုးအိမ် ဆရာ့ဘက်သို့သာ ဖိကပ်တိုးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ပိုးအိမ်၊ လူချင်းထိကပ်နေရပုံက ခန္ဓာကိုယ်တစ်ခြမ်းစီ။ ကော်နှင့်ကပ်ထားသည့်နှယ်။ လက်မောင်းချင်း၊ ခါးချင်း၊ ပေါင်ချင်းထိစပ်နေရတာ။

သူများဆိုလျှင် သူမ ဒီလောက်ထိတော့ ထိစပ်ခံမှာ မဟုတ်ပါ။ ကိုယ့်ရင်ထဲကဆရာမို့ ခန္ဓာကိုယ်တစ်ခြမ်းစီ ထိကပ်နေမိတာ။

သဘာဝမဟုတ်တာမို့လား။ ရွှေပိုးအိမ်ကပဲ မရိုးသားလို့လားမသိ။ သူမရင်တွေ တလှပ်လှပ်နှင့် တုန်ရီလှိုက်မောလာသလို။

ဆရာရယ်။

မမသက်ဝေပြောကတည်းက သနားနေမိတာ။

အသားမာတက်ခဲ့သည့် ကွဲကြေနှလုံးသားပိုင်ရှင်ကြီးကို ရွှေပိုးအိမ် အသည်းနှင့်အောင် သနားနေမိတာ။

သူမအဖြစ်က

မဆွတ်ခင်ကပင် ညွှတ်ချင်နေမိတာလား။

ဒါမှမဟုတ် ယုန်ကမတိုး ပိုက်ကတိုးချင်နေမိတာလား။

မသိနိုင်တော့ပါ။

ရွှေပိုးအိမ် ဆရာ့ကိုယ်သင်းနံ့ကို နီးကပ်စွာ ရှူရှိုက်မိရ





ပြန်တော့လည်း ရင်တွေက တငြိမ့်ငြိမ့်ခုန်လှုပ်ရပြန်ပြီ။

ခက်တော့တာပဲ။ ငါတော့ တစ်ယောက်တည်း ပွဲချင်းပြီးတော့မယ်။

သေလိုက်ပါရစေတော့ လောကကြီးရယ်။ ယောကျ်ားလေးကမစဘဲ မိန်းကလေးဘက်က ရင်ခုန်လှုပ်ရှားနေမိတာတကယ့်ကိုရှက်စရာ။

သူ မသိအောင် ဖုံးဖိထားရတာလည်း လုံပါ့မလား။

“ဆင်းမယ်”

မှတ်တိုင်မှာဆင်းကြတော့လည်း ဆရာက ရှေ့မှ ဆင်းသွားပြီး သူမကို ရပ်စောင့်သည်။ သူများစုံတွဲတွေလို ဖေးမခြင်း မပြု။ အေးလေ ငါနဲ့ဆရာကလည်း ချစ်သူတွေမှ မဟုတ်သေးတာ။

နှစ်ယောက်အတူလည်း ယှဉ်တွဲမလျှောက်ပါ။ ရှေ့ဆင့်နောက်ဆင့်သာ။ သူမက ခရီးသွားလေ့မရှိတာရယ်၊ ငေးတတ်တာရယ်ကြောင့် သူ့ဖိနပ်ကို နင်းမိတဲ့အခါ နင်းမိ၊ သူ့ကို တိုးမိတဲ့အခါ တိုးမိ။

“အာ ...ဆောရီး ...ဆောရီးပါ ဆရာ။ ပိုးအိမ် မမြင်လို့ပါနော်”



www.burmeseclassic.com

www.burmeseclassic.com



"လာ"

သည်တော့မှ ဆရာက ပိုးအိမ်ရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး သွားလိုရာကို လျှောက်သွားတော့တာ။

ဘုရားရေ။

ဆရာ ငါ့ကို တစ်မျိုးထင်တော့မှာပဲ။

သူ့ လက်ကိုင်တာခံချင်လို့ တမင်ထွင်နေတယ်၊ ခွင်ဆင်နေတယ်လို့များ ထင်သွားမလား။

သူ့လက်ထဲမှ ကိုယ့်လက်ကလေး ဖောခွဲတွေပြန်လာပေမယ့် သူမ မရုန်းရဲ။ တော်ကြာ ကြီးကျယ်တယ်ထင်ချင်ထင်နေမှာ။

နှစ်ယောက်အတူ စာအုပ်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ပြီး ဆရာက ရွှေပိုးအိမ်အတွက် ကောင်းနိုးရာရာ စာအုပ်လေးများ ရွေးပေးသည်။ ကဗျာစာအုပ်လေးတွေ ရွေးပေးသည်။

မင်းကိုနိုင်ရဲ့ ကဗျာစာအုပ်၊ မောင်ပေါ်ထူးနှင့်မသံသာ ဝတ္ထုတိုပေါင်းချုပ်လေးတွေရော ဆရာက ရွေးပေးသည်။

"မင်းကိုနိုင်ရဲ့ကဗျာတွေ၊ ဝတ္ထုတိုတွေက တမူထူးခြားတယ်။ သူ့ရဲ့ နှုးညံ့မှု၊ ဖြူစင်ရိုးသားမှုနဲ့အတူ သူ့စေတနာတွေ၊ တစ်ထမ်းကြီးထင်ဟပ်နေတာ အရမ်းလှပဲ။ ရွှေပိုးအိမ်လည်း





အဲလိုဖြစ်အောင် ကြိုးစားပါ"

"ဟာ ... ဆရာကလည်း မနိုင်းအပ် မနိုင်းရာတွေ လာနှိုင်းရတယ်။ ဟိုက စာပေမှာ၊ အနုပညာမှာ ဘုရားလောင်းလောက်ကို ပါရမီပါလာတာ။ ပိုးအိမ်တို့က ပါရမီတောင် ပါရဲ့လားမသိ"

"ပြောလိုက်ရင် ဆင်ခြေသိပ်များတာပဲ။ အောင်မြင်ချင်တဲ့သူဆိုတာ ဝီရိယလည်းရှိရမယ်၊ ငါဖြစ်ချင်တယ် ဖြစ်ချင်တယ်ဆိုပြီး ပါးစပ်ကအော်နေရုံနဲ့ ဖြစ်လာတာ မဟုတ်ဘူး"

"အင်းပါ ... ပိုးအိမ် သိပါတယ် ဆရာရဲ့။ လာ ... ထမင်းစားကြရအောင်"

"စကားကို လမ်းလွှဲပစ်တယ်။ ပိုးအိမ်က ဆရာ့စကားကို ဂရုမစိုက်ဘူး၊ အလေးမထားဘူး"

"ဟာ ... ဆရာကလည်း အမှုလေးအောင် လုပ်နေပြန်ပါပြီ။ ဆရာ့ကို ပိုးအိမ်လေးစားတာပေါ့ဗျာ။ လေးစားတာမှ ထိုင်ရှိခိုးဆိုတောင် ခိုးလိုက်ဦးမှာ"

"မငေါ့နဲ့နော်"

"ခြော်ဗျာ ... မငေါ့ပါဘူး။ ပိုးအိမ် ထမင်းဆာတယ် ဆရာရယ်။ ထမင်းဆိုင်သွားရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူပင် ဦးဆောင်ပြီး ဆိုင်ထဲဝင်ကာ ထမင်းစားခဲ့ကြပါသည်။ ပြီးလျှင် ဆရာက –

"ဘယ်သွားချင်သေးလဲ၊ အဆောင်ပြန်ပို့ရမလား"

"ဘုရားသွားဦးမယ်လေ၊ ရွှေတိဂုံ"

"နေ့လယ်ကြီး"

"ဘုရားရင်ပြင်တော်ပေါ်ကျ အေးသွားမှာပေါ့"

"ကဲ ... ဒါဆိုလည်း သွားကြစို့"

ဆရာက ရှေ့မှသွား၊ ရွှေပိုးအိမ် နောက်လိုက်ရပေမယ့် သူမရင်ထဲ။

ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာလိုက်ပါရတယ်လို့ စိတ်ကူးတောင်ယဉ်မိသေး။

ရွှေချက်က မသေးဘူးနော်။

❋ ❋ ❋



# အခန်း (၅)

Fb ဆိုတာလည်း မြားနတ်မောင်လေးပါ။

Fb မှာ လိုရာသုံးလို့ရသည်။ စာ၊ ကဗျာတွေဖတ်လို့ရသလို နိုင်ငံရေးတွေလည်း သိရသည်။ နောက် သတင်းတွေ။

Fb ယဉ်ကျေးမှုဟာ တန်ဆေး၊ လွန်ဘေးဆိုသလို ကလေးတွေ၊ စိတ်မထိန်းနိုင်သူတွေအတွက်တော့ စွဲလမ်းမှုပြင်းပြီး ကျောင်းစာတွေ၊ အလုပ်တွေ အနှောင့်အယှက်ဖြစ်စေမည့် Fb။

နောက် သတင်းတွေ၊ နိုင်ငံရေးတွေကလည်း ချင့်ယုံရသည့်အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



Fb ဟာ မြစ်ရေနှင့်နှိုင်းရမည်ဆိုလျှင် အမှိုက်သရိုက်တွေ တသောသောနှင့် မျောချင်ရာမျောလာသည့်ရေ။

ဒါကို Fb သုံးသူတွေက ရေစစ်နှင့်တူသည့် ဦးနှောက်ဖြင့် စစ်ယူခွဲခြမ်းစိတ်ဖြာဖို့တော့လိုသည်။

ရွှေပိုးအိမ်လည်း fb သုံးပါသည်။ နေ့လယ်က ဆရာ့ acc နှင့် ချိတ်ဆက် fri ဖွဲ့လိုက်ပြီးမို့ ညကျတော့ ဆရာ့ထံမှ ဆက်သွယ်လာခဲ့သည်။

Messager box မှပေါ့။

အပြန်အလှန်စာရိုက်ပြီး စကားတွေပြောရ၏။ ပြောရင်းပြောရင်းနှင့် ချစ်သူတွေဖြစ်သွားကြတာ ပွဲချင်းပြီးပါပဲ။

ရွှေပိုးအိမ်၏ အကင်းမပါးမှုနှင့် ဆရာ၏လည်ဝယ်မှုတို့ ကြောင့်လားပင်မသိ။

ဆရာက ရွှေပိုးအိမ်၏ရင်ထဲမှ ခံစားချက်ကို အမှန်အတိုင်း သိသွားတာတော့ အသေအချာ။

ရှေ့လျှောက်ပြီး ဘာတွေဖြစ်လာဦးမှာလဲ။ မမှတ်ထားသက်ဝေ ပြောသလို တစ်နှစ်လောက်အချိန်ဆွဲမထားလို့များ ဆရာ တန်ဖိုးထားထားပါ့မလား။

ရွှေပိုးအိမ် မပျော်ပါ။ ရင်ထဲမှာ လေးနေတာတော့အမှန်။





ဆရာ့မှာ သိပ်ပြီးချစ်ခဲ့ရတဲ့ နုငယ်ဆိုတဲ့ (၁၆) နှစ်သမီး ချစ်သူလေးရှိခဲ့ဖူးတယ်။

ဆရာက သိပ်ပြီး မကြွင်နာတတ်ဘူး။ လမ်းသွားတာတောင် အတူယှဉ်တွဲမသွားဘဲ ရှေ့မှလျှောက်တယ်။ အေးလေ၊ အဲဒီတုန်းက ငါတို့ချစ်သူတွေ မဖြစ်သေးလို့လည်း ဖြစ်မှာပေါ့။

ငါက သူ့ကို အရမ်းစူးနစ်နေမိပြီ။

ငါ့ရင်ဘတ်ထဲကို မြားတဆုံးနစ်ဝင်ခဲ့ပြီ။

ချစ်သူရေ။

တစ်တောလုံးမွှေးအောင် ပွင့်ပေးနေတဲ့

ကျွန်မရဲ့အချစ်ပန်းပွင့်လေးကို

ချစ်သူ တန်ဖိုးထားပါနော်။

မောင့်ခြေရင်းမှာ ခရေလို ကြွေဆင်းပေးမိပေမယ့်

ငင်မြင့်စံငွေသဇင်လေးလို

မောင်တန်ဖိုးထားတာ ခံယူချင်မိတာ

ကျွန်မရဲ့အတ္တပါ။

မောင် နားလည်ပေးပါနော်။



www.burmeseclassic.com

www.burmeseclassic.com



ယခုဆို ရွှေပိုးအိမ်ရဲ့ကဗျာလေးတွေ အသက်ဝင်လာခဲ့ပြီ။

ဆရာ့ကိုချစ်သည့်အချစ်များဖြင့် သူမ၏ စာ၊ ကဗျာတွေ အသက်ဓာတ်ဝင်လာခဲ့ပါပကော။

ဆရာရေ။

အချစ်ကြောင့် ခံစားရတဲ့ ဒုက္ခ၊ သုခ။

ရင်ထဲမှာ ပျော်နေရင် ပျော်စရာအချစ်ကဗျာလေးတွေ ရမယ်။

ရှေ့ရေးကိုတွေးပြီး ကျွန်မရင်ထဲ ဆွေးလျှသွားရင်တော့ သနားစဖွယ် ဝမ်းနည်းပက်လက် အချစ်ကဗျာလေးတွေ ရပြန်ရော။

တကယ်လို့များ ဆရာ ကျွန်မကိုပစ်သွားမယ်ဆိုရင်လည်း –

သွေးစိမ်းရှင်ရှင်နဲ့ ရေးဖွဲ့မယ့် ...

အသည်းကွဲကဗျာလေးတွေ ကျွန်မရေးရဦးမှာပေါ့။

ဆရာသာ ကျွန်မရဲ့ ဖန်ဆင်းရှင်၊ တန်ခိုးရှင် လိုရာ





စေခိုင်းမယ့်သူပါ။

ဆရာက အလုပ်များသူမို့ မမထားသက်ဝေ ပြောသည့်အတိုင်း ခရီးတွေထွက်လိုက်၊ စာတွေ ရေးလိုက်နှင့်။

ရွှေပိုးအိမ်ရဲ့အဆောင်ဆီ တစ်ပတ်တစ်ခါတောင် ရောက်ချင်မှ ရောက်လာတတ်တာ။

ရွှေပိုးအိမ်ကပဲ ဖုန်းဆက်ဖို့တောင်းဆို၊ fb မှာ စကားပြောဖို့ ဖိအားပေးရ။

"ဆရာရယ် ... ဆရာ အရမ်းအလုပ်များတာ ပိုးအိမ်သိပါတယ်။ နားလည်မှုလည်း ပေးနိုင်ပါတယ်။ ဒါပေမဲ့ ... ကမ္ဘာကြီး ခြားသလို ဝေးကွာနေရတာမျိုးတော့ ပိုးအိမ် မခံစားနိုင်ဘူး"

"ပိုးအိမ်ကလည်းကွာ ... သိပ်ရစ်တာပဲ။ ပြောစရာရှိ ဒဲ့ပြော"

သူမ သိပ်ချစ်တာ သိသွားလို့များ ဆရာ အချစ်တွေ ပေါ့လျော့နေသလား။ ဖုန်းထဲမှာ ပြောဖြစ်ခဲ့သည့်စကားတွေ။

"တစ်နေ့တစ်ခါလောက်တော့ အနည်းဆုံး ဖုန်းဆက်ပေါ့ ဆရာ။ ပြီးတော့လည်း ဆရာ ဘယ်လောက်ပဲ မအားအားအား ညဘက်မှာ တစ်နာရီလောက်တော့ ပိုးအိမ်ကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



ပေးသင့်ပါတယ်။ ချစ်သူတစ်ယောက်အနေနဲ့ ဒီလောက် လွှတ်အခွင့် အရေးတော့ ပိုးအိမ်ကို ဆရာ ပေးသင့်ပါတယ်''

''ဆရာက တစ်နေ့လုံး အလုပ်တွေရှုပ်နေတာ။ ညေ့ သည်တွေ တွေ့ရ၊ ရုံးအလုပ်တွေ ရှုပ်ရနဲ့။ ညဘက်ကျမှ fb သုံး၊ စာလည်း ရေးရတာ''

''အင်းပါ ... ဟုတ်ပါပြီ။ ဒါပေမဲ့ ပိုးအိမ်ဘက်ကလည်း ကြည့်ဦးလေ။ တစ်နေ့တစ်ခါပဲ ဆရာ့အသံကြားရတာ ရင်ထဲမှာ ခွေးရတယ်။ သူများချစ်သူတွေဆို တစ်နေကုန် ဖုန်းပြောနေ ကြတာ''

''သူတို့က အားလို့နေမှာပေါ့။ ကိုယ်က လုံးဝမှမအား တာ။ ပိုးအိမ်လည်း သိသားနဲ့။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ ချစ်ကြရင် ပိုပြီးမကောင်းဘူးလားကွာ''

''နားလည်မှုလား၊ အေးစက်မှုလား ဆရာရယ်''

''ဟာကွာ ... ပိုးအိမ်ကလည်း၊ ကိုယ်တကယ်မအားလို့ ပါ။ ညတိုင်း ဖုန်းဆက်မယ်၊ message box နဲ့ စကားပြောမယ်၊ ရပြီလား''

''ဆရာကလည်း တာဝန်ထမ်းဆောင်နေတဲ့အတိုင်း ကြီး''





''မရစ်နဲ့ကွာ၊ ကိုယ်မအားဘူး''

''ဟုတ်ကဲ့ပါ''

သူမရဲ့အသံလေး နစ်ဝင်သွားတော့လည်း ဆရာက မျှာမျှာသလဲ –

''ပိုးအိမ်ကလည်းကွာ ... ကဗျာဆရာမကြီးဖြစ်နေပြီ ကလေးလေးကျလို့။ ကိုယ်အလုပ်တွေ တကယ်များနေလို့ပါနော်။ ညကျမှတွေ့မယ်၊ ပျော်အောင်နေကွာ၊ အေးဆေးနေနော်၊ baby''

''ဟုတ်''

✵

လှတောသားစကားကြွယ်တဲ့။

တစ်ခါက ဟာသလေးတစ်ခု။

ထမ်းပိုးကောင်းကြောင်းညွှန်းတာ။

လှတောသားက သူ့ထမ်းပိုးကကောင်းလွန်းလို့ အရှေ့မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ထမ်းပိုးကို သူက ထမ်းရပြီး နောက်ကျ သူက တောင်းထဲထိုင်လိုက်သွားရုံပဲတဲ့။

ထမ်းပိုးကောင်းလွန်းလို့ ညွတ်တာ၊ ကွေးတာကိုများ တင်စားလေသလား။

ယခုလည်း ဆရာနှင့် ရွှေပိုးအိမ်။

ကမ္ဘာဦးအစက ထုံးစံအတိုင်း သူက ယောက်ျားတစ်ယောက်ရဲ့တာဝန်ဖြစ်သည့် ပရိုပို့(စ်)လုပ်ခဲ့ပြီး နောက်ပိုင်း တစ်လျှောက်လုံး ရွှေပိုးအိမ်ကပဲ ချစ်ရ၊ ဂရုစိုက်ရ၊ သဝန်တိုရ၊ မျက်ရည်ကျရတာ။

သူမက လမင်းကြီးလို အလင်းဖြာနေသည့် သူ့ကိုချစ်မိလို့များလား။

သူကတော့ သူ့ရဲ့ များပြားလှသော အလုပ်တာဝန်တွေ တာဝန်ယူထားသော သတင်းစာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ ဆောင်းပါးတွေ၊ နောက် သူဝါသနာပါသည့် သုတေသနအလုပ်နှင့် ခရီးသွားခြင်းများဖြင့် ပျော်မွေ့နေတာ။

ဆရာ့အကြောင်း တွေးကြည့်လိုက်လျှင် အမောဆို့ချင်စရာ။

သူကတော့ ဝါသနာပါရာတွေကို လျှောက်လုပ်ခွင့်ရနေ





သဖြင့် ဗီးနစ်ငှက်တစ်ကောင်လိုများ ပြာပုံထဲကတောင် နိုးထနေမည့်အလား။

ရွှေပိုးအိမ် ဆရာ့ကိုအားကျလို့ အလုပ်တစ်ခု အပူတပြင်း လိုချင်ခဲ့ပေမယ့် အလုပ်တွေကလည်း ရှာလေ ရှားလေ။

အထည်ဆိုင်၊ ဆေးဆိုင်တွေက အရောင်းစာရေးမလောက်လည်း သူမက မလုပ်ချင်။

မိုးလင်းထဲကအလုပ်ဝင်ရပြီး ည (၉) နာရီလောက်ထိ ဈေးရောင်းရမှာ။ ကိုယ်ရှိသမျှ အချိန်တွေ ပုံပေးရမှာမျိုး။

နောက် အစိုးရဝန်ထမ်းအလုပ်ဆိုတာကလည်း ရဖို့မလွယ်။ ကိုယ်က အလုပ်လုပ်ဖို့ ကျိုးကလည်းများသေး။ လွတ်လပ်မှုကိုလည်း ခုံမင်တတ်လေရာ။

စာတွေ၊ ကဗျာတွေကျတော့လည်း ကိုယ်ရေးတဲ့ သယ်ဓာတတွေက ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ရေးတိုင်း ပို့တိုင်း ပါတာမဟုတ်။

သည်တော့ ရွှေပိုးအိမ် လုံးချင်းဝတ္ထုလိုမျိုး ရေးကြည့်ဖို့ပဲ စိတ်ဆုံးဖြတ်လိုက်သည်။

သူမရဲ့ဝါသနာက စမ်းရေစီးသလို တပွက်ပွက် ယိုဖိတ်နေပြီး အလဟဿတွေ ဖြစ်ကုန်တာက များလာသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲမှာ နာကျည်းမှန်းကျပ်နေရသည့် ဆရာ့အပေါ် ချစ်စိတ်၊ စိုးရိမ်စိတ်၊ ခံစားနေရသည့် ဝေဒနာအားလုံးကို စကားလုံးများ၊ စာလုံးများအသွင် ပြောင်းလဲပစ်ခွင့်ရသည့် လုံးချင်းဝတ္ထုရေးသည့်ဘဝကို ရွှေပိုးအိမ် စမ်းသပ်ခံယူလိုက်ပါသည်။

❁ ❁ ❁



## အခန်း (၆)

လုံးချင်းဝတ္ထုရေးတယ်ဆိုတာ ဈာန်ဝင်ပြီး ခံစားချက်တွေ၊ အနုပညာတွေကို အချိုးကျပေါင်းစပ်ပြီး အတတ်ပညာရော ပါရမီတွေပါ ရောသမမွှေရတာမို့ လူတွေများလွန်းလှသည့် အဆောင်နေဘဝကို ရွှေပိုးအိမ် စွန့်လွှတ်ရတော့မည်။

အခန်းကျဉ်းလေးထဲမှာ ဒုက္ခခံနေရတာ အစကတော့ အလုပ်တစ်ခုခုရဖို့။

ယခုကျတော့ ဆရာနှင့် တစ်ပတ်တစ်ခါတောင် မသေချာသည့် တွေ့ဆုံခွင့်လေးအတွက်ပေါ့။

သူက အုပ်စုနှင့်သွားတာ၊ အဖွဲ့နှင့်သွားတာမို့ ကိုယ်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးပြီး ရွှေပိုးအိမ် ကိုယ်က စတင်ပြီး ဖုန်းမဆက်ပါ။

ဆရာဆက်သွယ်မှာကိုပဲ စာရေးစားပွဲမှာ ထိုင်၊ စာရေးရင်း စောင့်နေမိခဲ့တာ။

"ဖုန်းလိုင်းမမိလို့နော်"

"ကိုယ့်အထက်လူကြီးတွေနဲ့ သွားရတာမို့"

"နောက်မှပြန်ခေါ်လိုက်မယ်နော်"

ဆင်ခြေအမျိုးမျိုးနှင့် တစ်နေ့တစ်ကြောင်းလောက်သော စာတိုလေးတွေသာ fb-message box မှပေါ်လာခဲ့တာ။

အချစ်ဆိုတာလည်း ခက်တာပဲ။

ကိုယ့်ဖြစ်တည်မှုကိုမေ့လျော့ပြီး ကိုယ့်ချစ်သူကိုပဲ လောကကြီးထဲ တန်ဖိုးအရှိဆုံးအရာ၊ တန်ဖိုးအမြင့်မားဆုံးအရာလို့ စွဲထင်တတ်ပေရာ။

ရွှေပိုးအိမ်မှာ တစ်နေ့ တစ်နေ့ သူ့ကိုပဲ အချိန်ပြည့် သတိရ၊ အချိန်ပြည့်စိုးမိုးနေတတ်ပါသည်။

တစ်လလောက်ကြာသည့်အခါမှာတော့ မေမေကလည်း ဇာတိမြေကိုပြန်လာဖို့ တဂျီဂျီခေါ်၊ ကိုယ်ကလည်း အဆောင်နေ အဆောင်သူဘဝနှင့် သဟဇာတမဖြစ်။ ဆရာကလည်း တစ်ပတ်





တစ်ခါတောင် ပေါ်မလာသည့်နောက်။

အားလုံးကို လက်မြှောက်အရှုံးပေးပြီး ရွှေပိုးအိမ်ဇာတိမြို့သို့ အောင်မြင်စွာ တပ်ဆုတ်ခဲ့ပါသည်။

ကောင်းကင်မှာ သာတဲ့လဟာ

ဝါးလုံးလေးထဲ မှေးရီလင်းလက်နိုင်ပါ့မလား။

ရွှေပိုးအိမ် မြို့ပြန်ရောက်တော့ မူလတန်းပြနေ့စားလေး ဆွဲခန့်တွေ ခေါ်နေသဖြင့် ဝင်လျှောက်ခဲ့ရာ ချက်ချင်းပင် အလုပ်ရသွားခဲ့သည်။

အလုပ်ရပေမယ့် သူမ တာဝန်ကျတာ ကိုယ့်မြို့နယ်ရဲ့ ဟိုး ဝေးစွန်ခေါင်ဖျားသောနေရာတစ်ခုမှာ။ တောင်ရိုးနားကပ် နေသည့် ထိုရွာကလေးမှာ ကလေးတွေကို စာပြရင်း ဆရာ့ကို လွမ်းသည့် အလွမ်းတွေကို စာဖွဲ့ရင်း ရွှေပိုးအိမ် ဘဝမှာ နိုကပ် နေရပြန်ပါသည်။

ဖုန်းလိုင်းကလည်း မမိ၊ အင်တာနက်လည်း မမိသည့်



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းရစ်အရပ်မှာ ရွှေပိုးအိမ် အလွမ်းတွေ အရည်ဖျော်ပြီး စာ,နာနာဖိရေးဖြစ်ခဲ့သည်။

✺

ခံစားချက်တွေများလွန်းလို့ တစ်လထဲနှင့် လုံးချင်းဝတ္ထု (၂) အုပ် ပြီးခဲ့တာ ရွှေပိုးအိမ် အံ့ဩမိပါ၏။

ဆရာနှင့် ဖုန်းလည်း နေ့တိုင်းမပြောဖြစ်၊ စာလည်းပို့မရလိုက်၊ ရလိုက်မို့ ဘဝက အိုးနင်းခွက်နင်း။

ရွှေပိုးအိမ်ရင်ထဲမှာ ဆရာ့ကိုတွေးမိတိုင်း စူးနင့် လွမ်းမြည့်နေခဲ့တာ။

လကုန်လို့ မြို့ပြန်ရောက်တော့မှ ရွှေပိုးအိမ် ဆရာ့ဆီ ဖုန်းဆက်ရသည်။

"ဆရာ ...ပိုးအိမ်ပါ"

"ဟာ ...ဘာဖြစ်လို့ ကိုယ့်ဆီ ဖုန်းမဆက်တာလဲ ပိုးအိမ်။ ကိုယ်ဆက်တော့လည်း ဆက်သွယ်မှုပြင်ပရောက်နေတာချည်းပဲ"





"ဆရာ စာတွေရေးဖြစ်သေးလား။ ခုလ ဘယ်တွေမှာပါသေးလဲ"

"ရေးတာပေါ့၊ စာရေးတာက ကိုယ့်အလုပ်၊ ကိုယ့်ဝါသနာပဲလေ"

"ဟုတ်ပါတယ်၊ ပိုးအိမ်က ဆရာ့ဘဝအတွက် အရေးမပါ,ပါဘူး"

"မရစ်နဲ့ကွာ၊ ခုလမဂ္ဂဇင်း (၄) အုပ်မှာ ဆောင်းပါး (၄) ပုဒ်ပါတယ်။ သတင်းစာ (၂) စောင်မှာ အပတ်တိုင်းရေးတယ်။ ဂျာနယ် (၃) စောင်မှာလည်း အမြဲရေးတယ်လေ"

"ဝမ်းသာဂုဏ်ယူပါတယ် ဆရာ။ ပိုးအိမ် ရန်ကုန်လာမလို့"

"လာခဲ့လေ ...ဘယ်နေ့လာမှာလဲ"

"မနက်ဖြန်လေ၊ ဒီနေ့ညကားနဲ့လာမယ်။ မနက်ဖြန်ညကားနဲ့ပြန်မယ်။ နေ့ချင်းပြန်ပေါ့"

"မနက်ဖြန် ကိုယ် ခရီးသွားဖို့ ချိတ်ထားရတယ်။ ရုံးအဖွဲ့နဲ့သွားရမှာ။ ကျန်တဲ့ရက်ရွေးပါကွာ။ ကိုယ်တို့နှစ်ယောက် စကားမပြောရတာလည်း ကြာပြီ"

ဟုတ်တိပတ်တိတောင် ဖုန်းမပြောရတာကြာပြီဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ (၂) ဦး၏ ဖုန်းစကားက အလွမ်းစကားတွေ ကင်းခြောက်သွေ့လောင်နေ၏။

"ဪ . . . ဒါဆိုလည်း ရပါတယ် ဆရာ။ ပိုးအိမ် ဘာသာပဲ လာလိုက်ပါ့မယ်"

"မဟုတ်ဘူးလေ၊ ရက်လွှဲလိုက်ပါ"

"ဆောရီး ဆရာ၊ ပိုးအိမ် အခု အလုပ်ဝင်နေရပြီမို့ ပိုးအိမ် အားတဲ့, ပိတ်တဲ့ရက်ပဲ လာလို့ရမှာ"

"ခက်တာပဲ၊ ပိုးအိမ်အလုပ်က ဘာအရေးကြီးလို့လဲ။ ခွင့်ယူလိုက်ပါလား။ ကိုယ့်ကိစ္စက ရွှေ့မရလို့ပါ"

သူမရဲ့အလုပ်ကို အရေးမပါဘူးပြောတာတော့ ရွှေပိုးအိမ် မခံနိုင်ပါ။

အလုပ်ဆိုတာ သူ့နေရာနှင့်သူတော့ အရေးကြီးတာပါပဲ။

"ရပါတယ် ဆရာ၊ အဲဒီကိစ္စကို ခေါင်းထဲ မထည့်ပါနဲ့တော့။ ပိုးအိမ် မပြောမိဘူးလို့ပဲ သဘောထားလိုက်ပါ"

"ပြောပြီးခါမှကွာ။ ကိုယ် စိတ်မကောင်းအောင် ပိုးအိမ်ရယ်။ ကိုယ်လည်း တွေ့ချင်ပါတယ်၊ ကိုယ်ရှိမယ့်ရက်ကို ရွှေ့လိုက်ပါနော်"





ပိုးအိမ် ဘာမှ မဆွေးနွေးချင်တော့ပါ။ အဖြေမထွက်မည့် ပုစ္ဆာတစ်ပုဒ်ကို သူမ အချိန်ကုန်ခံပြီး ပြောမနေချင်တော့။

"နောက်မှ ဆက်လိုက်မယ် ဆရာ။ အခု မေမေ ထမင်းစားခေါ်နေလို့ပါ။ နှုတ်ဆက်ပါတယ်ရှင်"

ရွှေပိုးအိမ် မေမေ မခေါ်ဘဲနှင့် သူ့ကို ညာလိုက်မိတာပါ။ ဖုန်းပိတ်ပြီးသည်နှင့် မြားနတ်မောင်လေးသဖွယ် ချစ်သူနှင့် ဆက်သွယ်ဆောင်ကြဉ်းပေးခဲ့သော ဖုန်းလေးကို ဆွေးမြည့်စွာ ငေးကြည့်ဖြစ်သည်။

မျက်ရည်ကြည်တို့ ဝေ့ဝဲအိုင်ထွန်းလာသည့် မျက်ဝန်းကို ဖြည်းညင်းစွာ ပိတ်ရင်း ဖုန်းလေးကို ရင်ခွင်မှာပိုက်ပွေ့ရင်း သူမ ရပ်နေသည့် မြက်ခင်းပြင်ပေါ် လှဲချမိပါသည်။

ချစ်သူရေ . . .

ငါတို့နှစ်ယောက်ကြားမှာ ပဝါစိမ်းလေးခြားနေသလိုပဲ။

ဘယ်အရာတွေက ဝေးကွာစေတာလဲ။

ဟိုး ဆယ်စုနှစ်တစ်ခေတ်က နုငယ်ဆိုတဲ့ (၁၆) နှစ်အရွယ် ချစ်ဦးသူ ချောချောလေးရယ်။

စက်နဲ့လှည့်ထုတ်သလို တရစပ်ရေးနေတဲ့ ဆောင်းပါးတွေရယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိ သုတေသနဌာနရဲ့ များမြောင်လှသောအလုပ်တွေရယ်။

ရွှေပိုးအိမ်ဆိုတာ ဆရာ့အတွက် လှတောသားရဲ့ထမ်းပိုးလေးတစ်ချောင်းပါပဲ။

မှုန်ဝါးလှတဲ့ နေ့ရက်လေးတစ်ရက်မှာ message box ကနေ စာတွေ အပြန်အလှန်ရိုက်ရင်း ပိုးအိမ်ရဲ့ရင်ထဲက ခံစားချက်ကို ဆရာသိသွားခဲ့တယ်။ ဖော်ထုတ်ရယူသွားနိုင်ခဲ့တယ်။

အဲဒီနောက်ပိုင်းမှာတော့ ဆရာဟာ ထမ်းပိုးလေးရဲ့တောင်းလေးထဲ ထိုင်လိုက်သွားရှာသာ။

တသွင်သွင်စီးဆင်းနေတဲ့ ရွှေပိုးအိမ်ရဲ့အချစ်ပင်လယ်ကြောမှာ ဆရာ အေးဆေးသီချင်းဆိုနေရှာပါပဲ။

ရေးပြီးခဲ့သည့် ဝတ္ထုစာအုပ်လေးများဟာ အချစ်ရူးမလေး ရွှေပိုးအိမ်ရဲ့ ဆရာ့အတွက် ရွှေနားတော်သွင်း ချောင်းတွေပါပဲ။

အနုပညာပစ္စည်းတစ်ခုဟာ ပုဂ္ဂလမိဋ္ဌာန်၊ ပုဂ္ဂလိက ခံစားချက်တွေဖြစ်စေဦးတော့

သိပ်ပြီး အနုပညာမြောက်လာရင် အားလုံးနှင့် စပ်ဆိုင်သွားခဲ့တယ်တဲ့ဆရာ။

လီယိုနာဒိုရဲ့ မိုနာလီဇာပန်းချီကားချပ်။





ရှိတ်စပီးယားရဲ့ ရိုမီယိုနဲ့ဂျူးလီယက်။

အခုလည်း ရွှေပိုးအိမ်ရေးတဲ့ ဆရာ့သို့ရည်စူးသော အချစ်ဝတ္ထုတွေ၊ အချစ်ကဗျာတွေ။

ရေးပြီးသည့်စာအုပ် (၄) အုပ်ကို ရင်မှာပိုက်ပြီး ရွှေပိုးအိမ် ထုတ်ဝေခွင့်ရအောင် ကြိုးစားတော့မည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ရွှေပဒေသာစာပေတဲ့။

ကလောင်သစ်လေးများကို ရွေးချယ်ပြီး မြေတောင်မြှောက်ပေးနေသည့် စာအုပ်တိုက်အမည်ပါ။

တစ်နှစ်ကိုတစ်ယောက် စင်တင်ပေးနေတာမို့ သည်နှစ်အတွက် အရွေးခံရဖို့ ရွှေပိုးအိမ် ကိုယ့်စာအုပ်လေးတွေကို ရင်မှာပိုက်ပြီး ရွှေပဒေသာစာအုပ်တိုက်သို့ တစ်ယောက်တည်း မေးမြန်းစုံစမ်းပြီး ရောက်လာခဲ့ပေပြီ။

ထိုတိုက်မှာ နာမည်ကြီးစာရေးဆရာတွေကို စင်တင်ပေးခဲ့တာ။





မမသဒ္ဒါမောင်။

မယ်နိုင်။

မိုးစက်ပွင့်။

အလင်းသစ်။

လှိုင်းကြာဖြူ။

စာအုပ်တိုက်ထဲမှာ တိုက်ပိုင်ရှင် ဦးအေးလွင်,ကို တန်းပြီး တွေ့ခွင့်ရတော့ ရွှေပိုးအိမ် ဝမ်းသာမိရသည်။ စာအုပ်တိုက်ပိုင်ရှင်ပေမယ့် စာပေချစ်မြတ်နိုးသူမို့ထင့် မာနမကြီးပါ။

ယဉ်ယဉ်ကျေးကျေးနှင့် ဖော်ဖော်ရွေရွေ ဆက်ဆံပါသည်။ ရွှေပိုးအိမ်ရဲ့စာအုပ်လေးများကို ဖတ်ကြည့်ပြီး ဆုံးဖြတ်ပေးမည့်အကြောင်းနှင့် –

အရွေးခံရလျှင် စာမူခ တစ်ခါတည်းပေးမည့်အကြောင်း ညေးကမ်းချက်တွေပြောပြပြီး ရွှေပိုးအိမ်၏စာမူများကို လက်ခံရယူထားလိုက်ပါသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ခေတ်ကြီးထဲမှာရှိနေကြတဲ့ ချစ်သူတွေ ဖြစ်ပြီး ကျောက်ခေတ်ကလို၊ သမိုင်းဦးဘုံမြေခေတ်ကလို အဆက်အသွယ်တွေ ပြတ်နေကြရတာ ရင်နာစရာ။

ရွှေပိုးအိမ်ရဲ့စာအုပ်ကိစ္စက တစ်မနက်နှင့် ပြီးသွားပြီမို့ သူမ ညကားနှင့်ပြန်တော့မည်။

ဆရာ သထုံသို့ အုပ်စုလိုက် ခရီးထွက်သွားသည်တဲ့။ ရန်ကုန်နဲ့သထုံဆိုတာ ဘယ်လောက်ဝေးသလဲ၊ ဘယ်နှရက်ကြာမှာလဲ။ ရင်ထဲ စူးနင့်နေရတာ။

ဆရာကတော့ သူ့ကို စောင့်စေချင်သည်တဲ့။

ရွှေပိုးအိမ် ရင်နာနေမိတာ ဘာကြောင့်မသိ။ ဆရာရယ် မိန်းမသားဘဝဆိုတာ ယောကျ်ားတွေလို လေမှာပျံဝဲဖို့၊ ကြယ်တံခွန်လို စူးခနဲ လင်းလက်တောက်ပဖို့ လိုက်မမီပါဘူး။

ရွှေပိုးအိမ် အလုပ်ကို ပြန်ရမယ်။ အိမ်ကိုပြန်ရမယ်။

မိန်းကလေးတစ်ယောက်တည်းမို့ တည်းခိုခန်းတွေကို ကြောက်တယ်၊ မတည်းရဲပါဘူး။

(၂၁) ရာစုခေတ်ကြီးထဲမှာ ရွှေပိုးအိမ်ဆိုတာ ခေတ်လွန်ကောင်မလေးတွေကြား ခေတ်နောက်ကျနေတဲ့ ကောင်မလေးတစ်ယောက်ပါ။





တကယ်ဆို ဆရာ့လက်မောင်းကို ယီးလေးခိုပြီး ရွှေပိုးအိမ် သံသရာတနံတလျား မမောနိုင်၊ မပန်းနိုင် လျှောက်သွားလိုက်ချင်တာပါ။

အခြေအနေက မပေးခဲ့ဘူးနော်။

ဘာတတ်နိုင်မလဲ ဆရာ။

ကျွန်မက လှတောသားရဲ့ထမ်းပိုးလေးတစ်ချောင်းပါပဲ။

ရွှေပိုးအိမ်တစ်ယောက်တည်း (၃၃) လမ်းထဲက စာအုပ်ဟောင်းဆိုင်တွေမှာ ကောင်းနိုးရာရာစာအုပ်လေးတွေကို လျှောက်မွှေ ဝယ်ရင်း ခြမ်းရင်းဖြင့် –

ညနေစောင်းသောအခါ ကားဂိတ်သို့ ဆင်းလာခဲ့သည်။ ည (၇) နာရီကားနှင့် ဇာတိမြို့သို့ ပြန်ခဲ့ရတော့ ရင်ထဲမှာ ဆွေးမြည့်မြည့်။ ဆရာနေထိုင်သော မီးရောင်မမှောင့်တမှောင်ကြားမှ ရန်ကုန်မြို့ကြီးကို သူမ လွမ်းဆွတ်နေခဲ့ပါလေသည်။ ဆရာရှိလျက်နှင့် မဆုံခဲ့ရသည့်အဖြစ်ဟာ စူးနင့်ကြေကွဲစရာ။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အနေဝေးလို့ သွေးအေးသွားတာလား ဆရာ။

ရွှေပိုးအိမ်ရဲ့ ပါရမီကတော့ ဝတ္ထုတိုတွေ၊ ကဗျာတွေမှာ မထွန်းတောက်လှဘဲ လုံးချင်းဝတ္ထုမှာတော့ အဆင်ပြေနေခဲ့သည်။

လျှမ်းလျှမ်းတောက်မဟုတ်တောင် အဆင့်အတန်းလေး တစ်ခုတော့ ရှိနေသည်ပါပဲ။

စူးရှတာရာဆိုသည့် ကြယ်သေးသေးလေးတစ်ခု ကောင်းကင်ရဲ့ တစ်ခုသော တစ်ထောင့်တစ်နေရာမှာ သူ့အင် သူ့အားလေးနှင့် လင်းလက်ခဲ့ပါပြီ။





ဆရာ့လို လမင်းကြီးမဟုတ်ပေမယ့် လမင်းရဲ့အဝေးက ကြယ်တာရာလေးတစ်လုံးအဖြစ် တည်ရှိခဲ့ပေပြီ။

ဆရာရေ ...

ကောင်းကင်ရဲ့နက္ခတ်တာရာတွေရဲ့ သဘောတရားကို က တန်ဆောင်မုန်းလပြည့်နေ့လို လမင်းကြီး ထိန်ထိန်သာနေတဲ့ အခါမျိုးမှာ ကြယ်ကလေးတွေ ပုန်းအောင်းနေရရှာတယ်။

ကြယ်နဲ့လနဲ့ ဆုံခဲ့ကြသလိုပဲနော်။

လမိုက်ညတွေလိုမျိုးမှ ကြယ်တွေစုံသောည ဖြစ်ရှာ တာ။

ကောင်းကင်မှာ လမင်းကြီးနဲ့ ကြယ်တာရာအမှုန်အမွှား လေး မဆုံနိုင်သလိုပဲ –

ဆရာနဲ့ပိုးအိမ်ရော အပြင်လောကမှာ ဆုံနိုင်ကြပါ့မလား ဆရာ။

ရွှေပိုးအိမ်ဆိုသည့် မူလတန်းပြဆွဲခန့်ဆရာမလေးရဲ့ အလုပ်ကို ဆရာ့လို ဂရိတ်ကြီးက သေးသိမ်သောအလုပ်ရယ်လို့ ထင်မြင်ယူဆချင် ယူဆမှာပေမယ့် –

ရွှေပိုးအိမ်ကတော့ သူမ၏ ဆရာမအလုပ်ကို လေးစား တန်ဖိုးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ဘက်မှာစာသင်၊ ညဘက်ကျ စာရေး။

ဆက်သွယ်မှုပြင်ပရောက်နေသည့် တောင်ခြေ တောတန်း ဓနပုဒ်ရွာလေးမှာ –

ရွှေပိုးအိမ်၏ဘဝခရီးတစ်ထောက်အတွက် ကွန်းခို အားဖြည့်ရာ စခန်းသာတစ်ခု ဖြစ်ခဲ့သည်။

✵ ✵ ✵



# အခန်း (၉)

ရွှေပိုးအိမ်က ကြယ်ငေးသူဖြစ်သလို သဘာဝအလှအပများကိုလည်း ခံစားတတ်ပါသည်။

သူမတည်းခိုရာ စာသင်ကျောင်းလေးဟာ ရွာစွန်မှာရှိတာမို့ တောတန်းညို့ညို့နှင့် တောင်တန်းပြာတို့ကို ထင်ရှားစွာမြင်ရသလို။

အိပ်တန်းပျံငှက်တို့ အုပ်စုဖွဲ့ပျံသန်းနေကြပုံနှင့် ဆည်းဆာနေလုံးကြီးကိုလည်း အမြဲ စောင့်ကြည့်နေကျ။

တစ်နေ့လုံး စာသင်၊ အလုပ်တွေလုပ်နေရပေမယ့် ရွှေပိုးအိမ်ရင်ထဲမှာ ဆရာ အမြဲရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ရဲ့ ဆရာမအိမ်လေးထဲမှာ ဆရာမအဖော် (၂) ယောက်လည်းနေသဖြင့် အားလုံး (၃) ယောက်။

ကချင်ပြည်နယ်မှ ဆရာမလေး (၂) ယောက်လို ပိုးစိုးပက်စက်မဖြစ်ရန် ရွာသူရွာသားများကလည်း စောင့်ရှောက်ကြပါသည်။

ပြီး ရွာစွန်ဆိုပေမယ့် အိမ်တွေနှင့်နီးလို့ ကိစ္စမရှိပါ။

ကျောင်းရှေ့ခုံတန်းလေးမှာထိုင်ပြီး ကျေးလက်တောင်သူတွေ ပျားပန်းခပ်မျှ ဝမ်းစာရှာဖွေနေကြရတာကိုလည်း မြင်ရမြီ။

ကောက်ရိတ်ချိန်မို့ တံဖျဉ်ကွေးနှင့် လုံမပျို လုလင်ပျိုတို့ကို မြင်နေရမြီ။

ဆရာ ဘယ်အရပ်ရောက်နေသလဲ။

ရန်ကုန်မှာနေသည်ဆိုပေမယ့် ခရီးထွက်ရတာကို ဝါသနာထုံသောဆရာသည် အုပ်စုလိုက်ဖြစ်စေ၊ single ဖြစ်စေ ခရီးတွေ ထွက်နေမှာပဲ။

ရွာမှာနေတုန်း ဆရာနှင့် အဆက်အသွယ်မရ။ မြို့ပြန်ရောက်မှ ဆက်သွယ်ရတာ။

ဘဝသည် အလွမ်းတို့နှင့်သာ အတိပြီးမြဲ။

ရွှေပိုးအိမ်၏ကဗျာစု၊ စာစုတို့မှာလည်း နှလုံးသား၏





နှောင်ဖွဲ့ရစ်တွယ်သည့် သွေးနှင့်ရေးသည့် အလွမ်းပန်းချီတွေသာ။

✵

သည်တစ်ခါ ရန်ကုန်ခရီးကတော့ ရင်ခုန်လှုပ်ရှားဖွယ်။ ရန်ကုန်မှာ ဆရာရှိနေမည်တဲ့။

ရေးပြီးခဲ့သည့် စာအုပ်လေးများကို သယ်ဆောင်ရင်း ရွှေပိုးအိမ် ကြည်နူးချမ်းမြေ့နေမိသည်။ ချစ်သက်တမ်း (၃) လလောက်မှာ သူမက စာရေးဆရာမ ဖြစ်လာခဲ့ပါပကော။

မဂ္ဂဇင်းတွေမှာ နေရာသိပ်မယူနိုင်ခဲ့ပေမယ့် လုံးချင်းလောကထဲသို့ ထိုးဖောက်နိုင်ခဲ့တာလည်း ပါရမီပဲလား။

ယခုဆို သူမရဲ့ ပထမဦးဆုံးစာအုပ်လေးပင် သည်လထွက်မည်။

"အလွမ်းညို့ညို့ အချစ်ညို့ညို့"

. . . ဆိုသည့် စူးရှတာရာရဲ့ ပထမဦးဆုံး စာအုပ်လေးထွက် မည့်နေ့မှာ ရွှေပိုးအိမ်သည် ရန်ကုန်မြေမှာ ဆရာနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တယုတယ ကြိုဆိုချင်ပါသည်။

ပထမဦးဆုံး ရင်သွေးလေးကို မြင်ကြရမည့် မိခင် တစ်ယောက်လိုပဲ –

ရွှေပိုးအိမ် သူမ၏ ပထမဦးဆုံးစာအုပ်လေးအတွက် ရင်တွေတုန်နေ၊ ခုန်နေမိပါသည်။

ဆရာကရော ဖုန်းထဲမှာတော့ ကွန်ဂရက်ကျူလေးရှင်း ထားတာပဲ။

"ပိုးအိမ်ရဲ့ဇာတာစန်းလက်တွေ တက်လာပြီ။ ပိုးအိမ် ပါရမီပါတယ်ဆိုတာ လက်ခံလိုက်ပြီ မဟုတ်လား"

"အင်းပေါ့ ဆရာ"

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်စမ်းပါ။ ဒါထက် ပိုးအိမ်ရဲ့ လုံးချင်းစာအုပ်တွေကျ ကိုယ့်ကို ဘာဖြစ်လို့ edit မလုပ်ခိုင်းတော့ တာလဲ။ ဘာလဲ ဆရာ့ကို အထင်မကြီးတော့လို့လား"

"ဟာ ... မဟုတ် မဟုတ်ပါဘူးဆရာ။ ပိုးအိမ်ရေးထား တာတွေက သိပ်ပြီး ပုဂ္ဂလိကဆန်ဆန်လွန်းတော့ ပြရမှာ ရှက်လို့ ပါ"

"ဩော် ... တစ်နိုင်ငံလုံးကိုတော့ ချပြပြီး ကိုယ့်ကျမှ ရှက်နေတယ် ဟုတ်လား။ ပိုးအိမ် မတရားဘူးနော်"





"အဲဒီစာအုပ်ကိုဖတ်ကြည့်လိုက်တာနဲ့ ပိုးအိမ်ရဲ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေရှိနေတယ်ဆိုတာ ဆရာ ရှင်းရှင်း လင်းလင်းကြီး သိသွားတော့မှာ"

"ဒါဆိုလည်း ဘာလို့ စာအုပ်အဖြစ် ထုတ်နေသေးလဲ။ စာအုပ်ဖြစ်လာတော့လည်း ကိုယ် ဖတ်ကြည့်မှာပဲလေ။ ပိုးအိမ် ပေးတဲ့ ဆင်ခြေ မခိုင်လုံဘူးနော်။ ဘာလဲ ပိုးအိမ်က ကိုယ့်ကို အားမကိုးတော့တာလား"

"မဟုတ်ပါဘူးဗျာ။ ပိုးအိမ် ဒါလေးတစ်ခုတော့ အမှီအခို ကင်းကင်းနဲ့ ကိုယ့်အတောင်ပံလေးနဲ့ကိုယ် ပျံသန်းကြည့်ချင်လို့ ပါ"

"စကားလုံးကတော့ တော်တော်လှတာပဲ။ ပိုးအိမ် ကိုယ့် ကို အလေးမထားတာကြာပြီ"

"ဆရာရယ်"

ရွှေပိုးအိမ် ဆရာနှင့်ဖုန်းပြောမိတိုင်း ဝမ်းနည်းကြေကွဲ မိရသည်။ ပြောင်းပြန်တွေပြောနေသည့်ဆရာ။

တကယ်ဆို ရွှေပိုးအိမ် တောကြိုအုံကြားမှာရောက်နေလို့ ဖုန်းလိုင်းမမိတာ၊ အင်တာနက်မမိတာပါ။

ဇာတိမြို့ပြန်ရောက်တော့လည်း ဆရာက ခရီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသည့်အခါ ဖုန်းလိုင်း၊ အင်တာနက်လိုင်းက ကောင်းချင်မှ ကောင်းတတ်တာ။

ဒီလိုပဲ တစ်ကြောင်းရေး နှစ်ကြောင်းရေး။ ဆရာရယ် . . . ပိုးအိမ်က ဖုန်းလေးကို ကိုယ်နဲ့မကွာ အမြဲထားပြီး ဆရာ့ဆီက ဘာများဆက်သွယ်လာမလဲလို့ အမြဲမျှော်လင့်နေရတဲ့သူပါ။

ပိုးအိမ်လုပ်တဲ့အလုပ်က ကလေးလေးတွေကို စာသင်၊ စာသင်ချိန် (၅) နာရီပြီးရင် ကျန်တဲ့ (၁၉) နာရီလုံးလုံး ပိုးအိမ်ရဲ့ ကိုယ်ပိုင်အချိန်တွေပါ။

ဆရာ့ကိုပဲ (၁၉) နာရီလုံးလုံး အမြဲသတိရနေပြီး စာရေးတော့လည်း ရင်ထဲရှိတာတွေကို ဖတ်လမ်းထဲမှာ ပါဝင်စီးမျော ရင်း ဖတ်ကောင်တွေမှာ ပိုးအိမ်ရဲ့ခံစားချက်တွေ ပူးကပ်နေကြတယ်။

တစ်နေ့ (၁၉) နာရီဆိုလို့ ပိုတယ်မထင်နဲ့နော်။ ညအိပ်ရင်လည်း အိပ်မက်ထဲမှာ ဆရာပဲ ကြီးစိုးနေတာပါ။

ဆရာနဲ့တွေ့မှ အကျိုးအကြောင်းတွေ ပြောပြဦးမယ်လို့ တွေးထားရင်း ရွှေပိုးအိမ် ဆရာ့ဆီသို့ အမြန်ဆုံးရောက်ချင်နေမိသည်။

✵





ကားက မနက် (၄) နာရီလောက်မှာ ရန်ကုန်–လှိုင်သာယာအဝေးပြေးဂိတ်သို့ ရောက်သွား၏။

ကားပေါ်မှဆင်းလိုက်သည်နှင့် ကမ်းလာသည့် လက်တစ်ဖက်။

"ဆရာ"

ရွှေပိုးအိမ်ကလည်း ကမ္ဘာဦးသူတို့ နေနဲ့လကိုတွေ့လိုက်ရသလိုပါပဲ။ ကြည်နူးဝမ်းသာ။ မတွေ့ရတာကြာပြီလေ။

ဒီလောက်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကို ဘယ်အရာတွေက တားဆီးထားတာလဲ။

"လာ"

ဆရာက ရွှေပိုးအိမ်ကို တယုတယ လက်ဆွဲပြီး ကားဝင်းထဲမှ ထွက်ဖို့ပြင်တော့ သူမ ကိုယ့်လက်ကလေးကို ရုန်းမိသည်။

"နေဦးဆရာ . . . မျက်နှာသစ်ဦးမယ်၊ မိတ်ကပ်လိမ်းဖို့"

"အိမ်ကျမှလုပ်ပေါ့။ ရေချိုးချင်လည်းချိုး"

"ဟာ . . . ဆရာ့အိမ်မှာ ဆရာတစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ . . . မင်းကို ငါ ကိုက်မစားဘူး။ ဘာလဲ ငါ့ဂုဏ်သိက္ခာကို မယုံကြည်ဘူးလား။ ကိုယ့်ချစ်သူကမှ မယုံကြည်တဲ့ ယောက်ျားတစ်ယောက်ကို လောကကြီးကရော ယုံကြည်ကြဦးမှာလား"

"ဆရာကလည်း၊ ကဲ . . . သွား ဒါဆိုလည်း"

ရွှေပိုးအိမ်က နေ့ချင်းပြန်မှာမို့ အဝတ်ပိုလေးတောင် ထည့်မလာ။ ဒီလိုပဲ တစ်ညလုံးဝတ်သည့်အဝတ်ကို မနက်ကျတော့လည်း တစ်နေ့လုံး ဝတ်ထားမှာ။ ဆရာ့မျက်နှာ မကြည့်လင်တော့ ရွှေပိုးအိမ်မနေတတ်ပါ။

သူနှင့်အတူ လိုင်းကားတိုးစီးရတော့ တိုးတိုးဝှေ့ဝှေ့နှင့် ပူးပူးကပ်ကပ်။ ကျပ်ညပ်နေသည့် လိုင်းကားထဲမှာ ချစ်သူနှင့်သာ မဟုတ်လျှင် ဘယ်လိုလုပ်ကြပါ့။ အိုး . . . မတ်တတ်ရပ်ပြီးစီးမှာပေါ့။ ကားခေါင်မိုးက ကွင်းကိုကိုင်ပြီး စီးမှာပေါ့။

ဆရာနှင့်အတူစီးရတာကိုတော့ ရွှေပိုးအိမ် ကမ္ဘာတစ်ပတ်တောင် ပတ်စီးချင်မိပါသည်။ သူ့လက်မောင်းနားမှာ ဖားပျံလေးလိုကပ်ပြီးစီးရတာ။

"ဒီနေ့ စာအုပ်ဖြန့်မယ်ပြောတယ် ဆရာ။ ပိုးအိမ် စာအုပ်တိုက်ကို သွားကြည့်ချင်တယ်"





"စာအုပ်ဖြန့်တယ်ဆိုတာ ပိုးအိမ်တို့စာအုပ်တွေကို ကားပေါ်တင်ပြီး ဆိုင်တွေလျှောက်ပို့တာပါကွာ။ နယ်ဆိုလည်း လှမ်းပို့ပေါ့။ မထူးဆန်းပါဘူး"

"ဒါပေမဲ့ . . . ပိုးအိမ်ကြည့်ချင်တယ် ဆရာရယ်"

"ကဲ ကဲ . . . ဟုတ်ပါပြီ။ ကိုယ့်အိမ်ရောက်ရင် ရေမိုးချိုး အဝတ်အစားလဲပြီးမှ ပြန်ထွက်တာပေါ့။ စားတာ၊ သောက်တာတော့ အပြင်ကျမှ အဆင်ပြေသလို စားမယ်။ ကိုယ်က အိမ်မှာလည်း ချက်စားတာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

လိုင်းကား နာရီဝက်လောက်စီးပြီးမှ ဆရာ့အိမ်ကို ရောက်သည်။ တိုက်ခန်းလေး ငှားနေတာထင်ပါရဲ့။ ဆရာ တစ်ယောက်တည်းနေတာဆိုသည့် အတွေးကြောင့် ရွှေပိုးအိမ် ဝင်ရတာ မရဲ့မရဲ။

ဆရာကလည်း အဲဒါကိုပဲ မကျေနပ်ပုံ။

"သွား . . . ကိုယ့်အိမ်လိုသဘောထား။ ရေချိုးခန်းက ကိုယ့်အခန်းနဲ့တစ်ဆက်တည်း"

"အင်"

စိတ်ထဲမှ အားမရှိတ်ပါ။ အပြင်ကိုများ အသံထွက်မိရင်



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းရိုးများ ချိုးမလားပင်မသိ။

ဆရာက ညှော်ခန်းထဲမှာထိုင်ပြီး ကွန်ပျူတာဖွင့်၊ စာရေးဖို့ပြင်နေတော့ ရွှေပိုးအိမ် နေရာမှာပင် မတ်တပ်ကလေး ရပ်နေမိသည်။

လူပျိုသိုးကြီးရဲ့အခန်းထဲ ဘယ်အပျိုလေးက ရဲရဲတင်းတင်း ဝင်ပြီး ရေချိုးရဲမှာတဲ့လဲ။

ဆရာ့ပုံစံကတော့ ဘာမှ မထူးဆန်းသလိုပင်။ ဟင် သူဟာ ဆရာကြီးမို့ ရည်းစားတွေ၊ ချစ်သူတွေလည်း ထားခဲ့ဖူးမှာပါပဲ။ ဒီလိုပဲ ခေါ်လာလေ့ရှိသလား။

အတွေးနှင့် ကြေကွဲစိတ်က တဆက်တည်း။ မျက်ရည်ရိပ်က ပြည့်ချင်ပြီ။

သူနဲ့ပတ်သက်လာရင် ရွှေပိုးအိမ်ရင်ထဲမှာ ရှာရန်ရာနှုန်းရှစ်ဆယ်။

"ဟော့ . . . သွားလေ၊ ကိုယ့်အခန်းထဲမှာ ကျားတွေ၊ ခြင်္သေ့တွေ မရှိဘူး။ မြွေလည်း မရှိဘူး။ ရိုးရိုးတွေး၊ ရိုးရိုးလေးပဲ တွေးလိုက်။ ရေချိုးဖို့ဝင်တာပဲ။ ရေချိုး၊ ပြီးရင် ပြန်ထွက်ခဲ့။ အဝတ်ပိုမပါဘူးလား"

"ဟင့်အင်း"





"ဒြော် . . . တစ်ညလုံးဝတ်ထားတဲ့ အဝတ်၊ တစ်နေ့လုံး ဆက်ဝတ်ဦးမလို့လား။ ကဲလေ . . . ချွေးမထွက်ဘူးဆိုရင်လည်း ဆက်ဝတ်ပေ့ါ။ ရေလဲတော့ မရှိဘူး။ ဒီအတိုင်း ချိုးလိုက်။ ရေချိုးခန်းထဲမှာပဲ"

"အာ"

အသေးစိတ်တွေ လိုက်ပြောနေသည့်ဆရာ့အနားမှာ ရွှေပိုးအိမ် မနေရဲတော့မှ သူ့အခန်းထဲသို့ တွန့်ဆုတ်ဆုတ်နှင့် ဝင်ခဲ့မိသည်။

နောက် အမြင်မတော်တာလေးတွေ လျှောက်သိမ်းပေးပြီးမှ ရွှေပိုးအိမ် ရေချိုးခန်းထဲသို့ ဝင်ကာ ရေချိုးလိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် ဆရာ့ကို အကြွင်းမဲ့ယုံမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ရေချိုးပြီး သူ့မျက်နှာသုတ်စောင်ကြီးကို ပတ်ကာ သူ့အိပ်ခန်းထဲသို့ ပြန်ထွက်လာတုန်း ဆရာ အလျှင်အမြန်ရောက်လာပြီး အခန်းဝမှ –

"ပိုးအိမ် အပြင်မထွက်ခဲ့နဲ့ဦးနော်၊ ဧည့်သည်တွေလာနေလို့"

"ဟာ ... ဆရာ ပိုးအိမ်"

သူမ၏စကား မဆုံးရသေးပါ။ သူက အပြင်မှ တံခါးကို လော့ခ်ချသွားခဲ့ပေပြီ။

ဒုက္ခပဲ။ ငါတော့ ဆွမ်းခံရင်း ငှက်သင့်နေပြီ။ ကိုယ့်





စာအုပ်ထွက်မည့်နေ့မို့ အခြေအနေသိရအောင် လာခဲ့တာ။ ယခုတော့ ဆရာ့အိမ်တွင်ပင် သောင်တင်နေရပြီ။

ဘယ်ကဧည့်သည်တွေလဲ။

ဟုတ်တာပေါ့။ မနက်အစောကြီး ဆရာ့အိမ်မှာ သူမနှင့်နှစ်ယောက်တည်းတွေ့သွားလျှင် အမြင်မတင့်တယ်ပါ။

ရွှေပိုးအိမ် ဆရာ့အခန်းထဲမှာ ငြိမ်ငြိမ်လေးပင် အဝတ်အစားပြန်ဝတ်၊ မိတ်ကပ်ပါးပါးလိမ်း၊ နှုတ်ခမ်းနီဆိုး။ နည်းနည်းပါးပါး အလှပြင်နေရပေမယ့် စိတ်က သိပ်မပါ။

ရင်ထဲမှာ ဗလောင်ဆူနေရသည်။ ဘာတွေဖြစ်လာဦးမှာလဲ။ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ရဦးမှာလား။

ဆရာ့အခန်းထဲမှာ တငုတ်တုတ်တုတ်နှင့် ထိုင်စောင့်ရင်းပင် ကြာတော့ ရွှေပိုးအိမ် ခုတင်ပေါ်မှာ ကန့်လန့်ဖြတ်လေး အိပ်ပျော်သွားခဲ့သည်။

✸

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အိပ်ပျော်သွားလို့ ဆရာက မနိုးတာလား။ သူမ နိုးတော့ ဆရာက ရေချိုးဖို့ပြင်နေတာ။

ရွှေပိုးအိမ် ကမန်းကတန်းထပြီး အခန်းပြင်ဘက် ပြေးထွက်မည်ပြင်တော့ ဆရာက ပျာပျာသလဲ ဖမ်းဆွဲထားခဲ့သည်။

"ညှော်သည်တွေမပြန်သေးဘူး ပုန်းနေဦး"

"ဟာ ဆရာ ... ပိုးအိမ်တစ်နေ့လုံးပုန်းနေရမှာလား။ အစီပွာယ်မရှိဘူး။ ပိုးအိမ်လာတာ ကိုယ့်စာအုပ်ထွက်တာလေး မြင်ချင်လို့နော်။ ပြီးတော့ ရေးပြီးသားစာအုပ်လေးတွေလည်း ပေးခဲ့ချင်လို့"

"ပြဿနာမရှာစမ်းပါနဲ့ကွာ။ ခုလိုမျိုး တွေ့သွားရင် ကိုယ့်သိက္ခာတွေ သွားရော"

"ကိုယ့်သိက္ခာ! "

ရွှေပိုးအိမ် ပါးစပ်အဟောင်းသားနှင့် သူ့ကို ခပ်စူးစူး မော့ကြည့်တော့ သူက ရွှေပိုးအိမ်၏ပခုံးကို ပုတ်ပြီး နှစ်သိမ့်သည်။

"နှစ်ယောက်လုံးရဲ့သိက္ခာတွေပေါ့ သွားရော"

"ကိစ္စမရှိဘူး၊ ပိုးအိမ်ကို သူတို့မသိဘူး။ ပိုးအိမ် ဒီအခန်းထဲက ထွက်လိုက်မယ်။ ထင်ချင်သလို ထင်ပါစေ"

"ကိုယ်ခွင့်မပြုနိုင်ဘူး။ မိန်းကလေးတစ်ယောက်နဲ့အတူ





တွေ့လိုက်ရတဲ့အဖြစ်မျိုး ကိုယ် အထင်မခံနိုင်ဘူး။ ကိုယ့်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ ရေစုန်မျောမခံနိုင်ဘူး"

ရွှေပိုးအိမ်ကလည်း ဖွတ်တစ်ရွတ်။ တစ်ဖောက်ကန်း။

"ဘာဖြစ်လို့လဲ၊ ဆရာ ပြည့်တန်ဆာတစ်ယောက်နဲ့ မိတာမျိုးမှ မဟုတ်ဘဲ။ ပိုးအိမ်က ဆရာ့ချစ်သူပဲ"

"ဘာပဲဖြစ်ဖြစ် ကိုယ် အထင်သေးမခံနိုင်ဘူး။ ပိုးအိမ်က အရှက်မရှိလို့ ထွက်ရဲလည်း ကိုယ့်သိက္ခာကိုငဲ့ပြီး ကိုယ့်အတွက် မခံနိုင်ဘူး"

သူ့စကားတွေမှာ သူ့အတ္တတွေက အထင်းသား။

အရာရှိကြီး၊ တကယ့်စာရေးဆရာကြီးတစ်ယောက်မို့ မိန်းကလေးတစ်ယောက်နှင့်အတူ တွေ့သွားမှာ ကြောက်နေပုံက သေလုမတတ်။

"ဒီခေတ်ကြီးထဲမှာ ချစ်သူနဲ့အတူ တွေ့သွားတာ ဒီလောက်ကြီးတောင် ဆိုးရွားသလား ဆရာ။ ဘာလဲ ပိုးအိမ်က ဆရာ့ချစ်သူလို့ ပွဲမထုတ်ရဲသေးတာလား"

"ကံဆိုတာ ယုံရတာမဟုတ်ဘူး။ ပိုးအိမ်ကလည်း သေချာရေရာတာမဟုတ်ဘူး။ ဒီလိုပဲ မိန်းကလေးတွေနဲ့ သာယာတတ်တယ်၊ မိန်းကလေးတွေကို ဖျက်ဆီးတတ်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြောမျိုးခံရမှာ ကိုယ်သေမလောက်ကြောက်တယ်။ ကျေးဇူးပြု ပြီး ပိုးအိမ် ခဏလောက် သည်းခံပေးပါ။ ကိုယ် သူတို့နဲ့အတူ အပြင်ခဏ ထွက်ရမယ်။ ပြီးရင် ပြန်လာမယ်။ အဲဒီကျမှ ပိုးအိမ် သွားချင်ရာကိုသွား။ ကိုယ်လိုက်ပို့ပါ့မယ်''

သူက ရှည်ဝေးစွာရှင်းပြနေပေမယ့် ရွှေပိုးအိမ် ဆရာ့ စကားတွေကို အသည်းပေါက်သွားပြီ။

အတ္တကြီးသည့်လူကြီး။

ပိုးအိမ်က မိန်းကလေးတန်မဲ့ အပြင်ထွက်မယ်ဆိုတာ တောင် သူ့သိက္ခာအတွက် အသေကာကွယ်နေတဲ့လူကြီး။

ပြိုးပြက်လက်လာသည့် မျက်ရည်ရိပ်များကို မျက်လွှာချ ဖုံးကွယ်လိုက်ပြီး ရွှေပိုးအိမ် ခေါင်းညိတ်လိုက်ပါသည်။

''ဆရာ သွားပါ၊ ဒါပေမဲ့ တံခါးမပိတ်ခဲ့နဲ့။ ဘယ်သူမှ မရှိတော့မှ ကျွန်မ အပြင်ထွက်မယ်။ တံခါးပိတ်ပေးခဲ့မယ်။ သော့ ကို ခါတိုင်း ဆရာ ဘယ်သူ့ကိုအပ်ခဲ့သလဲ။ ကျွန်မ အပ်ခဲ့မယ်''

အချိန်က မွန်းတည့်တော့မည်။ ယခုထိ ပိုးအိမ် ဘာမှ လည်း မစားရသေးပါ။ သို့သော် ရင်ထဲမှာ ဆာလည်းမဆာ။ သောကတွေ၊ ဗျာပါရတွေ၊ အလွမ်း အဆွေးတွေနှင့်ပဲ ရွှေပိုးအိမ် ရင်ထဲမှာ ပြည့်နှက်လို့နေသည်။





''ဘယ်ဖြစ်မလဲ၊ ပိုးအိမ် ကိုယ်ပြန်လာမှ ပြန်ရမယ်''

''မရဘူး ဆရာ၊ ကျွန်မ ရှင့်ရဲ့ငွေဝယ်ကျွန် မဟုတ်ဘူး။ ရှင့်ဂုဏ်သိက္ခာတွေကိုထောက်ပြီး ကျွန်မကို ဒီအခန်းထဲမှာ တစ် နေ့လုံး ပိတ်လှောင်ထားဖို့ မကြိုးစားနဲ့။ ကျွန်မ အရမ်းခံစားရလိမ့် မယ်။ ကျွန်မ ကိုယ့်အတောင်ပံနဲ့ကိုယ် ဒီလောကထဲမှာ ပျံသန်း ကြည့်မယ်''

ရွှေပိုးအိမ် နာကျည်းနေပြီ ခံစားနေရပြီမှန်းသိသွားတော့ လည်း သူ့အသွင်က ပျာပျာသလဲ။

အိုဗာအက်ရှင်တွေ၊ ကျွန်မ ရင်မခုန်ပါရစေနဲ့တော့ ဆရာ။

ကျွန်မနှလုံးသားကို အပြီးသာခွဲနုတ် စတေးပစ်လိုက် ပါတော့။

''ဟာ . . . ပိုးအိမ် အဲလိုတော့ မလုပ်ပါနဲ့။ ကိုယ် ဘယ်စိတ်ကောင်းတော့မလဲ''

သည်စဉ် အိမ်ရှေ့ခန်းမှ သူ့မိတ်ဆွေတွေ လှမ်းခေါ်နေ သဖြင့် ရွှေပိုးအိမ် ဆရာ့ကို တွန်းလွှတ်လိုက်၏။

''စိတ်ဖြောင့်ဖြောင့်သာသွားပါ ဆရာ၊ ကျွန်မကို ထားခဲ့ လိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



နိုင်သက္ကရာဇ် စိတ်မချ လက်မချရှိပေမယ့် မလွှဲသာ မရှောင်သာမို့ မိတ်ဆွေများနှင့် အပြင်သို့ လိုက်ပါသွားခဲ့ရလေသည်။

❁ ❁ ❁



## အခန်း (၁၁)

ကိုယ့်သံသရာ တစ်ခုလုံး
မီးဟုန်းဟုန်းတောက်ပေါ့
သူကတော့
တယောထိုးမပျက်တဲ့ နီရိုးဘုရင်လို။

ဆရာ သူ့မိတ်ဆွေတွေနှင့် အပြင်ထွက်သွားသည်နှင့် ရွှေပိုးအိမ် သူ့အခန်းထဲမှ အပြင်သို့ တိုးထွက်လာခဲ့သည်။

မျက်ရည်တွေကို မုန်းလိုက်တာ။

ဘာဖြစ်လို့ ဒီလောက်တောင် စီးမျောနေရတာလဲ။ မြို့ မျက်ရည်တွေ ဟိုးကပ္ပလီပင်လယ်ထဲထိ စီးဆင်းသွားလိုက်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ထိုမျက်ရည်တွေကို ခပ်ကြမ်းကြမ်းပွတ်သုတ်လိုက်ပြီး ရွှေပိုးအိမ် ဆရာ့တိုက်ခန်းထဲမှ ထွက်လိုက်ပါသည်။

စလင်းဘတ်အိတ်ဖြူလေးကိုလွယ်လို့။ သူမ တိုက်ခန်းသော့ကို အိမ်နီးချင်း အဘွားတစ်ယောက်ထံသို့ ပေးခဲ့လိုက်ပါသည်။

နောက် တစ်ယောက်တည်းပဲ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့သည်။

ဘာလဲ အချစ်ဆိုတာဘာလဲ။

ဆရာ သူမကိုချစ်တယ်ဆိုတာ ဘယ်လိုလဲ၊ ဘယ်လောက်အထိလဲ။

အနေမပျက်၊ အစားမပျက်၊ အသွားမပျက်။

"နင် သူ့ကိုကြိုက်မိရင် လင်ပန်းဖင်ဆုပ်မိသလို ဖြစ်နေမှာ။ သူက ခရီးထွက်တာကို ပျော်မွေ့တဲ့သူ"

မမထားသက်ဝေပြောခဲ့တာကို ရွှေပိုးအိမ် အမြဲသတိရနေမိပါသည်။

ခရီးသွားတာ သွားပါ။ သူမ နားလည်ကြည်ဖြူနိုင်ပါသည်။ သို့သော် တစ်နေ့တစ်ခါလောက်တောင် အဆက်အသွယ်





ရအောင် မကြိုးစားတာကျတော့ ဝမ်းနည်းမိသည်။

ဆရာ့ကို အသည်းပေါက်မတတ် ချစ်မိတာမို့ တစ်နေ့တစ်ခါ နှစ်ခါလောက် သူ့အသံလေး ကြားချင်မိတာ။

တစ်နေ့တစ်ခါလောက်ဖြစ်ဖြစ် စာတိုလေးတွေ ရေးပို့စေချင်မိတာ။

ယခုကျ သူမကပဲ တတ်နိုင်သလောက် အဆက်အသွယ်ရအောင် ကြိုးစားနေရတာ။ မိန်းကလေးသိက္ခာ ပွန်းပဲ့ရပါသည်။

ဆရာရယ် ပိုးအိမ်ကို အပျော်သဘောလောက်ပဲ ထားတာလား။ လက်ထပ်ဖို့အထိ မရည်ရွယ်ဘူးလား။

ချစ်သူကို ဘာစကားတွေမှ ထပ်ပြီး သူမ မတောင်းဆိုချင်တော့ပါ။

သည်နေ့ကိစ္စအတွက်လည်း ရွှေပိုးအိမ် ဝမ်းနည်းကြေကွဲမှုက အဆမတန်။

သူမက မိန်းကလေးမို့ ဆရာနှင့် နှစ်ယောက်တည်း အခန်းထဲမှာ ပိုပြီး အတွေ့မခံချင်ပါ။

ပြောရကြေးဆို မိန်းကလေးက ပိုပြီး သိက္ခာကျတာပေါ့။

သို့သော် ရွှေပိုးအိမ်ဟာ ဆရာ့ကို ရာသက်ပန်ထိ ညှော်ရှုသည်မို့ ကျည်းထဲကျပ်ထဲဆိုလျှင် ရှေ့မျက်နှာ နောက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အတွေ့ခံနိုင်ပါသေးသည်။

ဒါကို သူက –

ရွှေပိုးအိမ်ထက် သူ့ရဲ့ သိက္ခာကို ပိုပြီး တန်ဖိုးထားပြခဲ့သည်။

ပြီး သူ့အသိုင်းအဝိုင်းမှာ ပိုးအိမ်ကို လူသိမခံဝံ့သည့်သဘော။ ပွဲမထုတ်ရဲသည့်သဘော။

လိုင်းကားမစီးတတ်တာမို့ တက္ကစီတစ်စီးပေါ်မှာ စီးနင်းလိုက်ပါနေရင်း ရွှေပိုးအိမ် မျက်ရည်မြစ်ထဲ မျောပါနေမိတာ။

ဘယ်လိုမှ ရပ်တံ့စေလို့မရ။

အလိုလို တသွင်သွင် စီးကျနေမိတာ။

ဟာ ငါ့ကို တက္ကစီသမားက ' ဘယ်လိုထင်မလဲ။ သူမသွားချင်သည့် (၃၃) လမ်းထဲက စာအုပ်တိုက်၊ စာအုပ်ဆိုင်တွေ။

တက္ကစီရပ်လိုက်တော့ တက္ကစီခ ရှင်းပေးလိုက်ပြီး ရွှေပိုးအိမ် စာအုပ်တိုက်သို့ မဝင်မီ ကိုယ့်ရုပ်ကိုယ် မှန်ဝိုင်းလေးထဲ ကြည့်မိသည်။

ရုပ်ပျက်နေပြီ။ ငါ တော်တော် ရုပ်ပျက်နေပြီ။

အငိုရုပ်နှင့် အဆွေးဖာတ်ထုပ်ခင်းနေသည့် မိန်းမငယ်လေးရုပ်က အထင်းသား။





ငါ ဒီအတိုင်း စာအုပ်တိုက်ထဲ ဝင်သွားရင် သူတို့ စိုးရိမ်ကြမှာပဲ။ စိတ်ပူကြမှာပဲ။

ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်သင့်သလဲ။ ကချင်ထည်ဝမ်းဆက် ခရမ်းနုရောင်နှင့် ကောင်မလေးရဲ့ပုံစံက လူလားမမြောက်သေးသလို။

မျက်နှာဖောင်းဖောင်းလေးက ငယ်မူငယ်သွေးတွေမပျောက်သေး။ ဆံပင်ရှည်လေးကို ကျစ်ဆံမြီး (၂) ချောင်းခွဲကျစ်ထားတာ။

ငါ စာအုပ်ဆိုင်တွေပဲ တိတ်တဆိတ်လျှောက်ကြည့်တော့မယ်။ စာအုပ်တိုက်ထဲ မဝင်ရဲတော့ပါဘူး။

စာအုပ်တိုက်ရဲ့မျက်နှာစာမှာတော့ ယခုလထွက်သည့်စာအုပ်တွေကို ကြော်ငြာထားပါသည်။

ရွှေပိုးအိမ် ကိုယ့်ရဲ့ပထမဦးဆုံးစာအုပ်ကြော်ငြာလေးကို ဓာတ်ပုံလှမ်းရိုက်ယူလိုက်၏။

ပြီးမှ လမ်းထဲမှ စာအုပ်ဆိုင်များသို့ လျှောက်ဝင်ကြည့်သည်။

စူးရှတာရာရဲ့

အလွမ်းညို့ညို့ အချစ်ညို့ညို့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စာအုပ်လေးတစ်အုပ်ကို ဝယ်ယူလိုက်ပြီး စာအုပ်လေးကိုကြည့်မဝ ရှုမဝ။

လူတွေကတော့ သူမကို စူးရှတာရာရယ်လို့ ဘယ်သိမလဲ။ နာမည်ကြီးစာရေးဆရာမတွေတောင် မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ အင်တာဗျူးတွေမှာပါမှ လူသိကြတာ။

တစ်ယောက်တည်း အဖော်ကွဲငှက်ကလေးလို လျှောက်သွားရင်း စာအုပ်လေးတွေ လျှောက်ဝယ်လိုက်သေးသည်။

နောက်မှ နာရီကြည့်ကာ တက္ကစီနှင့်ပင် သူမ အဝေးပြေးကားဂိတ်သို့ ပြန်ဆင်းခဲ့ပါသည်။ ညကားတော့ မီမှကိုဖြစ်မှာ။

ရွှေပိုးအိမ် အဝေးပြေးကားဝင်းထဲ ရောက်တော့ ညနေ (၆) နာရီ။ ဆောင်းဝင်ပြီမို့ အအေးဓာတ်က ခပ်ကဲကဲ။

တစ်နေ့လုံး ဘာမှမစားရသေးတာမို့ ရွှေပိုးအိမ် ထမင်းဆိုင်ကို အရင်ဝင်လိုက်သည်။

ကားလက်မှတ်က မနက်ထဲကယူပြီးသားပါ။ နောက်ထမင်းတစ်ပွဲမှာပြီး ရွှေပိုးအိမ် ထမင်းစားပါသည်။

ခေါင်းလေးငုံ့ပြီး ထမင်းကို ဆေးစားသလို စားနေရတာ ရင်ထဲစူးနင့်နေလို့ပါ။

ဆရာရယ် ရက်စက်လိုက်တာ။





ချစ်သူမထားဖူးလို့ ချစ်သူတစ်ယောက်ကို ဘယ်လိုဂရုစိုက်ရမယ်ဆိုတာ မသိတာလားရှင်။

လူရိုးကြီးမို့ပါ။ ကိုယ်ဝါသနာပါသည့် စာတွေကို တစိုက်မတ်မတ် ရေးသားနေရလို့ လောကဝတ်တွေ နားမလည်လို့ပါလို့တော့ ဆင်ခြေမပေးနဲ့နော်။

ဆရာ နှငယ်လေးကို ဘယ်လောက်ချစ်ခဲ့တယ်၊ ဘယ်လို ဂရုစိုက်ခဲ့တယ်ဆိုတာ ရာဇဝင်ရှိခဲ့ပါတယ်။

ဆရာရေးခဲ့ဖူးတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ထဲမှာ ပိုးအိမ်ဖတ်ဖူးခဲ့ပါတယ်။

နှလုံးသွေးစက်တို့နှင့် မင်တို့ ရေးခဲ့ဖူးသည့် အချစ်နှင့်ထုံမွှမ်းပြည့်စုံခဲ့ဖူးသည့် ရိုးရိုးလေး အချစ်ဖွဲ့ကဗျာ။

ဝတ္ထုတိုလေးပေမယ့် ကဗျာလေးတစ်ပုဒ်လို ထက်သန်လင်းလက် လှပနေခဲ့တာ။

ယခု ပိုးအိမ်နှင့်ကျတော့ ဆရာ စိတ်မပါလို့ ဖြစ်မှာပေါ့။ အေးစက်၊ တိတ်ဆိတ်သည့် ဆရာ့ရဲ့ ရင်ခုန်သံတွေကိုလည်း ရွှေပိုးအိမ် လှုပ်မနိုးချင်တော့ပါ။

ထမင်းစားနေရင်းမှ ဆရာ ရင်ဘတ်ထဲရောက်လာတော့ သူမရဲ့မျက်ရည်တွေ ထမင်းပန်းကန်ထဲ ပြုတ်ကျပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာရယ် …ပိုးအိမ် ဘာတွေဆက်လုပ်ရမှာလဲ။

ဘယ်လိုတွေဆက်ပြီး စခန်းသွားရမှာလဲ။

ဆရာ ပိုးအိမ်ကို အပျော်ချစ်၊ ချစ်နေတယ်ဆိုလည်း ရပ်တန့်လိုက်ပါတော့။

အချစ်ဆိုတာ ပျော်စရာမကောင်းပါဘူးရှင်။

ဂန္ဓဝင်မမြောက်တဲ့ ပိုးအိမ်ရဲ့မျက်ရည်စတွေကိုလည်း ဟိုး ကပ္ပလီပင်လယ်ထဲအထိ မျောလွင့်စေချင်ပါပြီ။

အတွေးနှင့် တရှိုက်ရှိုက်ဖြစ်လာတော့ ရွှေပိုးအိမ် နှုတ်ခမ်းကို ပြတ်မတတ်ကိုက်ထားမိရင်း စားပွဲတိုလေးခေါ်ကာ ငွေရှင်းလိုက်ပါသည်။

အရာမယွင်းလှသည့် ထမင်းပွဲကိုကြည့်ပြီး စားပွဲထိုးလေးကတော့ ခေါင်းကုတ်လျက်။

❁ ❁ ❁



## အခန်း (၁၂)

ချစ်လွန်းတဲ့အခါ စုံလုံးကန်းသွားတတ်ကြတယ်။

အဖြူရောင်ဟာလည်း သိပ်ပြီး ဖြူစင်လွန်းရင် မျက်စိတွေကို ကျိန်းစပ်စေပါတယ်။

ရွှေပိုးအိမ် နားလည်သည့်အချစ်ကလည်း ရိုးရိုးလေး။

သူမက လုတောသားရဲ့ ထမ်းပိုးလေးတစ်ချောင်းမှ–

အစပိုင်းလေးမှာပဲ ပရိုပို့(စ်)လုပ်ခဲ့ပြီး နောက်ပိုင်း တစ်လျှောက်လုံး ပိုးအိမ်ကပဲ အပြေးလိုက်နေရသည့် ဆရာ့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပါပြီ။

အချစ်ခြင်းမညီရင် ဆရာ ပင်ပန်းဆင်းရဲလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



လေတံခွန်လေးလိုပဲ ဟိုး မိုးစွန်တိမ်ဖျားအထိ လွင့်သွားပါတော့ဆရာ။

ယောနသံစင်ရော်လိုပေါ့နော်။ အမြင့်ဆုံးထိ ထိုးဖောက်ပျံသန်းလိုက်စမ်းပါ။

အပိုင့်ဂုက်တစ်ကောင်ကို အလေးခံပြီး တွဲခေါ်မနေချင်ပါနဲ့တော့။ အားမနာပါနဲ့တော့ ဆရာ။

သူမကို ဆရာ မချစ်ဘူး။ ဆရာ့အချစ်က အေးတိအေးစက် စိတ်မပါ့တပါလို့ ယူဆခဲ့လိုက်ပြီမို့ –

မျက်ရည်တွေကြားမှပင် ရွှေပိုးအိမ် ဆုံးဖြတ်ချက်ချလိုက်ပါပြီ။

ရွှေပိုးအိမ်ဆိုတာ ငယ်စဉ်ကတည်းက စိတ်စွမ်းအင်တိုးတက်အောင် မိမိစိတ်ကို မရ ရအောင်ချုပ်ကိုင်မြဲ။

စိတ်အလိုကိုမလိုက်ချင်ပါ။

ဥပမာ–သိပ်စားချင်သည့်အရာကို မစားဘဲနေလိုက်ခြင်းမျိုး။ သိပ်ပြီး လိုချင်သည့်အရာကို မဝယ်ဘဲ နေလိုက်တာမျိုး။

ယခုလည်း ဆရာ့ကို သူမ တစ်ပိုင်းသေလုမတတ် ချစ်ခင်မြတ်နိုးမိပေမယ့် မခွဲချင်မိပေမယ့် –

စိတ်ကိုတင်းပြီး အစိမ်းဖြတ်ပဲ ဖြတ်တော့မည်။





ဆရာသိသည့် ဖုန်းဆင်းကတ်ကို ထုတ်ပစ်လိုက်ပြီး ဆင်းကတ်အသစ်လဲပစ်လိုက်သလို facebook account ကိုလည်း နာမည်အသစ်နှင့် ဖွင့်လိုက်သည်။

ဆရာ့ဝေါကိုတော့ အလွှမ်းပြေဖွင့်ကြည့်မြဲ။ ဆရာ ဘာတွေရေးတင်ထားသလဲ။ ဘာခံစားချက်တွေ ရေးထားမလဲ။ သူရေးသည့်ဆောင်းပါးလေးတွေ ခိုးဖတ်တိုင်း မျက်ရည်ကျရပေမယ့် ရွှေပိုးအိမ် ဆရာ့ကို မဆက်သွယ်တော့ပါ။

ထို့အတူ ရန်ကုန်မြေကိုလည်း သူမ မနင်းတော့ပါ။ ရေးပြီးသား စာအုပ်များကို ကားနှင့်ပို့ပေးလို့ရပြီး ငွေကို ဘဏ်မှ တစ်ဆင့် သွားထုတ်ရုံ။

ဆရာရယ် …

ပိုးအိမ်က မိန်းကလေးပါ။

မိန်းကလေးမှာလည်း သိက္ခာရှိပါတယ်။

တကယ်ဆို ဆရာ ပိုးအိမ်ကို လိုက်ရှာသင့်ပါတယ်။ လာပြီး တွေ့သင့်ပါတယ်။

ပိုးအိမ်က –

သုခနေမင်းသားလေးရဲ့ ဒွေးမယ်နော်လို ငွေတောင်ပြည်မှာနေတာလည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒွေးမယ်နော်လိုလည်း ဘယက်တန်ဆာ၊ ဒွါဒရာတွေလည်း မရှိပါဘူး။

မေးမြန်းစုံစမ်းရင် ရနိုင်တဲ့ သာမန်မိန်းကလေး တစ်ယောက်ပါ ဆရာ။

ကမ္ဘာကြီးလည်း ခြားမနေပါဘူး။

တောင်စဉ် (၇) ထပ်၊ သမုဒ္ဒရာကြီး (၅) စင်းလည်း ခြားမနေပါဘူး။

တစ်နေ့ တစ်နေ့ ကလေးတွေကို စာသင်ချိန်မှအပ အလွမ်းတို့နှင့် ပြည့်နှက်နေခဲ့ရသည့် –

အခွေးဇာတ်ထဲက ကောင်မလေးအတွက် အလွမ်းဆိုတာလည်း ကုန်ကြမ်းပါပဲ။

"ရွှေပိုးအိမ် ချစ်သူတစ်ယောက်လောက် ထားကြည့်ပါလား"

ဆရာ့စကားသံကို ကြားယောင်ရင်း ယခုတော့ ရွှေပိုးအိမ်၏ကဗျာတွေ၊ စာတွေ အသက်ဝင်လာခဲ့ပြီ ထင်ပါသည်။

❋ ❋ ❋



## အခန်း (၁၃)

ဝေးလွင့်။

ပညတ်သွားရာ ဓာတ်သက်ပါနေတာလားတော့မသိ၊ သူဟာ နာမည်ကျော် ပန်းချီဆရာတစ်ယောက်ပါ။

အနုပညာဆိုတာလည်း မအောင်မြင်ခင်သာ ဆင်းရဲမွဲတေ ချွတ်ခြုံကျရပေမယ့် အဆင့်အတန်းတစ်ခု၊ အတိုင်းအတာတစ်ခုထိ အောင်မြင်လာသောအခါ ငွေကြေးဆိုတာ အလိုလို ကပ်လာပြီသား။

ကိုယ်က ငွေအတွက် အလုပ်လုပ်တာ မဟုတ်ပေမယ့် ရသ သိပ်မြောက်နေမည့် ကိုယ့်ရဲ့အနုပညာဖန်တီးချက်တွေက



www.burmeseclassic.com

www.burmeseclassic.com



အချည်းနှီးမဖြစ်တော့ပါ။

အလုပ်တွေ များလွန်းလို့ပါ။

ပန်းချီခန်းမဖွင့်ပြီး ကိုယ့်ပန်းချီကားချပ်တွေလည်း ပြ၊ အခြားသော နာမည် ရ မရ၊ ပန်းချီဆရာတွေရဲ့ ပန်းချီကားချပ်တွေနှင့်ပါ။ သူ့ခန်းမမှာ ဖြည့်တင်းပြသထားမြဲ။

အနုပညာအလုပ်တွေနှင့် သူ့စိတ်တွေ ငြီးစီစီဖြစ်လာသည့်အခါ သူ့အပေါင်းအသင်း ယမကာလုလင်တို့ကိုလည်း စတေးရှောင်ရင်း သူ သူ့တပည့်ပန်းချီဆရာပေါက်စ၏ ဇာတိရွာသို့ လိုက်လာခဲ့ပါသည်။

ရွာကလေးသို့ရောက်တော့ သူ တော်တော် နှစ်လိုချမ်းမြေ့သွားမိ၏။

တော်တော်ပဲ ရှုခင်းလှသည့် ရွာကလေး။

တောင်ခြေ၊ တောစပ်မှာရှိပြီး စိမ့်တွေ၊ စမ်းတွေလည်း ပေါများသည့်ရွာ။

တကယ့်ကို နတ်ပြည် (၆) ထပ်က ရွာလေးတစ်ရွာ။ သူ တပည့်ကျော်ကိုပင် နောက်မိ၏။

"ကြွေပြီကွာ တပည့်ရာ။ မင်းတို့ရွာမှာ ငါ အခြေချမှနဲ့ တူတယ်။ ခြံလေးတစ်ခြံလောက်ဝယ်၊ ဗိုလ်တဲလို ဒါမှမဟုတ် အမေရိကန်သမ္မတကြီး လင်းကွန်းရဲ့ သစ်လုံးအိမ်မျိုးလေး ဆောက်။ စိတ်တူ ကိုယ်တူ ချစ်သူလေးတစ်ယောက်နဲ့ တစ်လ တစ်ခါလောက် လာပြီးအပန်းဖြေ၊ ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်မလဲ"

"ခြံထဲမှာ သီးပင်၊ စားပင်လေးတွေကိုစိုက်။ ကြက်သအုပ်မ (၂) အုပ်၊ (၃) အုပ်လောက် အပျော်မွေး။ ပန်းလေးတွေလည်း စိုက်မယ်ကွာ။ နောက် လေသနတ်ထမ်းပြီး မြိုင်ရာဇာတွတ်ပီလို တောလည်ဦးမယ်လေ။ တကယ့်ကို လောကနိဗ္ဗာန်ပဲ။ ဗန်ဂိုးတို့ ဘာတို့လို တဟီတီထိ ထွက်ပြေးစရာမလိုဘူး။ ဒီရွာလေးနဲ့တင် ငါ့ရင်ထဲ ပြီးပြည့်စုံနေပြီ"

ရောက်ရောက်ချင်းပင် ရွာထဲ လျှောက်ကြည့်ပြီး ဧည့်လွှင့်ချီးမွမ်းခန်းတွေဖွင့်၊ ရွာဋီကာတွေ ရွတ်နေတော့ တပည့်ကျော် သူ့ရက နှာခေါင်းရှုံ့သည်။

"ဆရာရယ် ... မပြီးခင် ဗမာမမြင်စေနဲ့တဲ့ဗျ။ တော်လေးကြာရင် လာပါလိမ့်မယ်။ ညနေစောင်းရင် ကျွဲတွေ၊ နွားတွေ သွင်းလာကြလိမ့်မယ်။ ဖုန်တွေတထောင်းထောင်း။ ညကျရင် ခွေ့ပါလိမ့်မယ်။ လျှပ်စစ်မီးမရှိ၊ ဘာမရှိနဲ့။ ဟိုကဗျာလေးလို နှာငယ်ဖနပုဒ်၊ မီးလေးမှိတ်တုတ်ဆိုတာ ... လာမယ်, လာမယ်။







www.burmeseclassic.com

www.burmeseclassic.com



ဟောဒီထက်ကံကောင်းရင် ရှာလယ်ဘုံဆိုင်က အမူးသမားတွေ အော်ဟစ်သီချင်းဆိုတာတွေ၊ ဗိုလ်တောင်းသံတွေ ကြားရပါလိမ့်မယ်''

သူရက အပျက်ဘက်မှပြောလည်း ဝေးလွင့် စိတ်မပျက်နိုင်။ ချစ်စ ကြင်စ ဇနီးမယားလေးကို သံယောဇဉ်မကုန်နိုင်တာမျိုး။

''ဒီလောက်တော့ ရှိမှာပေါ့ကွာ။ ကျောက်ကောင်းမှန်ရင် အနှာ ဘယ်ကင်းပါ့မလဲ။ ငါနေမယ့် သစ်လုံးအိမ်လေးထဲထိတော့ ဖုန်တွေရောက်မလာ၊ အမူးသမားတွေရောက်မလာလောက်ပါဘူး။ လျှပ်စစ်မီးမရှိလည်း ခုခေတ် ဆိုလာပြားတွေရှိတယ်လေ။ ဆိုလာမီးနဲ့နေမှာပေါ့ကွ။ သူရရာ ငါ့ဘာသာ စိတ်ကူးနဲ့ငြိမ်းချမ်းနေတာလေးတောင် လိုက်ဖျက်တဲ့ကောင်။ တော်တော်ဟုတ်တဲ့ တပည့်''

''ဆောရီး ...ဆောရီး ဟုတ်သားပဲ။ ငါ့ဆရာ သန္တိသုခရနေတာလေး လိုက်ပြီး ဖျက်ဆီးမိနေတယ်။ ကဲ ဆရာ ...ဆက်ပြီးသာ စိတ်ကူးနှင်ပေတော့။ ဂွတ်တယ်ထင် ဒူးသာဒူး''

ဆရာတပည့်နှစ်ယောက် ရှာလမ်းဆုံးအောင် လျှောက်





ကြည့်ကြတော့ ရွာစွန်မှ ကျောင်းကလေးကို လှမ်းမြင်လိုက်ကြသည်။

တောင်တွေ၊ တောတွေ နောက်ခံနှင့်မို့ စာသင်ကျောင်းလေးက ချစ်စဖွယ်။

ထို့ထက်ချစ်ဖို့ကောင်းတာက စာသင်ကျောင်းနှင့် မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီး၏ အမြစ်ပါးပြင်းတွေပေါ်မှာ ထိုင်ပြီး နေဝင်ဆည်းဆာနှင့် အိပ်တန်းပျံငှက်တွေကို ဆွေးဆွေးလေးငေးနေသည့် မိန်းမပျို။

''ဟာ''

''ဘာလဲ ဆရာ၊ သူယောင်မယ်တွေ့လိုက်လို့လား''

သူ လက်ကာပြလိုက်ပြီး ထိုအခြေအနေလေးကို ဓာတ်ပုံရိုက်ယူမိသည်။ နောက်ပါလာသည့် ပုံဆွဲစာအုပ်အကြမ်းနှင့် ကောက်ကြောင်းအကြမ်းဆွဲပြီး မှတ်တမ်းတင်မိပြီ။

ခွင့်ပြုချက်က နောက်မှတောင်းရမည်။

ပန်းချီဆရာမျက်စိနှင့် သိပ်ကို ဆွဲဆောင်မှုရှိသည့် ပုံရိပ်လေး။

မျက်နှာအလှထက် ကိုယ်ဟန်လေးရယ်၊ တစ်ခြမ်းစောင်း မျက်နှာလေးနှင့် ဆွေးမြည့်နေသည့် မျက်ဝန်းလေး



www.burmeseclassic.com

www.burmeseclassic.com



သူ နာရီဝက်လောက်အလုပ်ရှုပ်နေလည်း ယမင်းသူ့ဇာက နေရာမှမလှုပ်။ မှောင်ရီပြင်သန်းလာနေပါပကော။

အဆင်ကြည့်လိုက်ရုံနှင့် သူမဟာ ဒီရွာသူ မဟုတ်မှန်း ဝေးလွင့်သိသည်။

ရွာသူလေးတွေဆိုလျှင် ဒီလိုအားအားလျားလျား ကိုယ့်ရွာကရှုခင်းကို အထူးအဆန်းလုပ်ပြီး ကြည့်နေမှာမဟုတ်။ ကြည့်အားမှာလည်းမဟုတ်။

ပြီး ... ဒီလို သဘာဝအလှကို ခံစားတတ်သည်ဆိုတာလည်း အိုင်ကျူမြင့်မှ အနုပညာကို နားလည်မှ။

အလို ဝေးလွင့်ရင်ဘတ်ကြီးထဲမှ နှလုံးသားဟာ တဒိတ်ဒိတ်နှင့် စတင်ခုတ်မောင်းလာပါပြီကော။

သူ စိတ်ကူးယဉ်သလို သူနှင့်စိတ်တူ ကိုယ်တူ ဝါသနာတူလေးကိုရတော့မှာလား။

သူ့ရဲ့ပန်းချီကားချပ်တွေ အသက်ပိုပြီးဝင်လာဖို့အတွက် သရုပ်ပြမော်ဒယ်လေးတစ်ယောက် ရတော့မှာလား။

သူရက အနားမှ နွားဖြတ်မောင်းသွားသည့် ကာလသားတစ်ယောက်ကို လက်တို့မေးလိုက်သည်။

တပည့်လိမ္မာ၊ ဆရာအာပတ်လွတ်ပေါ့။





"သာဂိ ... အဲဒါ ဘယ်သူလဲကွ။ ရွာထိပ်လာပြီးထိုင်နေတာ ဘယ်ကာလသားမှ မကြောက်တဲ့အတိုင်း"

"အမယ်လေး သွားမလုပ်နဲ့။ အဲဒါ တို့ရွာက ဆရာမလေ။ မစားကောင်းတဲ့အသီးလေး။ မဖိတဲ့ပန်းလေးပါကွာ"

"ဘာဖြစ်လို့လဲ"

"ဟ ... တစ်ရွာလုံးက စောင့်ရှောက်နေရတဲ့ ဆရာမလေးလေ။ ဒီကြားထဲ သူက ကဗျာဆရာမ၊ စာရေးဆရာမတဲ့ကွ။ စူးရှတာရာဆိုလား။ ငါတို့တော့ သူ့စာတွေမဖတ်ဖူးပါဘူးကွာ။ သူ့အလှနဲ့တင် ငါတို့ကာလသားတွေ ယစ်မူးနေရပါပြီ၊ လင်းဆုံးနေရပါပြီ"

"ဘယ်ကာလသားမှ မကြိုက်ရဲဘူးလား။ သူကရော ဘယ်သူ့ကိုမှ အရေးမလုပ်ဘူးလား"

"အဲလိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ... ရွာထဲနဲ့ သိပ်အဆက်အဆံမရှိဘူးဗျ။ ကျောင်းထဲမှာ ဒီလိုပဲနေကြတာပဲ။ ဆရာမ (၃) ယောက်လုံးအပျိုတွေချည်းပဲ။ ရွှေပိုးအိမ်ကတော့ ရနံ့အမွှေးဆုံး ပန်းလေးတစ်ပွင့်ပေါ့ဗျာ။ ကျွန်တော်တို့တောသားတွေနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ ပင်မြင့်စံ ငွေသဇင်လေးပါ"

"အေး ... ရပြီ, ရပြီ ကိုသာဂိရေ။ ကြိုးဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်နေတာ မျှားလားကွာ''

''အဟဲ ... သွားလိုက်ပါဦးမယ်''

''ကြွ ကြွ''

သာဂိ နွားဆွဲပြီး ရွာထဲဆက်လျှောက်သွားလေမှ သူတို့ ဆရာတပည့်နှစ်ယောက် ရွှေပိုးအိမ်ထံ သွားဖို့ပြင်ကြသည်။ ယဉ်ကျေးမှုအရ ခွင့်တောင်းရဦးမည်လေ။

ဝေးလွင့်က သူမပုံကို ဓာတ်ပုံလည်းရိုက်၊ ပန်းချီလည်း အကြမ်းဆွဲမိခဲ့ပြီမို့။

သူတို့ ကြံစည်နေကြတုန်း ရွှေပိုးအိမ် သစ်ပင်ရင်းမှ ထရပ်ကာ ကျောင်းထဲသို့ ပြန်လာဖို့လှည့်လိုက်သည်။

''ဟင်''

သူမကိုရပ်တန့်ကြည့်နေကြသည့် လူ (၂) ယောက်။ ရွယ်တူကာလသားတွေတော့မဟုတ်။ တောသားပုံလည်း မထွက်ပါ။

ပြန်လန်နေအောင် ပြင်မထားပေမယ့် မြင်ရုံနှင့် မြို့သားမှန်းတော့ သိသိသာသာ။

အသက်သုံးဆယ်ခန့် လူရည်မွန်တစ်ယောက်။ ပုံမှန်နှင့်တော့မတူ။ အနုပညာသမားပုံစံ။





ဆံပင်ရှည်ကို နောက်မှ စုစည်းထားပြီး ရှပ်အဖြူ လက်ရှည်နှင့် ပုဆိုးအပြာကွက်နှင့်။

နားမှာလည်း စိန်နားကပ်သေးသေးလေးတစ်ဖက် ပန်ထားပြီး လက်တစ်ဖက်က လက်ကောက်အပြားလေးနှင့်။

''ဟင် ... ယောက်ျားကြီးဖြစ်ပြီး''

ဒီဖိုင်းကတော့ ခေတ်လူငယ်စတိုင်လ်တစ်ဝက်၊ ဂျန်းတဲလ်မန်းစတိုင်လ်တစ်ဝက်။ နောက်တစ်ယောက်ကတော့ အသက်နှစ်ဆယ်ကျော်အရွယ် အရိုးဂျောက်ဂျက်နှင့် ဂျလေဗီရှပ်။

သူမက နေရာတွင်ပင် ခပ်တွန့်တွန့်ရပ်နေတော့ လူထူးဆန်းကြီးက နူးညံ့သောအပြုံးနှင့် ရှေ့သို့ တစ်လှမ်းချင်းတိုးကပ်လာလေသည်။

''ကျွန်တော့်နာမည် ဝေးလွင့်ပါ ဆရာမ။ ဆရာမက ဒီကျောင်းမှာ စာသင်တဲ့ ရွှေပိုးအိမ် ခေါ် စာရေးဆရာမ နူးရှုဘာရာနော်''

အင်း ... ရွာထဲကတစ်ယောက်ယောက်တော့ အချွန်နဲ့ မှ့ထားပြီထင်တယ်။

''စာရေးဆရာမရယ်လို့ မဟုတ်သေးပါဘူး။ အခုမှ ကြိုးစားဆဲအဆင့်ပါ။ လူမသိ သူမသိအဆင့်ပါရှင်''

www.burmeseclassic.com



"ဆရာမကြည့်ရတာ ပါရမီပါပုံရပါတယ်"

"ဘာတွေ့လို့လဲ၊ ကျွန်မပုံစံက ထူးခြားနေလို့လား"

"အင်း ... ထူးခြားတယ်။ အများနဲ့မတူတဲ့လက္ခဏာတွေ တွေ့ရတယ်။ သာမန်မိန်းမငယ်လေးတွေမှာ မတွေ့ရတဲ့ စရိုက်၊ လက္ခဏာမျိုးတွေ တွေ့ရတယ်"

"ဟုတ်မှာပေါ့၊ ကျွန်မ သူတို့လိုကောက်မစိုက်တတ်ဘူး။ ဆန်မဖွပ်တတ်ဘူး။ ရေအိုးနဲ့ ရေမခပ်တတ်ဘူး။ ကောက်လည်း မရိတ်တတ်ဘူး"

"ဒါကတော့ ... လူတွေရဲ့ဗီဇနီယာမကိုက အလုပ်တာဝန်ဝတ္တရားတွေ ခွဲခြားပြီးသားလေ။ ဆရာမ ကောက်စိုက်တတ်စရာ မလိုပါဘူး"

"သဇင်ဦးနှင့် နှင်းဆီရိုရို၊
ဆည်းဆာကြည်မြ အိပ်တန်းထပျံ"

ဆိုပြီး ကဗျာလေးတွေ နှစ်သက်တတ်တာ၊ ဖွဲ့ဆိုတတ်ရင်ပဲ လောကထဲ ဝံ့စားလှပါပြီ။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ကဲ ... ကျွန်မကို ပြန်ခွင့်ပြုပါဦး ဦးဝေလွင်"

"ဟာ ... သွားပြီ"





"ဘာဖြစ်လို့လဲ၊ ကျွန်မခေါ်တာ မှားလို့လား"

"မှားတာပေါ့၊ မှားတာမှ အကြီးအကျယ်ကို မှားတာ။ ကျွန်တော့်နာမည်က ဝေးလွင့်ပါ။ ဝေးကွာခြင်း၊ လွင့်ပါးခြင်း အဓိပ္ပာယ်"

"ကလောင်နာမည် သဘောမျိုးလား။ ဦးဝေးလွင့်က စာရေးဆရာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က ပန်းချီဆရာပါ"

"ဩော်"

"ပန်းချီဆရာဆိုတာ သိပါတယ်နော်"

"ဩော် ... ကျွန်မက နလပိန်းတုံးမှ မဟုတ်တာ သိတာပေါ့။ ဦးဘကြည်၊ ဦးသောင်းဟန် ဦးမောင်မောင်သိုက်၊ ပေါ်ဦးသက်၊ နောက် ခင်ဝမ်းလည်း ဆွဲတာပဲ။ ဦးဝသုန်၊ ဦးကျော်သောင်း၊ တင်လှဝင်းထင် ... အင်း ... လောလောဆယ်တော့ နာမည်တွေ မေ့နေတယ်"

"တော်သေးတာပေါ့၊ ပန်းချီကားချပ်တွေရော နှစ်သက်လား။ ဆရာမမှာ ပန်းချီကားချပ်လေးတွေ ရှိဖူးသလား"

"ပန်းချီပြခန်းတွေ ကျွန်မ ကြည့်ဖူးပါတယ်။ ပန်းချီကားချပ်တွေတော့ မဝယ်ဖူးပါဘူး။ ဈေးကြီးတယ်။ ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်ကို သိန်းချီနေတာကြီး။ ဘယ်ဝယ်နိုင်မလဲ။ ပန်းချီဆရာတွေကလည်း သူတို့ပန်းချီကားချပ်တွေကို နိုင်ငံခြားသားတွေ ရောင်းဖို့ပဲ ရည်ရွယ်တယ် ထင်ပါတယ်''

သူကလေး၏ လွတ်လပ်ပွင့်လင်းသောအမြင်။

''ကောင်းပြီ၊ ကျွန်တော် ရွှေပိုးအိမ်ရဲ့ ပုံတူပန်းချီကား တစ်ချပ် ဆွဲပေးမယ်''

''ဟာ ... ရက်စရာကြီး။ ပြီး ကျွန်မမှာ ပိုက်ဆံလည်း မရှိပါဘူး။ အလုပ်ရကတည်းက ကိုယ့်လစာနဲ့လောက်အောင် သုံးတဲ့အကျင့် လုပ်လိုက်ပြီ။ ရှင်ဆွဲပေးချင်ရင် ရွာထဲမှာ သူဌေး သမီးတွေ ရှိတယ်။ ဒါတောင် တောသူတောင်သားတွေက ကပ်စေးနဲတယ်ရှင့်။ ငွေရှာရတာ မလွယ်ဘူးလေ။ ငွေတွင်းနက်တယ် မဟုတ်လား''

ပြောချင်ရာတွေ စွတ်ပြောနေသည့် ကောင်မလေး၏ စကားတွေက သူ့အတွက်တော့ ချစ်စဖွယ်။

''ကျွန်တော် အလကားဆွဲပေးမှာပါ။ အနုပညာသည်တိုင်း ငွေနောက်ကို တတန်းတန်းလိုက်မနေကြပါဘူးဗျာ။ ကိုယ်ဝါသနာပါရာကို တစူးနစ်နစ် တစိုက်မတ်မတ်လုပ်ရင်းနဲ့ ငွေရေးကြေးရေးကိစ္စတွေက ကျွဲကူးရေပါ ဖြစ်လာကြတာပါ''





''အလကားဆွဲပေးလည်း ရှေ့ကထိုင်ပြနေရမှာ။ ကျွန်မ ရှက်တယ်။ နေပါစေ ဦးဝေးလွင့် ... ဒီရွာရဲ့ ရှုခင်းအလှတွေ၊ ရေမြေတောတောင်တွေက အရမ်းလှပါတယ်။ သဘာဝသယံဇာတ အလှတွေနဲ့ ပြည့်လျှံနေတဲ့ ဒီနေရာမှာ ရှုမျှော်ခင်းပုံတွေပဲ ဆွဲပါ။ ကျွန်မက ဘာမှ ဂန္ထဝင်မမြောက်ပါဘူး''

လိမ္မာပါးနပ်စွာပဲ ငြင်းတာလား။ ဝေးလွင့် ရွှေပိုးအိမ်ကို ခပ်စူးစူးကြည့်မိသည်။

ဒီရွာရဲ့ ရှုခင်းတွေ၊ ရေမြေတောတောင်တွေကပဲ သဘာဝသယံဇာတတွေ မဟုတ်ပါဘူးဗျာ။ ဆရာမကလည်း တကယ့် သဘာဝသယံဇာတပါ။

အဆင်းရော၊ အချင်းနဲ့ပါ ပြည့်စုံတဲ့ပါရမီရှင်လေးပါ။

ပြေပြစ်ပြီး ချစ်စဖွယ်ကောင်းသည့် ရုပ်အဆင်းက ဖြူစင်နုသစ်မှုနှင့် အလင်းဖြာနေသလို အနုပညာခံစားတတ်သည့် နှလုံးသားပိုင်ရှင်လေးမို့လည်း တန်ဖိုးမဖြတ်နိုင်။

သူ့စိတ်ကူးထဲမှ မိန်းမပျိုကို အပြင်မှာ မျက်ဝါးထင်ထင် တွေ့နေရပါပကော။

မိန်းမချောလေးတွေပေါ်ပေမယ့် တစ်ရာမှာ ကိုးဆယ့်ကိုး ယောက်လောက်က မဆုံးနိုင်သည့် ရုပ်ဝတ္ထုနောက်သို့သာ



www.burmeseclassic.com

www.burmeseclassic.com



တကောက်ကောက်လိုက်တတ်ကြတာမျိုး။

အလှအပပစ္စည်းမျိုးစုံကိုသုံးပြီး မိမိကိုယ်ကို လှသထက်လှအောင် ပြင်ဖို့၊ ပစ္စည်းဥစ္စာချမ်းသာသူကို ရွေးချယ်ရယူဖို့ ဒါတွေပဲ သူတို့ စိတ်ဝင်စားတတ်ကြတာ။

စာတွေ၊ ကဗျာတွေ၊ ပန်းချီကားချပ်တွေကို နှစ်လိုတတ်သည့် မိန်းမငယ်လေးတွေဆိုတာ တစ်ရာမှာတစ်ယောက်မျှသာ ရှားပါးသယံဇာတ။

အတွင်ငြင်းနေသည့် ရွှေပိုးအိမ်ကို ဝေးလွင့် စိတ်ရှည်နားလည်သည့် အပြုံးနှင့် နှုတ်ဆက်ရပါသည်။

"ကျွန်တော် ရန်ကုန်မြို့ကြီးမှာ မွန်းကျပ်လို့ စတေးရှောင်ရင်း ဒီရွာမှာ သောင်တင်ဦးမှာပါ။ ဆရာမနဲ့ စာအကြောင်း ပေအကြောင်း၊ အနုပညာအကြောင်းတွေ ဆက်ပြီးဆွေးနွေးချင်ပါသေးတယ်"

"ကျွန်မတို့ရိပ်သာက ဆရာမ (၃) ယောက်စုပြီးနေတာ။ သူတို့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ပါဘူး"

ရွှေပိုးအိမ် တစ်ခါတည်း လမ်းစဖြတ်နေဟာလား။ မခံချင်စရာကောင်းပေမယ့် အချို့သောတောယုန်လေးတွေဟာ လူကြောက်တတ်တာ သဘာဝမို့ ဝေးလွင့် နားလည်ပေးနိုင်သည်။





"ကဲ ... ဟုတ်ပါပြီဗျာ၊ တကယ့်ကို ညှို့ခံကောင်းတဲ့ အိမ်ရှင်တစ်ယောက်အဖြစ် ဂရင်းနစ်စံချိန်ဝင်သွားနေပါဦးမယ်ဗျာ"

"အံမယ် ... ကျွန်မလည်း ညှို့သည်ပဲဥစ္စာ။ ဒီရွာသားမှ မဟုတ်တာ"

ဒါတော့ ချက်ချင်းပင် ပြန်လည်ချေပတတ်သား။

"အနေကြာရင် အိမ်ရှင်လို့ မည်ပါတယ်ဗျာ။ ကျွန်တော် ရွှေပိုးအိမ် ငေးနေတဲ့ပုံလေး ကောက်ကြောင်းဆွဲထားမိတယ်။ ဓာတ်ပုံလည်း ရိုက်ထားမိပါတယ်။ ပန်းချီကားဖြစ်သွားရင် လာပြီး ပြပါဦးမယ်"

"ဟင်"

အပြင်မှာ မှောင်ရီသန်းလာပြီမို့ ရွှေပိုးအိမ် ကျောင်းထဲသို့ ဝင်သွားပုံက ကလေးလေးတစ်ယောက်လို။

နှုတ်လည်းမဆက်၊ ဝင်ပါဦးလို့လည်း မဖိတ်ခေါ်။ လူမှုရေးတွေမသိသည့် ပီဘိကလေးသူငယ်တစ်ဦးပမာ။

သူကလေး စကားပြောရင်းတန်းလန်း ကျောင်းထဲဝင်သွားပုံက နာရီစက္ကန့်တံလို မထူးဆန်းသည့်ပုံစံ။

သို့သော် ဝေးလွင့်ရင်ထဲ နှလုံးသားတစ်ခွေလုံး ဆွဲနှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရသလို ခံစားလိုက်ရတာကရော ဘယ်လိုကြီးလဲ။

ဝေးလွင့်ဆိုတာ နာမည်ကြီး Artist တစ်ယောက်မို့ မိန်းမချောလေးပေါင်းများစွာနှင့် ရင်းနှီးဆက်ဆံဖူးပါသည်။ မကြုံဖူး၊ မချစ်ဖူးခဲ့သည့် အစိမ်းရောင်လူသားတစ်ယောက်မဟုတ်။

သို့ပေမဲ့ သည်တစ်ခါတော့ အစိမ်းရောင်လူသားကြီး ကွဲပြီ။

သူကလေးက လူမှုရေးမသိသလိုနှင့် ခပ်တည်တည် ဝင်သွားနိုင်တော့ ဝေးလွင့်လည်း ခပ်တည်တည်နှင့် ဝင်လိုက်ဖြစ်တာပေါ့။

သူရကတော့ နောက်မှ ခြေမကိုင်မိ၊ လက်မကိုင်မိပုံစံနှင့် ခေါင်းကုတ်နေ၏။

ငါ့ဆရာတော့ များနေပြီ။ ဘယ်ချက် ဝိုင်းအရိုက်ခံရမလဲ။

ဒါ ရပ်ရွာက ဝိုင်းပြီး စောင့်ရှောက်နေသည့် မိန်းမပျို။

"ဆရာ ပြန်ကြပါစို့ဗျာ။ နောက်နေ့မှ ဆက်ကြပါ။ အခုတော့ ပြန်ကြပါစို့"

သည်တော့မှ သူ ရွှေပိုးအိမ်ကို လှမ်းနှုတ်ဆက်ပြီး ကျောင်းဝန်းထဲမှ ထွက်ခဲ့သည်။





ကောင်မလေးရယ်။

ညို့ချက်ပြင်းတယ်။

မသိန်းနုရုပ်ကလေးနဲ့။

ခပ်မိုက်မိုက် နှလုံးသားလေးရှိလို့ ကိုယ် တကယ်မြတ်နိုးကိုးကွယ်မိတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူရတို့အိမ်က ရွာလယ်မှာ။ ရွှေပိုးအိမ်တို့ကျောင်းနှင့် သိပ်မဝေးလှ။ ဆိုင်ကယ်စီးသွားလျှင် ခဏလေးပေါ့။

သစ်သားနှစ်ထပ်အိမ်ကြီးပါပဲ။ စီးပွားရေးအခြေအနေ ကောင်းပုံရသည်။

ဟင်းချက်တွေက မြိုင်မြိုင်ဆိုင်ဆိုင်။ တောနှင့် နီးသည့်မို့ တောအစားအစာတွေရသည်။

ယုန်သားကင်၊ ဆတ်သားအစိုချက်၊ နောက် တော ကြက်သား ကာလသားချက်၊ ပဒပ်စာဟင်းချို၊ မကျည်းရွက်သုပ်၊ ငါးပိရည်တို့စရာ။





ဝေးလွင့် သူရကို နောက်မိသည်။

"သူရ ... မင်း ဆတ်သား စစ်ပါတယ်နော်။ ငါ တစ်ခါ ကျိုက်ထီးရိုးရောက်တုန်းက ဆတ်သားခြောက်ကင်ဆိုလို့ ဝယ်စားကြည့်တာ။ အမဲသားတွေ ဖြစ်နေတယ်ကွ"

"အမဲသားဆိုတော်သေးတာပေါ့ အာစရိ။ ခွေးသားတွေ ဖြစ်နေမှ ပိုဆိုးမှာ"

သူတို့ဆရာတပည့် နောက်နေတာကို သူရအမေ ဒေါ်ခင် ချစ်က ဝင်ပြီး အာမခံနေသဖြင့် ရယ်နေကြရ၏။

"စိတ်ချစမ်းပါ ဆရာလေးရယ်။ မုဆိုးတွေ အကောင် ဖျက်တဲ့အနားကိုသွားပြီး ဝယ်လာခဲ့တာပါ"

"ကန်တော့ ... ဒေါ်လေး ကန်တော့၊ ကျွန်တော်နဲ့ သူရက နောက်နေကျမို့ နောက်တာပါ"

"ဩော် ... သိပါဘူး၊ အင်း ... ခုလို ဟင်းလေးစုံ တော့ ဆရာမ လေးတွေကို ထမင်းဖိတ်ကျွေးချင်လိုက်တာ"

"ဗျာ ... အမေကလည်း ကိုယ့်အိမ်မှာလည်း ကလေး မရှိဘဲနဲ့။ တော်ကြာ အမေ့သားလူပျိုသိုး ပြန်လာလို့ ထမင်း ဖိတ်ကျွေးတယ်ဆိုပြီး ရွာထဲမှာ စကားတင်းဖွဲ့နေကြပါဦးမယ် ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... အကောင်၊ နင့်ရုပ်နဲ့များ တူသလား တန်သလား။ ထင်ချင်စရာလားဟဲ့"

"ဟာ ... အမေကလည်း ကိုယ့်သားဘက်တော့မပါဘဲ မနာဘဲ သူ့ဝမ်းမနာသမီးတွေဘက်ကနာနေတယ်။ အမေ့ဆရာမတွေက ဘယ်လောက်တောင် တော်တတ်ပြီး မိန်းမပီသနေကြလို့လဲဗျ။ တစ်ယောက်ကဆို ကဗျာရူး၊ စာရူး ကြောင်တောင်တောင်"

သူရ သူ့အမေနှင့် စကားနိုင်လုနေတာက ကိစ္စမရှိ။ ကြားထဲမှ ဝေးလွင့် မျက်စိမျက်နှာပျက်ရသည်။ ကြည့်စမ်း။ ခွေးသူတောင်းစား၊ ငါ့နတ်ဖုရားမလေးကို ပြောရက်လိုက်တာ။

အလကား မစားရတဲ့စပျစ်သီး ချဉ်နေတာ။

"တော်တာပေါ့ ... တတ်တာပေါ့။ (၃) ယောက်ထဲမှာ မျက်နှာဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းလေးနဲ့ ကလေးရုပ်လေးနဲ့ ဆရာမလေးကို ငါချစ်တယ်။ ငါ ပန်းသွားသွားပေးတာ (၂)ခါရှိပြီ။ သူကလည်း အမေ ... အမေနဲ့"

"အမေကလည်းဗျာ ဆရာမတွေက ဒီလိုပဲ ရှာစဉ်လုည့်ပြီး ညာစားနေကျဗျ။ အမေ့ကိုညာနေတာ။ ကိုယ့်သားပဲကိုယ်ချစ်၊ ကိုယ့်သားပဲကိုယ်ကျွေး၊ သူများညာတာ ခံမနေနဲ့"





သူရအဖေကတော့ ရေနွေးကြမ်းသောက်ရင်းနှင့် သူတို့သားအမိကို ပြုံးကြည့်နေ၏။ ဝေးလွင့်ကတော့ နားစွင့်ရင်း အစားမပျက်။ ဒီလိုတောစာက စားရခဲတယ်လေ။ တောရောက်မှစားရတာ။

"ဟဲ့အကောင် ... နင်က ဘယ်လောက်အားကိုးရလို့လဲ။ ဟိုတစ်လောက ငါ နေမကောင်းဖြစ်တော့ အဲဒီဆရာမလေးတွေပဲရောက်လာပြီး ငါ့ကိုပြုစုဖော်ရတယ်ဟဲ့။ ကြက်စွပ်ပြုတ်ပြုတ်ပေးတဲ့သူကပေး၊ ရေပတ်တိုက်တဲ့သူကတိုက်၊ ဆေးဆရာဖုန်းဆက်ခေါ်တဲ့သူက ခေါ်နဲ့။ ငါ့ဖြင့် (၃) ယောက်လုံးကိုသာ ချွေးမတော်လိုက်ချင်တော့တယ်"

"အမယ်လေး အမေ ... စိတ်လျှော့ စိတ်လျှော့။ (၃) ယောက် လုံးကို သားယူရရင် သား ခေါင်းမွေးပြောင်လိမ့်မယ်"

"ပြောင်မှာ ပြောင်မှာ၊ နင်သောက်သုံးမကျတာနဲ့ ဆရာမလေးတွေနဲ့ မတန်ပါဘူး။ သူတို့ဘက်ကနာတယ်"

သားအမိ (၂),ယောက်၏ အချေအတင်စကားရည်လုပွဲကို နားထောင်ရင်း ဝေးလွင့်ရယ်မောပါ၏။ ပြီး ... ဒေါ်ခင်ချစ်၏အကြံအစည်ကိုလည်း ရုပ်လုံးပေါ်အောင် ဖိအားပေးရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ဒေါ်လေး။ ဟင်းစုံတုန်း ထမင်းစားသာ ဖိတ်။ ကျွန်တော်လည်း သူတို့အထဲက စာရေးဆရာမလေးနဲ့ စကားစမြည် ပြောချင်တယ်၊ ခင်ချင်တယ်"

"အေး အေး ... ညစာစားဖို့ သွားဖိတ်မယ်။ ရွာထဲက ဘယ်သူမှ မကဲ့ရဲ့ပါဘူးတော်။ ဆရာမလေးတွေခမျာ တစ်နယ်က လာနေကြရရှာတာ။ အဒေါ်တို့ရွာခံတွေ ဖိတ်ကျွေးမှ အူစိုရရှာတာ။ သူရနော် နင့်ပါးစပ်ကို ပိတ်ထား။ ငါချစ်တဲ့ မျက်နှာပိုင်းလေးနဲ့ ဆရာမကို ပြောလို့ရရင် နင်ယူရမယ်"

"ဟား ... နေရင်း ထိုင်ရင်းတော့ မိန်းမတစ်ယောက် အဖတ်တင်တော့မယ်နဲ့တူတယ်။ အမေရယ်၊ သားက ပန်းချီဆရာ ဖြစ်ချင်တာပါ။ အခုဆို ဆရာ့အိမ်မှာလိုက်နေပြီး ဆည်းပူးလေ့လာတဲ့ အဆင့်ကနေ ကိုယ်တိုင်ဆွဲတဲ့အဆင့် ရောက်နေပြီဗျ"

"မပိုနဲ့၊ နင်ဖြစ်မြောက်မှာလည်း မဟုတ်ဘူး။ ဘွဲ့တစ်ခုရအောင် ပညာသင်ပေးပြီးပြီပဲ။ ယောင်ခြောက်ဆယ် လုပ်မနေနဲ့တော့။ ရွာပြန်ပြီး ကျောင်းဆရာလုပ်ရင်းနဲ့ လယ်ထွန်ပေတော့။ နင့်အဖေလည်း အသက်ကြီးပြီ"

ဒေါ်ခင်ချစ်စကားကြောင့် သူရမျက်နှာ မကျည်းရွက်လောက် ရှိနေတုန်း –





ဝေးလွင့်ကတော့ ညနေကျလျှင် ထမင်းလာစားမည့် မမရွှေပိုးအိမ်နှင့် ဘယ်လိုတွေ သိမ်းသွင်း စည်းရုံးရပါ့မလဲဟု စဉ်းစားနေမိသည်။

ထိုနေ့က ပန်းချီကား (၂) ချပ် ကောက်ကြောင်းဆွဲပြီးခဲ့ပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ညနေ (၆) နာရီလောက်မှာ ဒေါ်ခင်ချစ်ကိုယ်တိုင် သွားခေါ်လာခဲ့သည့် ဆရာမလေး (၃) ယောက် ရောက်လာခဲ့ပါပြီ။

သူရက သူ့အမေကို မေးဆတ်ပြီး ရှုံ့မဲ့ပြနေ၊ လက်ခါပြနေပေမယ့် ဝေးလွင့်ကတော့ ရယ်နေမိသည်။

"အမေနဲ့တော့ ခက်ပြီ။ ဟိုက ညာစားနေကြတာကို အဟုတ်ကြီးမှတ်နေတယ်။ သူက သားတစ်ယောက်တည်းရှိလို့ သမီးရှူး ရှူးနေတာ။ ဘုန်းကြီးရှူးနဲ့လှေလှူး တွေ့နေကြတာ"

"ဒီလောက်ကြီးလည်း မပြောပါနဲ့ကွာ။ သူစိတ်ချမ်းသာနေတာလေး မဖျက်ဆီးပါနဲ့"





ဆရာမလေး (၃) ယောက်မှာ တစ်ယောက်တစ်မျိုးစီနှင့်ချစ်စရာ။ သူ့ရွှေပိုးအိမ်လေးကတော့ အလှဆုံး၊ အလင်းလက်ဆုံးကြယ်တာရာလေးပေါ့။

(၃) ယောက်လုံး ယဉ်ယဉ်ကျေးကျေးလေးတွေပါ။ ထိုအထဲမှာ ဒေါ်ခင်ချစ် သဘောကျသည့် မျက်နှာဝိုင်းဝိုင်းလေးကပိုပြီးရိုးရှင်းသည်။ လူကြီးကြိုက်ပုံစံလေး။ အဆင်ကြည့်ရတာတောသူမလေးတစ်ယောက်လည်း ဖြစ်ပုံရ၏။

ဆံပင်လေးကို နှစ်ပတ်လျှိုရစ်ပတ်ထုံးထားပြီး ချည်ထည်ဝမ်းဆက် အပြာနုရောင်လေးနှင့်။ သနပ်ခါးပါးကွက်ကြားလေးကလည်း လုံးတန် ရပ်တန်။

ဝေးလွင့် သူရကို တိုက်တွန်းလိုက်ပါ၏။

"မင်းအမေသဘောကျတဲ့ တစ်ယောက်က မဆိုးပါဘူးကွ။ ချစ်စရာလေး။ လိမ္မာတဲ့သားလေးဖြစ်အောင် ခေါင်းညိတ်လိုက်ပါလား"

"ဟာ ... အာစရိကလည်း ကျွန်တော်က ပန်းချီဆရာကြီး ဖြစ်ချင်တာ"

"အဲဒီအလုပ်တွေက လုပ်ယူလို့မရဘူးကွ။ ပါရမီပါမှရတာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကျွန်တော့်ကို ပါရမီမပါဘူးလို့ ပြောချင်တာလား"

"မဟုတ်ရပါဘူးကွာ၊ မင်းသဘောပါ"

ဆရာမလေး (၃) ယောက်ကတော့ ဒေါ်ခင်ချစ်နှင့်အတူ မီးဖိုထဲမှာ လုံးထွေးနေပေပြီ။ သူရအဖေ ဦးအောင်မြင့်ကလည်း တပြုံးပြုံးနှင့်၊ သဘောကျနေပုံ။

အတန်ကြာလျှင် မီးဖိုဘက်မှ ဒေါ်ခင်ချစ်အသံ ကြားလိုက်ရပါ၏။

"ဆရာလေးနဲ့အိမ်ကကောင် လာဟေ့။ အဖေကြီးပါလာလေ။ မိသားစုလက်ဆုံစားရခဲ့ပါဘိ"

"အင်"

အမေ ဒေါ်ခင်ချစ်တော့ မတူတာတွေ ဆွဲစေ့နေပါပြီ။ ဆရာမလေးတွေ မျက်နှာပူ မပူတော့မသိ။ သူတို့ (၃) ယောက်ကတော့ ရှိုးတိုးရှန့်တန့်ကြီး ဖြစ်နေလေပါပြီ။

အင်းလေ ...ခေတ်ကာလကြီးကိုက ရေများရေနိုင်၊ မီးများမီးနိုင်ကြီးဥစ္စာ။

ယခု အိမ်မှာ အမျိုးသမီးက (၄) ယောက်၊ အမျိုးသားက (၃) ယောက်တည်း။ သူတို့အုပ်စုက အားနည်းရသည့်ကြားထဲ





သူရတစ်ယောက် ကြည့်ရတာလည်း မျက်နှာကြီးရဲလို့။

ကေန္တ ဒီကောင် သူ့အမေပြောသည့် မျက်နှာပိုင်းလေးဆိုတာကို ဟတ်ထိသွားပြီထင်ပါသည်။ ခွေးကောင်၊ လေတစ်လုံး မိုးတစ်လုံးနှင့်ပြောပြီး နွေချင်း ညချင်းပင် ကြွေတော့ သေတော့မည့်ရုပ်ကြီးနှင့်။

ဘာပဲပြောပြော သူတို့ (၃) ယောက်သား ထမင်းစားရန် မီးဖိုဆောင်ဘက်သို့ ချီတက်ရပါ၏။ တရွေ့ရွေ့နှင့်ပေါ့။

အားလားလား ...

ရှေးသီချင်းထဲကလိုပါပဲ။

နီးဒေါင်းလန်းကြီး မဟုတ်ရုံတမယ်။

စားပွဲခုံအဝိုင်းကြီးပေါ်မှာ ဟင်းခွက်တွေက အလျှံပယ်။ လူက ပေါင်း (၇) ယောက်။

သူ ထန်းတက်သမားဘွဲ့တျာချင်းကို ပြေးပြီး သတိရလိုက်ပြန်တာပါပဲ။

လူတွေများလွန်းလို့ ဒူးတောင်မဝင်သာတဲ့ အကြောင်း။

"ကဲ ...ထိုင်ကြ ထိုင်ကြ"

သူတို့အလျဉ်းသင့်သလို ဝင်ထိုင်လိုက်တော့ စက်ဝိုင်းပုံ စားပွဲကြီးဘေးမှာ သူရနှင့်မျက်နှာပိုင်းလေး အတူကျသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဒေါ်ခင်ချစ်ဘေးမှာ။ သို့သော် သူနှင့် မျက်နှာချင်းဆိုင်က ရွှေပိုးအိမ်။

ဒေါ်ခင်ချစ်က သူ့ဆရာမလေးများနှင့် သူတို့ကို မိတ်ဆက်ပေးလေ၏။

"ဒါလေးက ရွှေပိုးအိမ်။ ဒါက ပပဝတီ"

"ဟုတ်ပါဘူး အမေရဲ့ ပပဇာခြည်ပါ"

"သိပါဘူးအေ ညည်းတို့နာမည်တွေ။ အဲ ... ဒါလေးကတော့ ငါ့ချွေးမလေး ပန်းနုနှင်းဆီတဲ့"

"အမေကလည်း ပန်းနုနှင်းပါ"

"ပန်းနုနှင်းဆီပဲ ကောင်းပါတယ်အေ။ ငါ့သား မင်္ဂလာဆောင်ဖိတ်စာမှာ အဲလိုပဲ ထည့်မှာ"

ဟား ... ဒုက္ခကြီးပါလား။

တောသူမကြီးရဲ့အောင်သွယ်စကားက ဘောင်ကျော်လွန်းသဖြင့် သူ့ရဲ့မျက်နှာရဲရာမှ မည်းလာပြီး မြင်လို့ပင် မကောင်းတော့။

သို့သော် ... ဆရာမလေးများကတော့ ဖြူပြင်မဖြူ။ အဆင်ကြည့်ရတာ ဒီရွာသားတွေနှင့် သူတို့ဟာ ဘာမှမဆိုင်သည့်နှယ်။





အင်းလေ ... ရှက်တယ်ဆိုတာကိုက မရှိသားလို့လေ။

ဆရာမလေးတွေကတော့ ဖြူစင်သည့်အပြုံးလေးတွေနှင့်။ ဒေါ်ခင်ချစ်တင်မက ရွာထဲမှ အမျိုးသမီးကြီးတွေ ဘာပဲပြောပြော ခွင့်လွှတ်ထားသည့်ပုံ။

ဘုရားရေ ... သူရပြောသလို ညာများစားနေကြတာလား။

"ကဲ ... အဖေကြီးကို အရင်ဦးချလိုက်ပြီ။ ကဲ ... ထည့်စားကြ။ စားကြ ... ဘာမှအားမနာနဲ့နော်။ သမီးတို့ ထည့်စားကြ"

ထမင်းပွဲကြီး စတင်ဖွင့်လှစ်ပါပြီ။ ဒေါ်ခင်ချစ်က ဦးအောင်မြင့်ကို ဟင်းတစ်ဖွန်း ဦးချပြီးသည်နှင့် ပါမစ်စတင်ပေးလေ၏။

ဆရာမလေးများက သူတို့နှင့်နီးသည့် ငါးပိ တို့စရာနှင့် ဟင်းချိုလောက်သာ ထည့်စားနေလျှင် ဒေါ်ခင်ချစ်ထံမှ ညွှန်ကြားချက် ထွက်လာပြန်ပါ၏။

"ဟဲ့သူရ ... ဆရာမလေးတွေကို ဟင်းထည့်ပေးဦးလေ၊ နင်ချည်း ငုံ့စားမနေနဲ့"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှမှာ မသောက်ရသေးသည့် အရက်သမားလို လက်တွေ တုန်တုန်ယင်ယင်နှင့်။ ကြက်သားဖတ်ကိုဆယ်ပြီး ပန်းနုနှင်းဆီထည့်တော့ ဟင်းဖတ်က ချော်ပြီး ဘေးကို ဘုတ်ခနဲ ကျသွားလေ၏။

ဆရာမလေးတွေက ခစ်ခနဲရယ်လေတော့ ကိုယ့်လူ့ပုံစံက ထပြေးတော့မည့်ဟန်။

ခက်တော့တာပဲ၊ ငါ့ကောင်တော့ ဒီတောင်ကိုကျော်နိုင်ပါဦးမလား။

အဲ ... ငါကတော့ ရအောင်ကျော်မယ်။

သူ ဟင်းပန်းကန်ထဲမှဖွန်းကို ကိုင်ပြီး ဆရာမလေး (၃) ယောက်လုံးကို ခပ်ထည့်ပေးပစ်လိုက်သည်။

"တော် ... တော်ပါပြီရှင့်"

သူမတို့ပန်းကန်တွေထဲမှာ ဟင်းဖတ်တွေနှင့် ပြည့်ဖုံးသွားတော့မှ သူ ကိုယ့်ထမင်းကိုယ် ဂရုတစိုက်စားဖြစ်လိုက်ပါသည်။





ပန်းချီဆရာဆိုတာလည်း ရုပ်ရှင်မင်းသားလောက် ရေပန်းမစားပေမယ့် ဆရာမလေးများ စိတ်ဝင်စားပါသည်။

သူ့ဆွဲလက်စ ပန်းချီကားများကို ကြည့်ရင်း သူပြောသည့် အနုပညာအကြောင်းတွေကို နားထောင်ဖော်ရသည်။

ပပဖာခြည်နှင့် ပန်းနုနှင်းက အရှိုင်းသက်သက်။ အနုပညာနှင့် ကင်းဝေးသည်မို့ သူတို့မေးခွန်းတွေက ကပေါက်တိကပေါက်ချာ။

ရွှေပိုးအိမ်ကတော့ မှောင်ရိပ်ကွယ်ခါ သူပြောတာတွေကို တိတ်တဆိတ် နားထောင်နေ၏။ ဘာတစ်ခွန်းမျှ ဝင်ပြီး မဆွေးနွေး။

ပပဖာခြည်ပုံစံက သူ့ကို အထင်ကြီးနေပုံ။ ဘာမှလည်း မသိဘဲနှင့် သူ့ရပြောသည့် ပန်းချီကားချပ်တွေ၏တန်ဖိုးကြောင့် အထင်ကြီးတာလားပင်။

ရွှေပိုးအိမ် ထိုင်ငြိမ်းငေးနေသည့်ပုံလေးနှင့် ရွာထိပ်က ကုက္ကိုပင်ကြီး။ ပန်းချီကားက တန်းလန်း။

ပပဖာခြည် သူ့ကိုအရေးပေးနေပုံက သိသိသာသာ။

"ဟာ ... ဆရာက တော်လိုက်တာ။ ဒါ ... ပိုးအိမ်ညနေဘက် သွားသွားပြီး အရှုးထတဲ့ပုံ မဟုတ်လား။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တူတယ်နော်၊ မျက်နှာလည်း မပေါ်ဘဲနဲ့ သူမှန်းတန်းသိစေတာပဲ''

''သူပုံဆွဲတာပဲလေ။ သူနဲ့တူမှ ဖြစ်မှာပေါ့''

ပပဇာခြည်ရဲ့စကားတွေက အနှောင့်မလွတ် အသွားမလွတ်။

ညဦးပိုင်းစကားစမည်ပြောပြီးမှ ဆရာမ (၃) ယောက်ကို သူတို့လိုက်ပို့ကြမှာ။

''သူက ဆရာကြီး ဆရာရဲ့။ လူလေးကြည့်တော့ မလှုပ်တလှုပ်လေးပေမယ့် သူ့ရည်းစားက တကယ့် စာရေးဆရာကြီးလေ''

''ဟင် . . . ဟုတ်လား''

မမျှော်လင့်ဘဲ သိလိုက်ရသည့်သတင်းကြောင့် ဝေးလွင့်တစ်ကိုယ်လုံး မီးဟပ်ခံလိုက်ရသလို ပူလောင်သွားရ၏။

မောင်ကြီးရှယ်သည့် စံပယ်ကုံးလေး။

ဟုတ်မှာပါ။ သူမမျက်နှာမှာ အဆွေးရုပ်ကလေးက အထင်းသား။

ဘာတွေ အဆင်မပြေဖြစ်နေကြတာလဲ။ သူချစ်သူဆိုတာ ဘယ်သူလဲ။





ဝေးလွင့် ပွဲလန့်တုန်း ဖျာခင်းသူလည်း မဖြစ်ချင်ပါ။ ပပဇာခြည်ကတော့ ဖော်ကောင်လုပ်နေဆဲ။

''သူချစ်သူက တကယ့်ဆရာကြီး ဆရာရဲ့။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးမျိုးစုံရေးနေတာ''

''ဩော် . . . ဘယ်သူများပါလိမ့်ဗျာ''

တကယ်ဆို ပပဇာခြည်ဟာ ဂျေဝင်ပြီး မပြောသင့်တာတွေ လျှောက်ပြောနေတာ။ သို့သော် ရွှေပိုးအိမ် တားဆီးမနေချင်တော့ပါ။

ဦးဝေးလွင့်ကြည့်ရတာ သူမအပေါ် ညွတ်နူးချင်နေသလိုလိုမို့ အသံကြောင့် ဖားသေလည်း အေးတာပဲလေ။

ပပဇာခြည်ကပဲ ဒိုင်ခံ ဇာတ်ကြောင်းပြောသူ။

''နိုင်သက္ကရာဇ်လေ''

''ဩော် . . . တကယ့်လူတော်ပါဗျာ။ သူ့ဘာသာရပ်နဲ့သူတော့ တော်တော်ထင်ရှားပါတယ်။ ရွှေပိုးအိမ်ရယ် ဘယ်လိုလုပ်ပြီးတွေ့ထားတာလဲဗျာ။ တကယ့် သယံဇာတကို ရှာတွေ့ထားတာပဲ။ ဒါကြောင့် ဘာကိုမှ မတုန်လှုပ်တော့တာကိုး''

''ဒါပေမဲ့ . . . သူတို့ချင်း အဆင်မပြေကြပြန်ဘူးထင်တယ် ဆရာ။ သူ့ကြည့်လိုက်ရင် အမြဲဆွေးနေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဇာခြည်"

သည့်တစ်ခါတော့ ရွှေပိုးအိမ်မခံနိုင်တော့ပါ။ ကိုယ့်ကို ရှေ့တည့်တည့်မှာထားပြီး ဝေဖန်နေကြတာ။ သူမကို လူလို့တောင် သဘောမထားလို့ပေါ့။

"အို ... ဆောရီး ဆောရီး။ ယူက မတားဆီးတော့ ပပလည်း လျှာဘရိတ်လွတ်သွားမိတယ်"

တကယ်တော့ ပိုးအိမ်နှင့် ဆရာ့အကြောင်းကို သူမ ဘေးလူတွေကို ပြောလေ့မရှိပါ။ သူတို့ဘာသာ မိန်းကလေးပီပီ စပ်စပ်စုစုနှင့် စုံစမ်းကြလို့ သိသွားကြတာ။

နောက် ရွှေပိုးအိမ် မျက်ရည်အဝဲသားနှင့် စာတွေ၊ ကဗျာတွေရေးနေတာကို မြင်ဖူးကြလို့ပါ။

ရွှေပိုးအိမ် နေရာမှထရပ်လိုက်ပါသည်။ (၉) နာရီလည်း ထိုးပြီလေ။ မိန်းကလေးများအတွက် သည်အချိန်ဟာ ညဉ့်နက်လှပါပြီ။

"အမေနဲ့ဘကြီး ... ထမင်းဖိတ်ကျွေးတာ ကျေးဇူးတင်ပါတယ်ရှင့်။ အားလုံးပဲ ကျွန်မတို့ကို ခွင့်ပြုပါဦး"

သူမ ရှေ့မှဆင်းတော့ ပန်းနုနှင်းလည်း လိုက်ဆင်းသည်။ ပပဇာခြည်က နောက်ဆုံးမှလေးတွဲ့စွာလိုက်၏။ ဒါတောင်





စကားကအမျှင်မပြတ်သေး။

"ဆရာလေး ... ပပကိုလည်း ပုံတူတစ်ပုံလောက် ဆွဲပေးခဲ့နော်။ ပပသိမ်းထားချင်လို့"

"ကျွန်တော် ပုံတူပန်းချီ မကျွမ်းကျင်ပါဘူး ခင်ဗျာ။ ရှုခင်းတွေပဲ အားသန်ပါတယ်"

"အို ... မရပါဘူး။ ပပနဲ့ တူတူ၊မတူတူ ဆွဲကိုပေးခဲ့ရမယ် ဒါပဲ"

ပပဇာခြည် ဝေးလွင့်ကို အပိုင်ပြောခဲ့ပြီးမှ (၃) ယောက်သား စာသင်ကျောင်းသို့ ပြန်ကြတော့ ဝေးလွင့်နှင့်သူရတို့ ဆိုလာမီးအိမ်ဆွဲပြီး လိုက်ပို့ကြသည်။

လမ်းမှာ သူရက ပန်းနုနှင်းဆီနားကပ်ပြီး လိုက်သလို ဝေးလွင့်အနားကိုတော့ ပပဇာခြည်က ကပ်ရုံတင်မက လက်မောင်းပါ ကိုင်လိုက်၏။

"ပပက မှောင်ရင် လမ်းမလျှောက်တတ်ဘူး ဆရာ"

အဲဒါမှ ခုတ်ရာတခြား ရှရာတလွဲ အစစ်။ သူလိုက်ပို့ချင်တာက ရွှေပိုးအိမ်။ သူ့ကိုကပ်နေတာက ပပဇာခြည်။

သူ အားနာနေလို့ မရတော့။ သူရက မီးအိမ်နှင့်။ ပန်းနုနှင်းဆီနားမှာ လွှားလွှား လွှားလွှား သွားနေသဖြင့် ရွှေပိုးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သစ်ငုတ်တစ်ခုကို ခလုတ်တိုက်ပြီး ဟပ်ထိုးလဲမည်ပြင်လျှင်။

ဝေးလွင့် ရုပ်ခန္ဓာ အနားသို့ရောက်သွားဆွဲထားပုံက လျင်မှလျင်။

"ပိုးအိမ် . . . မှောင်ထဲမှာ မလျှောက်တတ်ဘူး ထင်တယ်။ ကျွန်တော့်လက်ကိုဆွဲထား။ သူရကတော့ မိုးမမြင် လေမမြင် ဖြစ်နေပြီ"

"ရပါတယ်၊ ကျွန်မ လျှောက်တတ်ပါတယ်"

ပြောပေမယ့် သူ ရွှေပိုးအိမ်ကိုပဲ ယုယစွာ စောင့်ရှောက်ပြီး ကျောင်းထဲထိ အိမ်အထိ လိုက်ပို့ပေးလိုက်ပါလေသည်။

❁ ❁ ❁



## အခန်း (၁၆)

မနက် (၆) နာရီလောက်ဆို ရွှေပိုးအိမ်တို့ အိပ်ရာမှထပြီး ချက်ကြ ပြုတ်ကြသည်။ (၃) ယောက်စာပေါင်းပြီးချက်ကြတာ။

ပပဇာခြည် ရွှေပိုးအိမ်ကိုရန်လုပ်နေပုံက သိသိသာသာ။

"ပိုးအိမ် . . . နင် သူ့ကို ယူမှာလား"

"ဘယ်သူ့ကိုလဲ"

"ဦးဝေးလွင့်ကိုလေ"

"ဟာ . . . ကြိကြိဖန်ဖန်။ မနေ့ကမှ တွေ့တဲ့သူ၊ ဘာဖြစ်လို့ယူရမှာလဲ"

"ဒါဆို . . . ငါတို့လမ်းကြောင်းထဲ နင် ဝင်မပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှောင်နေလိုက်တော့"

"ဟင် ... ငါက အနေသာကြီးပါ။ ဘာမှမဆိုင်ပါဘူး"

"နင်နဲ့ငါ ရုပ်ရည်ချင်း၊ ပညာအရည်အချင်း ဘာမှမထူးဘူး။ ဦးဝေးလွင့်ကြည့်ရတာ ပန်းနှစ်ပွင့်မှ အရွေးရကျပ်နေတယ် ထင်တယ်။ နင်မကြိုက်ဘူးဆိုရင် ဘေးထွက်နေလိုက်တော့"

"အေးပါ ... ငါ စိတ်မဝင်စားပါဘူး"

"နင့်မှာ ဆရာရှိပြီးသားပဲ။ သူနဲ့ရော အဆက်အသွယ် ရှိသေးရဲ့လား။ နင့်ရင်ထဲမှာ သူရှိသေးရဲ့လား"

"ရှိတာပေါ့။ ငါ့ရင်ထဲမှာ သူအမြဲရှိတယ်။ ငါ အမြဲ သူ့ကိုမျှော်လင့်နေတယ်။ အဆက်အသွယ်မရှိပေမယ့် သူ ဘယ်လောက်ထိ ငါ့အပေါ် လေးနက်မှာလဲလို့ အမြဲတွေးနေမိတယ်"

"ဟုတ်ပြီ၊ အဲဒီတော့ နင် ကိုယ့်ရောဂါနဲ့သာ ကိုယ်နေပေတော့။ ဦးဝေးလွင့်ကို ငါရအောင်ကြိုးစားမယ်"

အနားမှာ ထမင်းချက်နေသည့် ပန်းနုနှင်းက နဝေတိန်တောင်၊ စိုးရိမ်တကြီးနှင့်။

"ဟင် ... နင် သူ့ကို ရည်းစားစကား လိုက်ပြောမလို့လား။ ကိုယ့်ဆရာမဂုဏ်ကိုလည်း ပြန်ငဲ့ပါဦး ပပဓာခြည်ရယ်"

"မဟုတ်ပါဘူးဟ ... မိန်းမမာယာ ထုတ်သုံးမှာကို





ပြောတာပါ။ ငါ သူ့ကို ပူးသတ်မယ်"

"အမယ်လေး ... ဘာတွေ ဒီလောက်သဘောကျစရာ ရှိလို့လဲဟာ။ ဘာလဲ ပန်းချီကားတစ်ချပ်ကို သိန်းဂဏန်းရတယ် ဆိုလို့ စိတ်ဝင်စားသွားတာလား"

"ဒါလည်း ပါတာပေါ့။ သူတို့စကားထဲက ဆွဲနုတ်ကြည့် ရရင် သူက သူဌေးဟ။ အတိုင်းအတာတစ်ခုထိ ချမ်းသာတယ်။ အလားအလာကောင်းတယ်။ ငါ သူ့ကို သဘောကျတယ်"

"ကြည့်လည်း လုပ်ဦးနော်။ ဟိုက ပိုးအိမ်ကိုပဲ သဘောကျနေတာ အသိသာကြီး"

"အိုး ... ဒါကတော့ ပိုးအိမ်က ညို့မြှူလုပ်နေတာကိုး။ ဟိုက သည်းသည်းလှုပ်နေတာကို သူက မသိသလိုလို၊ သိသလိုလို အမူပိုပို မြှူချီချီ လုပ်နေတာကိုး"

"ဟဲ့ ဟဲ့ ... စကားနောက်တရားပါ။ တော်ကြာ ရန်ဖြစ်ကုန်ဦးမယ်။ တော် ... တော်"

ပန်းနုနှင်း ကပျာကယာ တားဆီးနေလေမှ ရွှေပိုးအိမ် အပြုံးနှင့် တုံ့ပြန်သည်။

"ပြောပါစေဟာ၊ သူက ငမ်းငမ်းတက်နေပြီကိုး။ မှတ်ထား ပပဓာခြည် ... အချစ်ဆိုတာ အတင်းလုပ်ယူ ရတာမဟုတ်ဘူး" 



www.burmeseclassic.com

www.burmeseclassic.com



မရဘူးဟ။ သူ့အလိုလို စီးဆင်းလာမှ ဖြစ်တည်လာမှ ခိုင်မြဲတတ်ကြတာမျိုး။ ယောက်ျားဆိုတာလည်းဟာ မိန်းကလေး တစ်ယောက်ကို အားနာပါးနာ ချစ်သွားတယ်ဆိုတာ ရှိခဲ့ပါတယ်။ သူတို့ မနှစ်သက်ရင် ရှောင်ထွက်သွားတတ်ကြတဲ့အမျိုး"

"နင်သာ လွတ်အောင်ရှောင်နေပါ။ ငါ့ဘာသာ ဖန်တီးပြမယ်၊ လုပ်ယူပြမယ်။ ကြည့်နေ"

"သဘောပါဟာ သဘောပါ။ လုပ်ကြည့်လိုက်ဦးပေါ့"

"အေး ...နင် ကပျက်ယပျက် မလုပ်ရင်ပြီးရော"

"ငါ့မှာ အောက်တန်းကျတဲ့စိတ်ဓာတ်မရှိဘူး။ ဒါပေမဲ့ ငါ့ကို ခုတုံးလုပ်ပြီး နင်းတက်ဖို့တော့ မကြိုးစားနဲ့။ ငါနဲ့ဆရာ့အကြောင်းကို အ–မနာပပြောပြီး သူနဲ့ပူးသတ်ဖို့တော့ မကြိုးစားနဲ့ပေါ့ဟာ။ ကိုယ့်ဘာသာ သန့်သန့်ရှင်းရှင်းလေးပဲ ယှဉ်ပြိုင်ပါ"

"ဒါ ...ငါ့အကြောင်းပါ၊ နင်နဲ့မဆိုင်ပါဘူး"

"ကဲ ...တော်ကြပါတော့ဟာ။ ယောက်ျားတစ်ယောက်အတွက်နဲ့ အချင်းချင်းတွေ စကားများကြရတာ လူသိရင် ရှက်စရာပါ။ ပပဓာခြည်ကလည်း အောက်လမ်းနည်းတွေမသုံးနဲ့။ နင့်ယှဉ်ပြိုင်မှုက ရွှေပိုးအိမ်ကို မထိခိုက်စေနဲ့ပေါ့"

"နင် ဆရာကြီးမလုပ်ပါနဲ့။ လူ့ပုံကဖြင့် မပြုတ်မနူးရုပ်နဲ့





နင်သာ သူရဆိုတဲ့ အရိုးရှောက်ဂျက်၊ စာရှူး ပေရှူးကိုယူ"

နှစ်ယောက်လုံးကို ပြောဆိုပြီး ပပဓာခြည် အိမ်လေးပေါ်မှ ဆင်းသွားတော့ ရွှေပိုးအိမ်နှင့်ပန်းနုနှင်းတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

အိုးဝေမဂ္ဂဇင်းထဲက ကမ္ဘာကျော်ဆောင်းပါးလို "ချွေးသရမ်းကြီးလွတ်နေသည်"လို့များ ပြောရတော့မလား။

ယောက်ျားတစ်ယောက်ကို ချစ်လို့ဆိုတာထက် စီးပွားတွက်တွက်ပြီး ငမ်းငမ်းတက်နေသည့် ပပဓာခြည်ကို သူမတို့ နှစ်ယောက် သံဝေဂယူကြရတော့မည်လား။

ပပဓာခြည် စက်ဘီးအနီလေးနှင့် နှင်းထွက်သွားတာ သူရတို့အိမ်သို့ပါ။

မနက် (၇) နာရီလောက်မို့ ကျောင်းတက်ဖို့က အဝေးကြီးလိုသေးသည်။ ကျောင်းက (၉) နာရီမှတက်မှာ၊ ကျောင်းအုပ်ကြီးက တစ်ဖက်ရွာမှ ဆိုင်ကယ်နှင့်လာမည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေရေ ... အမေ၊ ဖျို့ အမေ"

ဒေါ်ခင်ချစ်ကို တကြော်ကြော်အော်ခေါ်ရင်း ပပဖာခြည် ဝင်သွားတော့ ဒေါ်ခင်ချစ် မီးဖိုထဲမှပြန်ထူးသည်။

"ဟဲ့ ... သမီးပါလား။ ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး။ ဘူးညွှန့်လာတောင်းတာ။ ဒီမနက် ဟင်းမရှိဘူးလေ။ ဘူးညွှန့်ကြော်စားမလို့"

"အို ... သမီးရယ်။ ကဲ ... ဒီမှာ အမေ့မှာ ဘဲဥတွေ ရှိတယ်။ (၅) လုံးပေးလိုက်မယ်နော်။ ဟို သမီး (၂) ယောက်ပါ အတူစားကြ"

"အတူစားတာပါ အမေရဲ့။ တကတဲ သူ့ချွေးမငတ်မှာ စိုးနေလိုက်တာ"

"စိုးရတာပေါ့အေ။ အဲဒီ ပန်းနုနှင်းလေးတော့ ငါ တကယ်ချစ်တယ်အေ။ ဒီခေတ်ထဲမှာ ဒီလို ရိုးရိုးလေးကရှားနေပြီ။ အမေက သူ့ဂုဏ်မငယ်ရအောင် ရှိတဲ့ရွှေတွေ၊ ငွေတွေ၊ လယ်တွေ၊ အိမ်တွေအကုန်တင်တောင်းမှာပါ"

မီးဖိုခန်းထဲမှာ ဝေးလွင့်နှင့်သူ့ရဲ့ ဦးအောင်မြင့်တို့ (၃) ယောက်သား ထမင်းကြော်နှင့်ကော်ဖီသောက်နေကြတာမို့ ဒေါ်ခင်ချစ်နှင့်ပပဖာခြည်၏တိုင်ပင်နှီးနှောသံတွေက အတိုင်းသား





ကြားနေရ၏။

"အမယ်လေး ... စေတနာတွေကောင်းနေလိုက်တာ။ ရှိသမျှတွေတင်တောင်းပြီး အမေနဲ့ဘကြီးက ဘယ်မှာသွားနေကြမလဲ"

"တစ်ဦးတည်းသောသားနဲ့ ချွေးမလေးပဲအေ့၊ ငါတို့ပါ လက်ရေတပြင်တည်း အတူနေကြမှာပေါ့။ တွေးရုံနဲ့ စိတ်ချမ်းသာလိုက်တာ"

"ကိုယ့်သားလည်း ကိုယ်မေးပါဦး။ ပန်းနုကို သဘောကျရဲ့လားလို့"

"အို ... သူ့မေးမနေနဲ့။ တစ်သက်လုံး မအေကို အာခံလာတဲ့သား။ ဒီတစ်ချက်တော့ မအေ့စကား နားထောင်ရမှာပေါ့။ သူ့တာဝန်က လက်ထပ်ရုံထပ်။ ပြီးရင် သင်း လုပ်ချင်တာလုပ်။ ချွေးမလေးကို ငါတို့စောင့်ရှောက်မယ်"

"ဟာ ... အမေကလည်း"

"ဟုတ်တယ်လေ၊ သင်းမွေးထားရတာ ဝမ်းရေစပ်တယ်။ ငါတို့ဘဝမှာ ချွေးမရယ်၊ မြေးလေး ဘာလေးရယ် ရရင်တော်ပြီ။ သင်း တစ်လတစ်ခါလောက်တော့ အိမ်ပြန်လာပေါ့"

အပိုင်ကို ပရော့ဂျက်ဆွဲနေသည့် ဒေါ်ခင်ချစ်ပါသား



www.burmeseclassic.com

www.burmeseclassic.com



ပပဓာခြည် အလိုက်သင့်ပြောရင်း ထမင်းဝိုင်းသို့ ဝင်လိုက်သည်။

သူမအတွက်လည်း ထမင်းကြော်နှင့် ကော်ဖီတစ်ခွက်။

"ဆရာ ... ဒီနေ့ ပန်းချီဆွဲဦးမှာလား"

"ဆွဲမှာပေါ့၊ အဲဒါ ... ကျွန်တော့်အလုပ်ပဲလေ"

"ဟုတ်ပါပြီ၊ ဆရာ ဒီရွာမှာ ဘယ်လောက်နေဦးမှာလဲ"

"အင်း ... တစ်လလောက်တော့နေမယ်။ ပန်းချီကားတွေလည်း ဆွဲသွားမယ်လေ"

"ဆရာက အလုပ်များတဲ့သူပဲ။ ဒီလိုရွာလေးမှာ လာနိုနေလို့လည်း ရတာပဲလား"

"ကျွန်တော့်အလုပ်က လွတ်လပ်တယ်လေ။ အခု ဒီမှာ လာနိုနေတာကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။ မြို့ကြီး ပြကြီးရဲ့ မွန်းကျပ်မှုကိုလည်း ခေတ္တရှောင်ခွာရင်း ကိုယ့်မူရင်း အလုပ်ဖြစ်တဲ့ ပန်းချီကားတွေလည်း ဆွဲရတယ်လေ"

"တစ်ချက်ခုတ်ပြီး (၃) ချက် မပြတ်ချင်ဘူးလား ဆရာရဲ့"

တကယ်တော့ ရှေးလူကြီးသူမများ ပြောခဲ့သည့် စကားပုံလို ပပဓာခြည်လုပ်ချင်တာပါ။ အောင်သွယ်နှင့်ညားသည် ဆိုတာမျိုး။





ကိုယ့်အတွက် ဒဲ့ကပ်တော့ သိက္ခာကျသဖြင့် ရွှေပိုးအိမ်နှင့် အောင်သွယ်ပေးမှာလိုလို စကားကမ်းလှမ်းလိုက်ခြင်းပါ။

တစ်နည်းအားဖြင့် ရွှေပိုးအိမ်ကို ခုတုံးလုပ်လိုက်တာပေါ့။

"နေပါစေဗျာ၊ ဘယ်အရာကိုမှ ဖန်တီးပြီးမရယူချင်ပါဘူး။ အလိုအလျောက် သဘာဝအတိုင်း ဖြစ်ပေါ်စီးဆင်းမှုကိုပဲ တန်ဖိုးထားပါရစေ"

"ဒီခေတ်ကြီးထဲမှာ ဆရာ အဲလိုသာ ရိုးနေ။ ဘာမှကို ဖြစ်လာမှာမဟုတ်ဘူး။ ကဲပါ ... ဆရာလိုချင်တဲ့သတင်းတွေ ပပ ပေးနိုင်ပါတယ်။ ဒီရှေ့မှာ ပြောလို့လည်းမကောင်းပါဘူး။ ပပ ဘူးညွန့်ခူးပြီးရင် ပြန်မယ်။ ဆရာ ကျောင်းလိုက်ခဲ့လေ။ စကားစမြည်ပြောရတာပေါ့"

ဒါတော့ ဝေးလွင့် မငြင်းနိုင်။ ဘာပဲဖြစ်ဖြစ် ရွှေပိုးအိမ်၏ အကြောင်းလေးတွေကို သိချင်ပါသည်။

သူ ဒဿဂီရိလို အချစ်ကို အကြမ်းမဖက်ချင်ပေမယ့် ကံပါလာမည်ဆိုလျှင်တော့ ရွှေပိုးအိမ်နှင့်သူ ဖူးစာဆုံချင်ပါသည်။

လူငယ်လေးမဟုတ်လို့ ရင်ထဲမှာ အရူးအမူး၊ သေလုမတတ် မဖြစ်ရပေမယ့် သူကလေးကို မရနိုင်ဟူသည့်အတွေးက သူ့ရင်ကို တစ်ဆစ်ဆစ် နာကျင်ဆွေးမြည့်နေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပပဇာခြည် ဘူးညွန့်ရူး။ ဘဲဥယူပြီးသည်နှင့် ဝေးလွင့်နောက်မှ ထပ်ချပ်လိုက်သွားမိပါပြီ။ သူရတို့အိမ်နှင့် ရွာကျောင်းက လမ်းလျှောက်မယ်ဆို (၁၀) မိနစ်လောက်။

စက်ဘီးကိုတွန်းပြီး ရွာလယ်လမ်းမှာ စကားတပြောပြော။

"နိုင်သက္ကရာဇ်နဲ့ ရွှေပိုးအိမ် အဆက်အသွယ်လုပ်တာ မတွေ့ဘူးဆရာ။ ကွဲနေလား ပြတ်နေလား မသိဘူး"

"နိုင်သက္ကရာဇ်ကို တွေ့ဖူးပါတယ်။ လူပွေကြီးမဟုတ်ပါဘူး။ သူချစ်တယ်ဆို လွယ်လွယ်နဲ့တော့ စွန့်လွှတ်မှာမဟုတ်လောက်ဘူး။ ပြီး စာပေအသိုင်းအဝိုင်းမှာ သူ့မှာ ချစ်သူရှိကြောင်းလည်း မကြားမိသေးဘူး"

"ဆရာကလည်း စာရေးဆရာ၊ ပန်းချီဆရာတွေဆိုတာ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသားတွေလောက် နာမည်ထွက်လို့လား။ သူတို့မှာ ချစ်သူရှိ မရှိ ပြည်သူကိုတင်ပြစရာလား"

"သူ့အသိုင်းအဝိုင်းထဲမှာတော့ သိကြတာပေါ့ဗျာ။ တစ်နိုင်ငံလုံးမသိပေမယ့် အခု ဘာသတင်းမှကို မကြားမိတာ။ တွဲတာလည်း မသိ၊ ကွဲတာလည်း မသိ"

"သူက ပိုးအိမ်ကို အပျော်တွဲနေတာလားမှမသိတာ





ဆရာ။ ဒါကြောင့် ပိုးအိမ်အရမ်းခံစားနေရတာလားမှမသိတာ"

"မပြောတတ်ပါဘူးဗျာ။ ဒါပေမဲ့ ရွှေပိုးအိမ်ရဲ့ပုံစံလေးက အပျော်ထားစရာလားဗျာ။ လမင်းကို လက်ဝါးနဲ့အုပ်ထားသလို ဖြစ်နေမှာပေါ့။ သူ့အဆင်း၊ သူ့ရနံ့နဲ့သူ တင့်တယ်လှပတဲ့ ပန်းလေးတစ်ပွင့်ပါ"

"ဆရာကတော့ အနုပညာသမားပီပီ ပြောတတ်လိုက်တာ။ ပပလည်း အဲလိုမျိုး ကိုယ့်ကိုတန်ဖိုးထားမယ့်လူမျိုးနဲ့ တွေ့ချင်လိုက်တာ"

"ဖြစ်လာမှာပေါ့ဗျာ။ အခု ရွှေပိုးအိမ် စာတွေရေးသေးလား"

"ဟာ ... စာကတော့ရေးတယ် ဆရာ။ စာရေးရင်းနဲ့ မျက်ရည်ကျချင်လည်း ကျနေတယ်။ ဝတ္ထုရေးတာကလည်း ရှာန်ဝင်နေရင် အနားမှာ ဘာတွေပဲဖြစ်နေနေ သူသိချင်မှသိတာ၊ ကြားချင်မှကြားတာ။ တစ်မျိုးကြီးပဲဆရာ"

"အနုပညာဆိုတာ ဒါပဲလေ။ သိပ်ပြီး ရှာန်ဝင်နေရင် ပတ်ဝန်းကျင်ကို သတိမထားမိတော့ဘူးပေါ့။ ရွှေပိုးအိမ်သနားပါတယ်။ ကျွန်တော် ကြားထဲက သူတို့ချစ်သူနှစ်ဦးကို အဆင်ပြေအောင် ရင်ကြားစေ့ပေးချင်ပါရဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဆရာ . . . ပိုးအိမ်ကို ချစ်နေတာမဟုတ်ဘူးလား။ ဘေးကကြည့်ရင်တောင် မြင်နေရတဲ့ဥစ္စာ"

"ချစ်ခြင်းမေတ္တာဆိုတာ ကိုယ်ရယူဖို့ချည်း မဟုတ်ဘူးလေ။ ကိုယ်ရရင်ပြီးရောဆိုရင် ကျွန်တော့်အချစ်က ဒဿဂီရိနဲ့ ဘာထူးတော့မှာလဲ"

"ဩော် . . . ဆရာက လက္ခဏာကို အားကျတာလား။ ဆရာရယ် တော်ရုံလည်း စိတ်ကူးယဥ်စမ်းပါ။ ဒီလောကကြီး သဘောတွေမကောင်းစမ်းပါနဲ့"

"ရွှေပိုးအိမ်နဲ့ တွေ့ချင်သေးပါတယ်။ သူ့ပုံစံလေးက ပန်းချီမျက်စိနဲ့ကြည့်ရင် အရမ်းကို အင်စပိုင်ယာရင် (ဆွဲဆောင်မှု) ရှိတယ်"

"လိုက်ခဲ့လေ ဆရာ . . . အကျိုးအကြောင်းပြောရင် ရမှာပါ။ မနက်ဖြန် ကျောင်းပိတ်တယ်လေ။ သူ ဒီတစ်ပတ် မြို့မပြန်ဘူး။ ပပတော့ ပြန်လိုက်ဦးမယ်။ သူနဲ့ပန်းနုနှင်း ဒီတစ်ပတ်မပြန်ဘူး။ သူတို့မြို့က ဝေးတယ်။ တစ်လတစ်ခါလောက်ပဲ ပြန်ကြတယ်"

"ကျေးဇူးပါ ပပရယ်။ ပပကိုလည်း ပုံတူတစ်ပုံဆွဲပေးပါ့မယ်"





"အောင်သွယ်ခပေါ့လေ။ ပပက မြှားနတ်မောင်အောင်စီထောင်မလို့ ဆရာရဲ့။ ကိုယ့်ကြောင့် သူများတွေ အဆင်ပြေသွားကြမယ်ဆိုရင် ပပ ဝမ်းသာတယ်။ ကိုယ်အပျိုကြီးဖြစ်ရင် ဖြစ်ပါစေ"

"ပပလည်း ချစ်သူချောချော ချမ်းချမ်းသာသာလေးနဲ့ တွေ့ပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်"

ရယ်ရယ်မောမောနှင့် ဝင်လာကြသည့် ပပဇာခြည်နှင့် ဝေးလွင့်ကိုကြည့်ပြီး ပန်းနုနှင်းနှင့် ရွှေပိုးအိမ်တို့ အံ့ဩနေမိကြသည်။

တယ် စည်းရုံးရေးကောင်းပါလား။ ကျောက်ဆစ်ရုပ်တောင် ခေါင်းညိတ်ရလောက်တယ်ဆိုသည့် မိန်းမမျိုးပါလား။

စောစောက ဒေါနှင့်မောနှင့် ဆင်းသွားသူဟာ သူမဟုတ်သည့်အတိုင်း။ တကယ့်သဘောရိုး မနောရိုးပုံစံမျိုးနှင့်။

"ပန်းနုရောင်ရေ . . . ဒီမှာ နှင့်မားသားကြီးက နှင့်မျက်နှာနဲ့ ငါတို့ကို ဘူးညွန့်တွေရော၊ ဘဲဥတွေရော ပေးလိုက်တယ်။ ပန်းနုတို့မျက်နှာများ တယ်ကြီးပါ့။ ငါတို့တော့ ဆင်ဖြူတော်မိုးကြိုးစုပ်ရတော့မှာပဲ။ ပိုးအိမ်ရေ . . ဒီမှာ ဆရာက ပန်းချီကိုသွလေး



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလောက် ဆွေးနွေးချင်လို့ပါတဲ့''

ရွှေပိုးအိမ် ဘာများတတ်နိုင်မှာတဲ့လဲ။

''လာပါ ဦးဝေးလွင့်၊ ကျွန်မ ဘာမှနားမလည်တာတော့ အမှန်ပါ''

ပပဇာခြည်က ဝင်ပြီးပြောပြန်၏။

''ဟာ ...နင်ကလည်း ဆရာ့ကို ဆရာလို့ခေါ်မှပေါ့။ ဦးဝေးလွင့်ဆိုတော့ ရိုင်းတာပေါ့''

''ကိစ္စမရှိပါဘူး။ သူခေါ်တတ်သလို ခေါ်ပါစေ၊ ဒီလိုပါ ကျွန်တော် ရှုမျှော်ခင်းပုံတွေလည်း ဆွဲပါတယ်။ ရှုမျှော်ခင်းနဲ့လူနဲ့ လည်း ဖက်စပ်ပြီးဆွဲချင်လို့ပါ''

''ဟုတ်ကဲ့''

''အဲဒါ ရွှေပိုးအိမ် မနက်ဖြန်ကျောင်းပိတ်တယ်ဆိုတော့ ကျွန်တော့်ကို နည်းနည်းလောက် ကူညီပြီး မော်ဒယ်လုပ်ပေးပါ လား''

''ကျွန်မ ရှက်တယ်''

''ဒီလိုပါ ...လူပုံကို အပီအပြင်ကြီး မဟုတ်ဘူးခင်ဗျ။ ပိုးအိမ် ခါတိုင်းလိုပဲ ငေးချင်ရာငေး၊ ငေါင်ချင်ရာ ငေါင်နေပါ။ ကျွန်တော်က အဲဒါလေးကိုပဲ ဆွဲမှာ''





''ဒါများရှင် ...ပပတို့ကို ဆွဲလည်း ရတာပဲ''

''မတူဘူး ခင်ဗျ။ ပိုးအိမ်ရဲ့ဟန်လေးက အသက်ဝင်တယ်။ မျက်နှာလည်း တစ်ခြမ်းတော့ပါမှာပေါ့''

''ကဲပါ ...ကူညီလိုက်ပါ ပိုးအိမ်ရယ်။ နင် နေချင်သလို နေတဲ့ပုံကို သူဆွဲမှာပဲ''

''ဒီနေ့လည်း ပိုးအိမ် စာသင်နေတဲ့ပုံကို ကျွန်တော် ဆွဲချင်တယ်''

''ကြီဖန်ပြီး ကျွန်မ စာသင်ရင် အငြိမ်မှမနေတာ၊ ဘယ်လို ဆွဲမလဲ''

''လေ့ကျင့်ခန်းစာအုပ်ထွေ စစ်ရင်တော့ ထိုင်တယ် မဟုတ်လား။ ကျွန်တော် အဆင်ပြေသလို ဆွဲမှာပါ''

''ကျွန်မအတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ဆွဲပေါ့''

''စိတ်ချပါ၊ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူးဗျာ''

ဝေးလွင့် မပြန်တော့ဘဲ သူတို့ကျောင်းလေးနှင့် တောတန်းနောက်ခံ တောင်ရိပ်တို့ကို ခတ်ပုံရိုက်လိုက်၊ ပုံကြမ်းခြစ် လိုက်နှင့်။

သူ ပန်းချီဆွဲဖို့ပစ္စည်းများကို သူရလာပို့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ချိန်မှာ ကလေးတွေ ကျောင်းထဲဝင်သွားကြလေသဖြင့် ဝေးလွင့် ပန်းချီကောင်းကောင်းဆွဲခွင့်ရခဲ့သည်။

နောက် ပြတင်းပေါက်တစ်ခုမှနေပြီး ရွှေပိုးအိမ်၏ပုံရိပ်တို့ကို သူ ပန်းချီဆွဲမိခဲ့ပါသည်။

မိုနာလီဇာလို အသက်ဝင်တဲ့ ပန်းချီကားချပ်လေးတွေဆွဲချင်ပါရဲ့ မိန်းကလေးရယ်။

အဘယ့်ကြောင့်ဆို သူ ပိုးအိမ်ကို သိပ်ပြီး နှစ်လိုမြတ်နိုးနေမိလို့ပါ။

✵ ✵ ✵



## အခန်း (၁၇)

ရှာဦးက ဘုရားစေတီနှင့် တောတန်းလေးက တကယ့်ပန်းချီကားချပ်နှယ်။ ဝေးလွင့် ရွှေပိုးအိမ်ကို ဘုရားစောင်းတန်းလေးမှာထိုင်စေသည်။

ခပ်လှမ်းလှမ်းမှ သူ ပန်းချီဆွဲမှာပေါ့။

''မလှုပ်မယှက်ကြီး မဟုတ်ဘူးနော်။ ပိုးအိမ် သက်သောင့်သက်သာနေတတ်သလိုနေပါ။ ကျွန်တော် ပန်းချီဆွဲနေတယ်လို့ စိတ်ထဲမှာမထားနဲ့။ ခါတိုင်းလိုပေါ့၊ တစ်ယောက်တည်းတွေးချင်ရာတွေး၊ ဆွေးချင်ရာ ဆွေးတဲ့ပုံလေးပေါ့''

''မဆိုးပါဘူး၊ ဒါဆို ကျွန်မ စာဖတ်မှာပေါ့။ အလကား



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ဖြုန်းမပစ်ချင်ပါဘူး''

''အင်း ... ဘုရားလာပြီး စာဖတ်နေတဲ့မိန်းမပျိုပေါ့။ အဝတ်အစားကတော့ ကျွန်တော် ဆွဲချင်သလိုဆွဲမှာ''

''ကြိုက်သလိုလုပ်ပေါ့ ဦးဝေးလွင့်။ ကျွန်မကလည်း စာဖတ်ရင်း အပန်းဖြေနေတယ်လို့ပဲ သဘောထားမှာ''

သူတို့ ပန်းချီအဖွဲ့က (၄) ယောက်ပေါ့။ ပစ်ကနစ်ထွက်သလိုမျိုး ဒေါ်ခင်ချစ်က ထမင်းချိုင့်နှင့် အစားအသောက်ခြင်းလည်း ထည့်ပေးလိုက်ပြီးသား။

သူရနှင့်ပန်းနုနုခင်းက တစ်တွဲ။ သူရလည်း ပန်းချီဆရာပေါက်စမို့ ပန်းနုနုခင်းကို ပုံတူဆွဲတော့မှာ။

လူပုံကို အဓိကမထားဘဲ ရှုခင်းနှင့်ဖက်စပ်ဆွဲမှာပဲ။

ရွှာပြင်က ရှုခင်းလှသည့်နေရာမှာ ပန်းချီဆရာ (၂) ယောက်နှင့် မော်ဒယ် (၂) ယောက်။ မနက်ကတည်းက ပန်းချီဆွဲလိုက်တာ (၁၀) နာရီခွဲ လောက်မှ နားကြသည်။

''ထမင်းစားကြမယ်။ မနက်က ကော်ဖီလေးတစ်ခွက်ပဲ သောက်ခဲ့ရတာ''

''စေတီရင်ပြင်တော်ပေါ်မှာဆို ပိုပြီးပျော်စရာကောင်းမယ်''





''တက်လေ၊ ဘာပင်ပန်းတာမှတ်လို့''

(၄) ယောက်သား တက်ညီလက်ညီဖြင့် စေတီရင်ပြင်ကုန်းတော်ပေါ်ထိတက်ပြီး ထမင်းစားကြသည်။ အမေ့လက်ရာဟင်းတွေက စုံမှစုံ။

သူရနှင့် ပန်းနုနုခင်းတို့ကြည့်ရတာလည်း တစ်မျိုးလေးတွေ။ ချစ်ရည်တွေလား၊ ရှက်ရည် ရှက်သွေးတွေလား။ အသက်ဝင်နေလိုက်ကြတာ။

ရွှေပိုးအိမ်ပဲ (၅) ဆင့်ချိုင့်ကြီးကို ဖြုတ်ချပြီး ပါလာသည့် ပန်းကန်များနှင့် ထမင်းဟင်းတွေ ပြင်ဆင်ရသည်။

မပန်းနုနုခင်းက ပဲများနေပြီလေ။ ရှက်နေရတာနှင့် အယောင်ယောင်အမှားမှား။

သူမျက်စိထဲမှာ သူရ၏ ထန်းပလပ်ခြောက်ရုပ်ကို ဘယ်လို အလှဆင်လိုက်ပါလိမ့်။

စကားပုံတော့အရှိသား။

ဘာတဲ့။

ထန်းပလုပ်စုတ် နတ်ရုပ်ထင်းဆိုလား။

ထမင်းစားပြီးတော့ စကားစမြည်ပြောကြသည်။ သူရနှင့် ပန်းနုနုခင်းကလည်း စကားတွေပြောလို့။ ရွှေပိုးအိမ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေးလွင့်မေးသမျှ ဖြေဆိုနေရပါလေ၏။

"ပိုးအိမ်ရဲ့ချစ်သူက ဒီရွာကို လိုက်မလာဘူးလား"

"မလာဘူး၊ ကျွန်မ ဘာလုပ်နေတယ်ဆိုတာတောင် သူ သေချာသိမှာ မဟုတ်ဘူး။ သူ့အလုပ်နဲ့သူပဲ ကမ္ဘာကြီးက ပြည့်စုံနေတာ"

"ပိုးအိမ်က ပြောပြဖို့တာဝန် ရှိတာပေါ့"

"ကျွန်မတို့ အဆက်အသွယ်မရှိဘူး"

"ဗျာ ... ဘယ်လို"

သူမတို့နှစ်ယောက် နောက်ဆုံးတွေ့ခဲ့ကြသည့် အိုးနင်း ခွက်နင်းနေ့ကို ပြန်သတိရမိသွားလျှင် ရွှေပိုးအိမ်ရင်ထဲ စူးနင့် နာကျင်ရပါသည်။

သို့သော် ... ဒါတွေဟာ တော့(ပ်)စီးကရက်တွေပါ။ လူကြားလို့ကောင်းတဲ့ကိစ္စတွေ မဟုတ်။

ပြီး ... သူစိမ်းတစ်ယောက်ကိုလည်း ဆရာ့အကြောင်း တွေ မပြောချင်ပါ။

ထင်မြင်ချက်တွေလည်း မတောင်းချင်ပါ။

ကိုယ့်အကြောင်းနှင့်ကိုယ်ပါပဲ။

"ကျွန်တော်က ပိုးအိမ်တို့ချစ်သူ (၂) ယောက်ကို ပြန်ပြီး





ရင်ကြားစေ့ပေးချင်လို့ မေးမိတာပါ။ စပ်စုချင်လို့ မဟုတ်ပါဘူး ဗျာ"

"ကျွန်မ အဲဒီအကြောင်းတွေ ဘယ်သူ့ကိုမှ ရင်မဖွင့်ချင် ဘူး။ သေရာပါတဲ့အထိ ယူသွားမှာ။ ကျေးဇူးပြုပြီး ကျွန်မကို ဘာမှမမေးပါနဲ့တော့ရှင်"

အသံတွေပါ တုန်လာပြီး ရွှေပိုးအိမ် သူ့အနားမှ ထသွား လေတော့ ဝေးလွင့် စိတ်ထိခိုက်ရသည်။

ဘယ်အရာတွေက လွဲချော်နေရတာလဲ ကောင်မလေး ရယ်။

နိုင်သက္ကရာဇ်လည်း မင်းကို ချစ်မှာပါ။

သူ နေရာမှာပင် ရွှေပိုးအိမ်ကို လှမ်းငေးနေမိသည်။ သူမက တောင်ကုန်းအစပ်ရှိ တရုတ်စကားပင် တန်းလေးများဆီ သွားရပ်ပြီး ဟိုးအဝေးကို မျှော်ငေးနေ၏။

သူ့ကိုကျောခိုင်းထားပေမယ့် တရုတ်စကားပင်တန်း၊ ကောင်းကင်၊ စေတီနှင့် သူမရပ်တည်နေပုံလေးက သိပ်လှသည့် ပန်းချီကားချပ်လေးဖြစ်လို့နေလျှင်

ဝေးလွင့် ကင်မရာကိုထုတ်ပြီး တဖျပ်ဖျပ် ရိုက်၊ နောက် ခုံကြမ်း ချက်ချင်းလောင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပါ ပိုးအိမ်လေးရယ်။

မင်းကြောင့် ငါ့မှာ သက်ဝင်ပန်းချီကားချပ်တွေ အများကြီး ရခဲ့တာ။

✵

ညဘက်ကျတော့လည်း သူတို့ (၂) ယောက် ရွှေပိုးအိမ်နှင့် ပန်းနုနှင်း,ဆီ အလည်သွားမိသည်။ ရင်ထဲမှာ ဘယ်လိုမှ မခွဲနိုင်တော့သလို။ ဘုရားရေ . . . ငါ ဟုတ်မှဟုတ်သေးရဲ့လား။

သူ့အသံလေးကို ကြားချင်တာ။ သူ့မျက်နှာဆွေးဆွေးလေးကို အမြဲမြင်နေချင်မိတာ။

သူတို့ချည်းသွားလျှင် မတင့်တယ်မှာစိုးလို့ အမေ ဒေါ်ခင်ချစ်ကိုပါ အတင်းဆွဲခေါ်ရသည်။

"အမေကလည်း ထမင်းစားဖိတ်လိုက်ပြီးရော။ ကပ်ဆေးကလည်း နည်းနေသေးတယ်"

"ဟဲ့ အကောင် . . . ငါကျွေးနိုင်ပေမယ့် ရွာထဲကစကားတင်းဆိုကြမှာလည်း ထည့်တွက်ဦး။ တစ်လောကလုံး နင်တို့ချည်း





ရှိနေတယ် မထင်နဲ့။ နင် ဒီလောက် သည်းသည်းလှုပ်နေရင် ရွှေ့အပတ် ငါသွားတောင်းပေးမယ်။ ယူ ယူလိုက်တော့"

"နေပါဦး အမေရယ်။ ချစ်သူဘဝနဲ့ တစ်နှစ်လောက် နေပါရစေဦး။ လောလောဆည်တော့ အမေပါ လိုက်ခဲ့။ ပန်းနုတို့ဆီ စကားစမြည် သွားပြောချင်လို့ပါ"

"နင်တို့ညစ္စာ မလွန်ဘူးလား။ တစ်နေ့လုံးလည်း တတွဲတွဲနဲ့ ပန်းချီဆွဲပြီးပြီ။ အခုညပါသွားဦးမယ်ဆိုတော့ တစ်ဖက်လည်း အားနာပါဦး"

"အမေ မသိပါဘူးဗျာ။ အမေ ဘယ်ကိုယ်ချင်းစာတတ်မလဲ။ အမေတို့တုန်းက လူကြီးပေးစားတာ ယူခဲ့ကြတာကိုး"

"ဟဲ့ . . . ငါလည်း ငယ်ရာက ကြီးလာတာပဲ။ ဒီကိစ္စတွေ ငါ နားလည်ပါတယ်။ နင်မှသိ၊ နင်မှတတ် လုပ်မနေပါနဲ့။ ဘိန်းစားချင်းအတူတူ တစ်မူးပိုရှူချင်နေတာ နင်ပဲ"

"ကျွန်တော်တင် ရှူချင်တာမဟုတ်ဘူး။ ဆရာလည်း ရှူချင်နေတာ အမေရ။ လိုက်ခဲ့စမ်းပါ အမေရယ်။ ပါရမီဖြည့်ပေးစမ်းပါနော် အမေ . . . နော်"

သူ့ရ ရုပ်ကြမ်းကြီးနှင့် နွဲ့တာကြောင့် ဒေါ်ခင်ချစ်ပါ ပါလာရတာ။ ဒါတောင် ပါးစပ်က တဗျစ်တောက်တောက်။



www.burmeseclassic.com

www.burmeseclassic.com



"လူပျိုကာလသားလေးတွေကျလို့၊ ဟင်း . . . ကိုယ့်စိတ်ကိုယ်လည်း ထိန်းကြဦးမှပေါ့"

"အချစ်နဲ့ချောင်းဆိုးခြင်းကို ထိန်းချုပ်လို့မရတဲ့ အမေရဲ့ အဲ့ဟဲ"

"အလကား ဟိုကျတော့လည်း ဘာမှဟုတ်မှာမဟုတ်ဘူး။ လျှောက်ပြန့်သံပေး ခြေအေးဝမ်းရောင်အဆင့်"

"ဩော် . . . အမေကလည်း ဘဝဆိုတာ ဒီလိုနဲ့စကြရတာပေါ့"

သူတို့သားအမိရဲ့ အတိုင်အဖောက်ညီသည့် စကားတွေကို နားထောင်ရင်း ကျောင်းနှင့်နီးလာသည့်အခါ ဝေးလွင့် ခြေဖျား လက်ဖျားတွေ အေးစက်လာသလိုလို။

ကလေးရယ် . . . မင်း ငါ့အပေါ် အဲလောက်တောင်စိုးမိုးညို့ငင်နိုင်စွမ်းပါရဲ့ကွယ်။

"ဟင့်"





ရွှေပိုးအိမ် သူတို့အုပ်စုကိုမြင်လိုက်သည်နှင့် အာမေဋိတ်သံက ပျံ့လွင့်လာသဖြင့် ဒေါ်ခင်ချစ်က သူတို့နှစ်ယောက်ကို မျက်စောင်းလှည့်ချိတ်၏။ ခွေးမလေး လူမှုရေးကလည်း ညံ့ပုံ။ ပြီးမှ –

"လာ . . . အမေ လာ၊ ပိုးအိမ်က အမေပါလာလို့ အံ့သြနေတာပါ"

"သူတို့ချည်း မလာရဲကြဘူးလေ။ အဲဒါပေါ့ ခိုးချင်လိုက်တာလည်း ပြာလို့၊ လက်နှေးတာလည်း ချာလို့ဆိုတာ"

"ဟာ . . . အမေကလည်း"

သူရပါးစပ်ပြဲနေပေမယ့် ပန်းနုနုင်းလေး လက်ဖက်သုပ်တစ်ပန်းကန်၊ ရေနွေးကြမ်းဝိုင်းနှင့် ထွက်လာတော့ ပါးစပ်ပြန်စေ့သွား၏။

"အစ်ကိုတို့ အလည်လာကြတာလား"

"အင်း . . . ဟုတ်တယ်၊ စာအကြောင်း ပေအကြောင်းလေးတွေလည်း ပြောရတာပေါ့။ ဆရာက မဂ္ဂဇင်းတွေမှာ ပန်းချီဆောင်းပါး။ ထွေရာလေးပါး ဆောင်းပါးလေးတွေလည်း ရေးတယ်လေ"

"ဩော် . . . ဆရာတော့ ပိုက်ဆံတွေ ထားစရာရှိမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်မဟုတ်ဘူးနော်၊ ပန်းချီဆွဲတာကလည်းရ၊ စာရေးတာကလည်းရ''

''ဝါသနာအရ အနုပညာအလုပ်တွေကိုလုပ်နေတာပါဗျာ။ ငွေကြောင့်မဟုတ်ပါဘူး''

''အင်း ... ဝါသနာပါတဲ့အလုပ်ကို လုပ်ခွင့်ရတာလည်း မင်္ဂလာတစ်ပါးပေါ့''

ဒါကတော့ ရွှေပိုးအိမ် ဝင်ပြောလိုက်သည့်စကားလေးပါ။ ဝေးလွင့် ပြုံးသွားရပါသည်။

''ပိုးအိမ်လည်း ဝါသနာပါတဲ့အလုပ် လုပ်ခွင့်ရနေတယ် မဟုတ်လား''

''အင်း ... ဒါပေမဲ့လေ၊ ပိုးအိမ်နေရတာ မပျော်ပါဘူး။ ရင်ထဲမှာ အမြဲလေးလံမှိုင်းမှုန်နေတယ်။ ဘဝဆိုတာကြီးကလည်း လိုအပ်ချက်တွေ အများသားနော်''

သူကလေးရဲ့ခံစားချက်တွေ တစ်စွန်းတစ်စ ပွင့်ထွက်လာတော့ ဝေးလွင့် အသည်းနင့်မတတ် ကြင်နာသနားမိပါသည်။

''ပိုးအိမ်ရယ် ... ကျွန်တော် နိုင်သက္ကရာဇ်နဲ့ အဆက်အသွယ်ပြန်ရအောင် ကူညီပေးပါရစေ''

''နေပါစေ ... ကျွန်မက အလိုအလျှောက်ဖြစ်တည်





လာမှုကိုပဲ တန်ဖိုးထားပါတယ်။ ဘယ်သူ့ပယောဂမှ မပါဘဲ ပန်းကလေးတွေ ပွင့်လာနည်းမျိုး သူ့အလိုလို ဖူးပွင့်လာတာကိုပဲ လိုချင်တာပါ''

''ကဗျာဆန်လိုက်တာ ပိုးအိမ်ရယ်။ အဲလို မာနတွေ ထားနေတော့ နှစ်ဦးနှစ်ဖက်လုံး စိတ်ဆင်းရဲရတာပဲ အဖတ်တင်ကြမှာပေါ့ဗျာ''

''ကိစ္စမရှိပါဘူး။ ကျွန်မ ခံနိုင်ရည်ရှိပါတယ် ဦးဝေးလွင့်။ ပန်းချီကားတွေ တော်တော်ရပြီလား''

''ကျွန်တော် ဒီမှာတစ်လလောက်နေမှာ။ ပန်းချီကားတွေလည်း အများကြီးဆွဲသွားမယ်။ အချောသပ်တာတော့ ဟိုကျမှသတ်မှာ''

''ဒီပန်းချီကားချပ်တွေကို ပြပွဲလုပ်ဦးမှာလား''

''လုပ်ရမှာပေါ့ဗျာ။ ဒီပန်းချီကားချပ်တွေဟာ ကျွန်တော့်ဘဝအတွက်တော့ အရေးပါတဲ့ အစိတ်အပိုင်းတွေပါ။ သက်ဝင်ပန်းချီကားချပ်တွေလေ။ ပြပွဲလုပ်ရင် ရွှေပိုးအိမ်တို့ကိုလည်း ကျွန်တော်ဖိတ်မှာ''

''ပန်းနုကတော့ လာနိုင်မှာမဟုတ်ဘူး ဆရာ။ ပန်းနုအိမ်က ဆင်းရဲတော့ လစာအကုန်ပြန်ပေးတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကျွန်တော် စပွန်ဆာပေးမှာပေါ့ ဆရာမရယ်။ လာဖို့သာ ပြင်ထားပါ"

"စပွန်ဆာ . . . ဟင် စပွန်ဆာဆိုတဲ့ အဓိပ္ပာယ်ကြီးက မကောင်းပါဘူးနော်"

"စပွန်ဆာဆိုတာ ဘယ်လိုပြောရမလဲ။ ပွဲတစ်ခုခုကို အထောက်အပံ့ပေးတာမျိုးလည်း စပွန်ဆာပဲလေ။ ကောင်မလေးတွေကို သူဌေးအဘိုးကြီးတွေ ထောက်ပံ့မှ စပွန်ဆာမဟုတ်ပါဘူးဗျ။ အခုလို ဆရာမတို့အဖွဲ့ ကျွန်တော့်ပန်းချီပြပွဲလာဖို့ တာဝန်ယူတာလည်း စပွန်ဆာပဲပေါ့"

"ဩော် . . . သိပါဘူး။ ပန်းနုက တုံးတယ်ရှင့်။ သဘောတရားတွေ သိပ်မသိဘူး။ ရွှေပိုးအိမ်တို့လို အရာရာနားလည်နေတဲ့အဖြစ်မျိုး လိုချင်လိုက်တာ"

ပန်းနုနှင်းလေး ညည်းတွားနေလျှင် ရွှေပိုးအိမ် ဆတ်ခနဲ တွန့်သွား၏။ သူပြောပုံကြီးက။

"ဘာလဲဟ ချီးမွမ်းနေတာလား။ ကဲ့ရဲ့နေတာလား"

"ချီးမွမ်းတာပါဟ။ ငါလည်း နင့်လို စာတွေရေးတတ်ချင်လိုက်တာ"

"ဩော် ပန်းနုရယ် . . . နင်လည်း ပါရမီပါရင် ဖြစ်လာ





မှာပေါ့။ ခုထဲက စာတွေစုံအောင်ဖတ်ပေါ့။ နင့်ဦးစွာက စာရေးဆရာသာဖြစ်ချင်တယ်၊ စာလည်း မဖတ်၊ ကဗျာဆိုတာ ယောင်လို့တောင် ကိုင်မကြည့်။ အေးအေးသာနေစမ်းပါဟာ။ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်အောင်သာကြိုးစား"

သည်လိုပြောတော့ ပန်းနုနှင်း သူ့ရမျက်နှာကို တစ်ချက်ခိုးကြည့်ပြီး တစ်ညလုံး ရှက်လို့မပြီးတော့ချေ။

ဒေါ်ခင်ချစ်ကသာ ပန်းနုကို ဟောင်ဖွာဟောင်ဖွာနှင့် သူ့အိမ်က စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းများအကြောင်း၊ သူ့သား မလိမ္မာကြောင်းတွေနှင့် လိမ္မာသည့် အလိမ္မာ အိမ်ပါချွေးမလေးတစ်ယောက်လောက် လိုချင်ကြောင်း ပါးစပ်အမြှုပ်ထွက်မတတ် ပြောနေလေ၏။

သူ့ရမျက်နှာကတော့ ဝင်းဝင်းပလို့။

အမေ့ကို စိတ်ထဲမှ အခါတစ်သိန်းလောက် ဦးချရှိခိုးနေမိလေ၏။

ပေးလွှင့်၊ ရွှေပိုးအိမ်နှင့် စကားလက်ဆုံကျနိုင်အောင် ကြိုးစားနေပါသည်။ သူ့ရလို အားကိုးရမည့်သူမရှိတာမို့ ကိုယ့်အားကိုယ်ကိုးရမှာ။

"ပိုးအိမ်ရဲ့ပုံတူတစ်ကားလောက်လည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲသွားချင်ပါတယ်၊ တစ်ကားလောက်ပါပဲ''

''ဦးဝေးလွင့် ဆွဲနေတာပဲလေ။ ကျွန်မပုံတွေ အများကြီး မဟုတ်လား''

''အဲဒါက ရိုးတိုးရိုတ်တိတ်ပုံလေးတွေ။ ကျွန်တော်က ပိုးအိမ်ရဲ့ပုံတူကို အသေအချာ ဆွဲချင်သေးတာ''

''ထိုင်ပြရမှာလား၊ ကျွန်မ ရှက်တယ်''

''ကျွန်တော့်ကို ကြည့်နေစရာမလိုဘူးလေ။ မျက်လွှာချထားချင်ထား။ ဒါမှမဟုတ် တစ်နေရာကိုငေးနေတဲ့ပုံပေါ့။ အကြာကြီးလည်း မထိုင်ခိုင်းပါဘူး။ ခေတ်ပုံရိုက်ထားဦးမှာမို့ လိုအပ်သလောက်ပဲ ထိုင်ခိုင်းမှာပါ။ တစ်ညနေ နှစ်ညနေလောက်ပေါ့''

''အင်းလေ ... ဦးဝေးလွင့် ဒီလောက်ပြောနေတော့လည်း ထိုင်ပေးရတော့မှာပေါ့''

''ကျေးဇူးအရမ်းတင်တယ်ဗျာ။ ပိုးအိမ်နဲ့တွေ့တာ ကျွန်တော့်အတွက် ဘုရား သိကြား မတာပါပဲ''

''ကျွန်မကလည်း ကျေးဇူးတင်တာပါပဲ။ ဦးဝေးလွင့်မှာ ဖတ်စရာစာအုပ်တွေပါလာရင် ကျွန်မကိုပေးဖတ်ပါဦး။ အနုပညာသမားတွေဟာ သွားလေရာ စာအုပ်တွေ သယ်တတ်လို့ပါ''

''ပါတာပေါ့၊ စာမဖတ်ရရင်မနေနိုင်ဘူးလေ။ ကျွန်တော်





မနက်ကျလာပေးပါ့မယ်။ ပိုးအိမ်မှာရော ဘာစာအုပ်တွေရှိသလဲ''

''ရှိတယ်၊ ပိုးအိမ်က စာကြီးပေကြီးတွေတော့ မကြိုက်တတ်သေးဘူးလေ။ ဆရာမြသန်းတင့်ရဲ့ ရွှေပြည်တော်မျှော်တိုင်းဝေးတောင် ဟိုတုန်းက စာကြည့်တိုက်မှာ (၇) အုပ်တွဲကြီး အထပ်လိုက်ကြည့်ပြီး ကြက်သီးထနေသေးတယ်။ နောက်မှ သူငယ်ချင်းက ဖာတ်လမ်းကျောရိုးလေးပြောပြတော့မှ စိတ်ဝင်စားသွားတာ။ အက်ရှလေနဲ့ ဖူလီဘိုင်ကို စိတ်ဝင်စားသွားတာ''

''ကိုယ်က စာရေးဆရာလုပ်မယ့်သူပဲ ပိုးအိမ်ရယ်။ စာဖတ်ရမှာပေါ့။ ရွှေပြည်တော်မျှော်တိုင်းဝေးကို ဖတ်ကြည့်တော့ စွဲလမ်းသွားရောလား''

''အင်း ... ဖတ်လည်း ဖတ်မိရော (၇) အုပ်ဆိုတဲ့ ထိတ်လန့်စိတ်ပျောက်သွားပြီး ... ဆရာမြသန်းတင့်ကလည်း အရေးကောင်းတော့ ကိုယ်ကိုယ်တိုင် အိန္ဒိယပြည်နယ်တွေထဲ ရောက်သွားပြီး ကိုယ့်ကိုယ်ကိုယ် ဖူလီဘိုင်လို့တောင် ထင်မှတ်မိတယ်''

ကျန်တဲ့သူတွေက စကားမပြောကြတော့ဘဲ သူတို့နှစ်ယောက်၏ စကားအပြန်အလှန်တွေကိုသာ နားစွင့်နေကြပါပကော။



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ . . . ဆတ္တီးအလုပ်ခံရတဲ့အထဲ ပါမသွားလို့"

"ဆရာကြီးတွေရဲ့လက်ရာက အနုစိတ်ပန်းချီကားကြီးတစ်ချပ်လိုပဲ စာပေမှာ ခြယ်မှုန်းထားလိုက်တာ မျက်စိထဲ ရုပ်လုံးပေါ်လာတော့တာပဲနော်"

"ကိုယ်လည်း အဲလိုဖြစ်အောင်ကြိုးစားပေါ့ ပိုးအိမ်ရဲ့"

"ဟာ . . . ဦးဝေးလွင့်ကလည်း မတန်မရာတွေ လာနှိုင်းနေတယ်။ ပိုးအိမ်တို့က ပါမွှားလေးတွေပါ"

"ဟုတ်ပါပြီ . . . တဖြည်းဖြည်း ကြိုးစားဖို့ပြောတာပါ"

"ခုတစ်လော ဆရာကြီးဦးဝင်းတင် (၂) နှစ်ပြည့်မှာ 'ကျားရဲ' ကဗျာ လူပြောများတယ်။ ပိုးအိမ် မကြုံသေးဘူး ဖတ်ကြည့်ချင်တယ်။ ဦးဝေးလွင့်မှာရှိလား"

"ကျွန်တော် အလွတ်ရပါတယ်၊ ရေးပေးမယ်။ စာရွက်နဲ့ ဘောပင်ပေး"

"ဟင် . . . အလွတ်ရတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကြိုက်လွန်းလို့ ဖတ်ရင်း ရင်ထဲစိမ့်ဝင်သွားတာ"

"သြော် . . . ကျွန်မတို့က ငယ်ငယ်ထဲက ဆရာမရိုက်မှ





စာကျက်တာ။ ကဗျာကျက်တာ။ တိုရင် အလွတ်ရပေမယ့် ရှည်ရင် မရတော့ဘူး။ ခဏနော် စာအုပ်နဲ့ဘောပင်လိုက် သွားယူပေးမယ်"

ရွှေပိုးအိမ် ဦးဝေးလွင့်ကို နည်းနည်းအထင်ကြီးသွားသလို၊ ဆရာ့ကိုလည်း သတိရသွား၏။ ဆရာဆိုရင်ရော အလွတ်ရမှာပဲ။

ဆရာနှင့်သူမ ဝေးကွာလာခဲ့တာတောင် နှစ်လကျော်လာပါပကော။

ဘာအဆက်အသွယ်မှ မလုပ်တဲ့ မရတဲ့ ချစ်သူ ကောင်မလေးတစ်ယောက်ကို ဆရာမေ့ထားလိုက်ပြီပေါ့နော်။

ကမ္ဘာကြီးခြားနေ၊ နိုင်ငံခြားနေတဲ့အတိုင်း။ သုခနှမင်းသားလေးကတော့ ငွေတောင်ပြည်ပြန်တဲ့ ချစ်သူဒွေးမယ်နော်လေးကို မတွေ့တွေ့အောင် လိုက်ပြီး ခက်ခက်ခဲခဲ ရှာခဲ့တယ်။

ဆရာကတော့ ပိုးအိမ်ကို သတိတောင်ရမယ်မထင်ဘူးနော်။ ရင်ထဲမှာ သီးနင့်အောင်ခံစားလိုက်ရပေမယ့် ရွှေပိုးအိမ် စာအုပ်နှင့်ဘောလ်ပင် သွားယူပြီး ဦးဝေးလွင့်ကို ပေးငိုက်သည်။

သူ့လက်ရေးတွေက ပန်းချီဆရာပီပီ ခပ်လှလှ။

"နိုင်ငံရေးတွေတော့ လက်သီးလက်မောင်းတန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်ပါဘူးဗျာ။ နိုင်ငံရေးချစ်စိတ်ဆိုတာ လူတိုင်းမှာ အနည်းနဲ့အများ ရှိတတ်ကြတာပဲ။ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံမှ မချစ်တတ်တဲ့လူတွေကတော့ လူကို မဟုတ်လို့ပဲ"

"ဒီကျားရဲကဗျာကို ဖတ်ပြီး ကျွန်တော်တော့ ဆွေးဆွေးနင့်နင့်၊ လွမ်းလွမ်းဆွတ်ဆွတ်ကြီးကို ခံစားလိုက်ရတယ်ဗျာ။ ဆရာကြီးဦးဝင်းတင်အတွက်ရော ကိုယ့်တိုင်းပြည်အတွက်ပါ ယူကြုံးမရဖြစ်ရတယ်။ လူတော်တွေ အလဟဿဖြစ်ရတယ်။ တိုင်းပြည်ရဲ့ အဖိုးတန်လူ သယံဇာတတွေ ဆုံးရှုံးရတာ တွေးမိရင် ရှုံးတောင် ရှုံးချင်တယ်"

"ခုတော့ အဲဒီ ခါးသီးတဲ့အဖြစ်တွေ လွန်မြောက်ခဲ့ပါပြီ ဦးဝေးလွင့်ရယ်"

"လူသယံဇာတတွေရော၊ သဘာဝ သယံဇာတတွေလည်း ကုန်လုပါပြီဗျာ"

"ကဲပါ ... ကျွန်မလိုချင်တဲ့ ကျားရဲကဗျာပဲ ရေးပေးပါတော့"

ဦးဝေးလွင့်ဆက်ရေးသည့် ဆရာကြီးရဲ့ကျားရဲကဗျာကို တစ်လုံးစီဖတ်ရှုရင်း မျက်စိထဲမှာ ဆရာကြီးရဲ့ပုံရိပ်လွှာကို မြင်ယောင်ရင်း ရွှေပိုးအိမ်လည်း မျက်ရည်တွေ စီးကျနေမိပါပကော။





## ကျားရဲ

==========

နေပြင်းရင်
နှင်းမှုန်ရင်
ဆွေ့ဆွေ့ခုန် အိုက်လိုအိုက်
ခိုက်ခိုက်တုန် ချမ်းလိုချမ်း
အခန်းကျဉ်းကျဉ်း
အလင်းမဝင် လေမဝင်
နေမမြင် လမမြင်
လူမမြင် သူ မမြင်မှာ
ထိုင်လျှင်ထိုင် မထိုင်လျှင်ငေး
အိပ်လျှင်အိပ် မအိပ်လျှင်တွေး
သတင်းမေးဖို့ဝေးရော သီချင်းလေးမှမဆိုရ
စာဖတ်ဖို့ဝေးရော ကဗျာလေးမှ မစပ်ရ
တရားဟောဖို့ဝေးရော စကားလေးမှ မပြောရ
အဟောသိက သံသရာ
ငါ့ကမ္ဘာ ပိစိကွေး
အခန်းကျဉ်းကလေး ပတ်လျှောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သိတၱံခါးဝ ရပ်လိုက
တမတ်တပ်တပ်နေကုန်။

❑ မနေ့ကလည်း တစ်နေကုန်
ဒီနေ့လည်း တစ်နေကုန်
မနက်ဖြန်လည်း ကုန်ဦးမယ်။
ကုန် - ကုန် - ကုန်
ကုန်ချင်သလောက်ကုန်စမ်း
တစ်ရက်ကုန်မလား တစ်သက်ကုန်မလား
တစ်လကုန်မလား တစ်ဘဝကုန်မလား
တစ်နှစ်ကုန်မလား တစ်ခေတ်ကုန်မလား
အားမလျှော့ဘူး မပျော့ဘူး
ပေဖြစ်တော့ခံမယ် တူဖြစ်တော့နှံမယ်
အမှန်တရား တို့ဘက်မှာရှိတယ်
ပြည်သူအများ တို့ဘက်မှာရှိတယ်
ကာလယန္တရား တို့ဘက်မှာရှိတယ်
ရှင်တော်ဘုရား တို့ဘက်မှာရှိတယ်
သိကြရဲ့လား။





❑ တိရစ္ဆာန်ရုံကကျားလို လှောင်အိမ်ထဲမှာ
တလွန့်လွန့်နဲ့
ကျားညွန့်တို့းမယ် ထင်နေသလား
မှားလိုက်တဲ့အမြင် ဟားတိုက်လို့ရယ်ချင်စရာ။
မှတ်ထားပေတော့
အဝါပေါ်မှာ အနက်စင်း
မပျက်မယွင်း ကွက်ကွက်ကွင်း
အရှင်းသား မလွဲသရွေ့
အထင်းသား စွဲသရွေ့
ကျားရဲ့ဟာ ကျားရဲ့
ငါလည်း အဲဒီလိုပဲကွ တော့။

**တာသာဝတီ ဦးဝင်းတင်**
**ထောင်တွင်းဖွဲ့ကဗျာတစ်ပုဒ်**

ကဗျာလေးကို ဝေးလွင့် သံနေသံထားနှင့် ရွတ်ပြတော့ ကဗျာတွေ၊ စာတွေနှင့်ဝေးသည့် ဒေါ်ခင်ချစ်နှင့် ပန်းနုနှင်းတို့ပင် ခံစားလို့ရသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဂရီတော့ကွာတာပေါ့လေ။ သူတို့နှစ်ယောက်က ဆရာကြီး၏အတွေ့ပွတ္တိနှင့် နိုင်ငံရေးဖြတ်သန်းမှုတွေ၊ ခံယူချက်တွေ၊ တိုင်းပြည်အပေါ်ထားသည့် စေတနာတွေကို သိပ်မသိတာမို့

ရွှေပိုးအိမ်လောက် စူးစူးနင့်နင့် မခံစားရ။ ကဗျာတစ်ပုဒ်ကြောင့် မျက်ရည်ကျနေရသည့် ရွှေပိုးအိမ်ကိုလည်း အထူးအဆန်း ကြည့်ကြ၏။ ပန်းနုနှင်းက ပွင့်ပွင့်လင်းလင်းပင် ဝေဖန်၏။

"ငါတို့က အလွမ်းဆိုတာ မိဘကို လွမ်းမှ၊ ချစ်သူကို လွမ်းမှ လွမ်းတာ၊ မျက်ရည်ကျတယ်မှတ်တာ။ နင်တို့အနုပညာသမားတွေက တစ်မျိုးကြီးပဲနော်"

မသိလို့ ဝေဖန်သူကို ရွှေပိုးအိမ် ရှင်းမပြတတ်တော့ပါ။ သူလည်း သူကျင်လည်ရသည့် ပတ်ဝန်းကျင်နှင့် သူသိသည့် ပေတံလေးနှင့် တိုင်းတာပဲလေ။

"ငါတို့ကတော့ အာဇာနည်နေ့မှာလည်း မျက်ရည်ကျအောင် လွမ်းတယ်။ လွတ်လပ်ရေးနေ့မှာလည်း တိုင်းပြည်လွတ်လပ်ရေးရအောင် အသက်၊ သွေး၊ ချွေးတွေနဲ့ စတေးသွားခဲ့ရတဲ့ သူရဲကောင်းအပေါင်းကို နှင်းစက်တွေနဲ့အတူ ရော်ရမ်းလွမ်းဆွတ်ပစ်တတ်တဲ့ လူစားမျိုးကိုးဟ"





ရွှေပိုးအိမ်ပြောတော့ ဝေးလွင့် ထောက်ခံသည်။

"အဲဒါ အဆင့်မြင့်တဲ့နှလုံးသားပိုင်ရှင်တွေမို့ပေါ့။ ကိုယ့်မိဘ၊ ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်းကို လူတိုင်း လွမ်းတတ်ပေမယ့် တိုင်းကျိုး ပြည်ကျိုး နိုင်ငံအကျိုးကို သယ်ပိုးရင်း အသက်စွန့်သွားတဲ့ သူရဲကောင်း အာဇာနည်တွေကို လွမ်းတတ်ဖို့ကတော့ လူတိုင်း မတတ်ကြတဲ့ကိစ္စပါ"

"ကျွန်မ အရှုံးပေးပါတယ်နော်။ ဒါပေမဲ့ . . . ဆရာရွတ်ပြတဲ့ ကျားရဲ့ကဗျာကို နားထောင်ပြီး ဆရာတို့ပြောတဲ့ သတင်းစာဆရာကြီးဦးဝင်းတင်အတွက် ကျွန်မလည်း ရင်ထဲနင့်မိပါတယ်"

"ဟုတ်ပြီ၊ ဒါဆို သူရနဲ့ရှေ့သွားနောက်လိုက်ညီလာပြီ။ သူရဆို ကျားရဲ့ ကဗျာဖတ်ရခါစကို ရှိုက်ကြီးတငင်ကိုငိုတာ။ ရွာကရည်းစား လင်နောက်လိုက်ပြေးတဲ့အတိုင်းပဲ"

"ဟင် . . . ကိုသူရမှာ ရည်းစားရှိတယ်ဟုတ်လား"

ဝေးလွင့် နောက်လိုက်တာကို ပန်းနုနှင်း အဟုတ်ထင်သွားသဖြင့် သူရ သူ့ဆရာကို ပြုံးပြုံးပြိပြိနှင့်။

"ဆရာ ကိုယ့်ဆေးကိုယ်ပြန်ချဦး။ လုပ် လုပ်'

ဒေါ်ခင်ချစ်ကပင် ဝင်၍ –



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် . . . ငါ့သား ယောင်ခြောက်ဆယ်ကို ရွာထဲက ဘယ်အပျိုမှ မကြိုက်ရဲပါဘူး။ ပူမနေနဲ့။ ခုမှ လူပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာ့ပြည်က အပ်တစ်စင်းတို့ ရှားရှားပါးပါး ထိရမှာ။ ဒါပဲနော် . . . ဝါကျွတ်ရင် သမီးကို အမေ လာတောင်းမယ်။ အမေ့ ရှိသမျှပစ္စည်း အကုန်တင်မှာ။ လယ်တွေရော၊ ရွှေ၊ နွား၊ စက်အကုန် ငါ့သမီး ဂုဏ်ရှိအောင်တင်မှာ"

နောက်သလိုလိုနှင့် ဒေါ်ခင်ချစ် အတင်းပင် ဝင်ချုပ်နေလေလျှင် ကျားရဲကဗျာ စာရွက်လေးပင် လေအလွှင့်မှာ တဖျပ်ဖျပ်လှုပ်ရင်း ကြည်ဖြူပေးနေသယောင်။

✵ ✵ ✵



## အခန်း (၁၈)

ဝေးလွင့် သည့်ရွာမှာ အောင်းနေတာ မနက်ဖြန်ဆိုတစ်လပြည့်ပြီ။ ပန်းချီကားတွေကလည်း သူ လောဘတကြီးဆွဲနေသည့်မို့ မည်သည့်ပန်းချီကားချပ်မှ လက်စမသတ်ရသေး၊ အားလုံး တန်းလန်း။

ထို့အတူ သူ့နှလုံးသားရေးရာကလည်း သောင်မတင်ရေမကျ

သူ ရွှေပိုးအိမ်ကို အသည်းပေါက်မတတ်၊ အသက်သေလုမတတ် မြတ်နိုး စွဲလမ်းမိနေပေမယ့် အနည်းငယ်တောင် မဖွင့်ဟဖြစ်ပါ။ ရင်ထဲမှာပဲ ဗလောင်ဆူနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးဟာ ချစ်သူအပေါ် မျှော်လင့်တကြီးစောင့်စား နေသည့် မိန်းမပျို။

သည်ဘက်ခေတ်မှာ ရှားပါးသွားပြီဖြစ်သည့် သစ္စာရှင် မိန်းကလေး။ ထိုမိန်းကလေးကို သူ မဖြားယောင်း မဖျက်ဆီးရက် ပါ။

ကိုယ်ရလျှင်ပြီးရောဟူသည့် ဒဿဂီရိလို အသည်းစား ဘီလူးကြီးလည်း မလုပ်နိုင်ပါ။ ကိုယ် လူးလိမ့်ခံစားရခါမှ ခံစားရ ရော ကိုယ်ကတော့ နေမြင့်လေ အရှူးရင့်လေ။ တစ်နေ့မှာ (၂၄) နာရီရှိသည့်အနက် (၂၄) နာရီလုံး သူမရဲ့အပါးမှာပဲ တဝဲ လည်လည်နှင့် ဝပ်စင်းခစားနေချင်မိတာ။

ပန်းချီဆွဲတာကို အကြောင်းပြပြီး နေ့နေ့ညည သူမ အနားမှာပဲ မကွဲမကွာနေမိတာ။

သူမ စာသင်နေလျှင်လည်း သစ်ရိပ်တစ်ခုမှာ ပန်းချီဆွဲ နေမိတာက ပြတင်းမှ မြင်နေရသည့် သူမရဲ့ လျှပ်တပြက်ပုံရိပ် လေးတွေ။

သူဆွဲဖြစ်ခဲ့သည့် ကား (၁၀) လောက်မှာ ရှုမျှော်ခင်းက တစ်ဝက်။ သူမပုံတွေက တစ်ဝက်။

ရန်ကုန်ရောက်မှ အချောသပ်ပြီး ပြပွဲတင်ရမှာ။ သူသည်





ရွာမှာ သောင်တင်နေတာ တစ်လတောင်ပြည့်တော့မည်ဆိုတော့ သူ့အလုပ်များကလည်း ပစ်ထားရတာကြာပြီဆိုတော့ သူ ပြန်ဖို့ သင့်နေပါပြီ။

ပြန်ဖို့အကြောင်း တွေးလိုက်မိသည်နှင့် ဝေးလွင့်ရင်မှာ နေဆယ်စင်းထွက်နေသလို ပူလောင်ကျွမ်းမြည့်ရပါသည်။

ရွှေပိုးအိမ်လေး ခံစားနေရသည်ကိုလည်း ဝေးလွင့် ကိုယ် ချင်းစာနာမိပါသည်။

ချစ်သူရေ ...

ချစ်ခြင်းမှာ အချစ်ခြင်းမညီရင်

ပိုချစ်တဲ့သူက ခံစားရစမြဲပဲ။

မင်းက နိုင်သက္ကရာဇ်ကို အလေးအနက် စွဲစွဲလမ်းလမ်း ချစ်သလို

ငါကလည်း မင်းကို ကမ္ဘာပေါ်မှာ ရှိသမျှအချစ်တွေ အားလုံးနဲ့ ပုံအော လောင်းကြေးထပ်ပြီး ချစ်မိခဲ့ပါတယ်။

သူချစ်နဲ့ ကိုယ်ချစ်ဆိုပြီး နှစ်မျိုးရှိတဲ့ အချစ်တွေမှာ ပိုးအိမ် သူ့ကိုချစ်တဲ့အချစ်က ကိုယ်ချစ်။

ကိုယ် ပိုးအိမ်ကိုချစ်တဲ့အချစ်ကလည်း ကိုယ်ချစ်ပါပဲ ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကပဲ စူးစူးနစ်နစ်၊ မြတ်မြတ်နိုးနိုး ချစ်နေရရင်လည်း ဘဝမှာ နေပျော်ရမှာပေါ့ကွယ်။

သို့သော် ရင်ထဲမှာ မီးလောင်ခံနေရသလို ပူလောင်ကျွမ်းမြည့်ရသည့်ဝေဒနာကတော့ မသက်သာ။

သိပ်ပြီးခံစားတတ်သည့် အနုပညာသမားတစ်ယောက်ရဲ့ဝေဒနာမို့ ခံစားချက်က ဖော်မပြသာ။

သူ သည်နေ့လည်း ညနေစောင်းတော့ ရွှေပိုးအိမ်တို့၏ စာသင်ကျောင်းဘက်သို့ လမ်းလျှောက်လာမိသည်။ ဝေးလွင့်ရဲ့ ခြေထောက်တွေက သူမထံသို့သာ အလိုလို ဦးတည်နေမိတာ။

သူရနှင့်ပန်းနုနှင်းတို့ကတော့ အဆင်ပြေသွားပြီ။ လူကြီးချင်း နားဖောက်ပြီးလို့ သီတင်းကျွတ်လျှင်တောင် လက်ထပ်ကြတော့မှာ။

ဩော် ... သူတို့အချစ်ရေးကျတော့လည်း ရေကန်အသင့်၊ ကြာအသင့်။ ထီးလို မင်းလို။

ဝေးလွင့် သူရကိုပင် အဖော်မခေါ်တော့ပါ။ တစ်ယောက်တည်း ရွာလမ်းတစ်လျှောက် ဖြည်းညင်းစွာ လျှောက်လှမ်းနေမိတာ။

သည်ဆီစဉ် ... ရွာပြင်ထန်းတောဘက်မှ ကာလသား





(၂) ယောက် ခပ်တွေတွေနှင့် သူ့အနားသို့ ရောက်ရှိလာခဲ့ကြသည်။

"ခင်ဗျားလား ပန်းချီဆရာဆိုတဲ့ကောင်"

"အလကား ... ကျုပ်တို့ရွာက ဆရာမတွေကို ခြေလာရှုပ်နေတာ"

"ကျုပ်တို့က အဲဒီပန်းလေးတွေကို အလှကြည့်ထားတာဗျ။ တမွန်တမြတ် ကိုးကွယ်ထားတာ"

"ကျုပ်တို့တောင် မြတ်နိုးလွန်းလို့ စေ့စေ့မကြည့်ခဲ့ဘူး"

"အခုတော့ ခင်ဗျားတို့က နေ့ရော ညရော လုံးထွေးပြီး ပန်းချီဆွဲလိုဆွဲ၊ စကားတွေပြောလိုပြော၊ နေ့တတွဲတွဲ၊ ညတတွဲတွဲနဲ့"

"သူရဆိုတဲ့ကောင်က ပုဆိန်ရိုးပဲ။ ကိုယ့်ရွာက ခြံစည်းရိုးကို သူများဝင်ဖို့ ဖြိပေးတဲ့ကောင်"

စွပ်စွဲချက်တွေက တရစပ်။ ဝေးလွင့် ဖြေရှင်းဖို့ပင် အချိန်မပေး။ သူတို့ဘာသာ သူတို့ စွဲချက်တင်၊ သူတို့ဘာသာသူတို့ ဆုံးဖြတ်။

တကယ့် ဖြုတ်၊ ထုတ်၊ သတ်လုပ်တော့မည့်ပုံ။ ဝေးလွင့် တောင်းပန်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးတို့အထင် မှားနေကြတာပါ။ အစ်ကိုက ရိုးရိုးသားသားခင်တာပါ"

"ဘာဗျ၊ ဒီလောက်နေ့တတွဲတွဲ၊ ညတတွဲတွဲလုပ်ပြီးမှ ဘွာခတ်ချင်လို့ရမလား။ ခု ခင်ဗျားက ပြန်တော့မှာဆို။ ကျုပ်တို့ သရဖူလေးတွေကို ထားပစ်ခဲ့တော့မှာမလား။ တစ်ချို့ကွယ် တမယ်မေ့တော့မှာမလား"

"မဟုတ် ... မဟုတ်ပါဘူး ညီလေးတို့ရာ"

သူ အမူးသမား (၂) ယောက်နှင့် ပြဿနာတက်နေရစဉ် မည်သူ သတင်းပို့လိုက်သည်မသိ။ ကျောင်းနှင့်လည်းနီးနေပြီမို့ ရွှေပိုးအိမ်တစ်ယောက် သူတို့ရှိရာနေရာသို့ အပြေးကလေးကို လာနေခဲ့ပါပြီ။

ဝေလွင့်ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရ၏။

"ဟေး ဟေး ... ကိုဖိုးပြားတို့ မှားမယ်၊ မှားမယ်။ သူက လူကောင်းတစ်ယောက်ပါ"

"ဘာလူကောင်းလဲ၊ ဆရာမလေးကို ထားခဲ့ပြီး သူက မြို့ပြန်ပြေးတော့မှာလေ။ တစ်ချို့ကွယ် တမယ်မေ့တော့မှာလေ"

"မဟုတ်ပါဘူး ကိုဖိုးပြားရယ်။ ကျွန်မတို့ချင်းမိတ်ဆွေတွေပါ"





"ဘာ ... မိတ်ဆွေ ဟုတ်လား။ ကာကွယ်မနေစမ်းပါနဲ့ ဆရာမလေးရာ။ ဒီလောက် နေ့တတွဲတွဲ၊ ညတတွဲတွဲနဲ့ ပူးကပ်နေတာ။ ချစ်သူတွေမို့ပေါ့။ သူ တို့ရွာကဆရာမလေးကို ဒီလို ကြောသွားလို့ မရဘူး။ လက်ထပ်ရမယ်။ ရွာကလူကြီးစုံရာရှေ့မှာ လက်ထပ်ယူရမယ်"

"ဟာ ... ဘာမှမဟုတ်ပါဘူးဆိုမှ။ ကိုဖိုးပြားတို့ထင်ဘာ မှားနေပြီ"

"မမှားဘူး၊ သူ ဆရာမလေးကို ယူချင်ယူ၊ မယူရင် သူ့ကို တို့ကာလသားတွေ မှတ်လောက် သားလောက်အောင်ကို ဆုံးမလွှတ်ရမှ ကျေနပ်မှာ"

ရွှေပိုးအိမ် မျက်စိမျက်နှာတွေ ပျက်နေလိုက်တာ ပြင်လို့ကိုမရ။ သိပ်ပြီး တောကျသည့် တောရွာလေးတွေမှာ ဒီလို ပြဿနာလေးတွေက မဆန်း။

သူတို့က ကိုယ့်ရွာကဆရာမ မနစ်နာရအောင် ဝေလွင့်ကို တာဝန်ယူခိုင်းနေကြတာ။ သူတို့တွက်ကိန်းနှင့် သူတို့တော့ တုတ်နေ၏။

ရွှေပိုးအိမ်မှာသာ မရှုနိုင် မကယ်နိုင်။ ဝေလွင့်ကို ခိုးကြည့်မိတော့လည်း သူ့မျက်နှာက တည်တည်ငြိမ်ငြိမ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသမျှကို ရင်ဆိုင်တော့မည့်ပုံ။ ရွှေပိုးအိမ် ဘယ်လိုမှ တောင်းပန်လို့မရ။ နောက်ဆုံး အမေဒေါ်ခင်ချစ်နှင့် သူရတို့ပါ ရောက်ရှိလာပြီး ဝိုင်းဝန်းတောင်းပန်ပေးတော့မှ ကာလသားများ လူစုကွဲသွားတော့သည်။

❋

"ရှက်လိုက်တာ၊ ပိုးအိမ် ရှက်လိုက်တာ။ ရွာက တစ်မျိုးထင်သွားပြီ။ ပိုးအိမ် နာမည်ပျက်သွားပြီ"

စာသင်ကျောင်းက အိမ်ကလေးထဲမှာ ပိုးအိမ် မျက်ရည်လည်ရွှဲဖြစ်နေရပါပြီ။ သူမ ပြန်ပြီး ဆန်းစစ်ကြည့်မိပါ၏။ ဒါ ဘာမှားသလဲ။

သူနဲ့လည်း တစ်ခါမှ နှစ်ယောက်ချင်းမနေဖူးပါဘူး။ သူ ပန်းချီဆွဲတယ်ဆိုလည်း သူရနှင့်ပန်းနုနှင်းပါ (၄) ယောက်ဆွဲကြတာပါ။

သူက နေ့ရှေ့ညည ပိုးအိမ်နားမှာပဲ တရစ်ဝဲဝဲ ရှိနေတယ်ဆိုလည်း ပဝါတစ်ကမ်း လက်တစ်ကမ်းပါ။ အသားချင်းတောင်





မထိဖူးပါဘူး။

သို့သော် ရွာမျက်စိအရ အမြင်မရှင်းစေတာတော့အမှန်။ သူရနှင့် ပန်းနုနှင်းက တစ်တွဲဖြစ်သွားပြီမို့ သူမနှင့် ဝေးလွင့်ကိုလည်း ချစ်သူတွေလို့ သတ်မှတ်ကြတာထင်ပါရဲ့။

ည (၈) နာရီလောက်ရှိပြီမို့ ဆိုလာမီးအိမ်လေးနှင့် ခပ်မှုန်မှုန်ထဲမှာ ပန်းနုနှင်းကလည်း စိတ်ထိခိုက်စွာဖြင့် ငေးကြည့်လို့။

ပပဓာခြည်ကတော့ အဆိုးမြင်ဝါဒီပီပီ –

"နင်တို့ အနေအစားမတတ်လို့ ကာလသားတွေက ဒီလိုစွပ်စွဲတာ။ ကဲကြ သည်းကြလို့ပေါ့။ နေ့တတွဲတွဲ ညတတွဲတွဲ လုပ်နေပြီး ခုမှငိုမနေနဲ့"

ရွှေပိုးအိမ် လိပ်ပြာမလုံ။ သူမ နာမည်ပျက်စာရင်းဝင်သွားပြီလား။ အပျိုစင်တန်ဖိုး လျော့သွားပြီလား။

ကိုယ်က အိမ်ထောင်ရေးကို ဘဝရဲ့ပန်းတိုင်အဖြစ် မလွဲမသွေ စဉ်းစားထားတာ မဟုတ်သော်လည်း

ရွှေပိုးအိမ်မြင်ယောင်မိတာ ဆရာ့ကိုပါ။ သည်သတင်းကိုများ တကယ်လို့ ဆရာကြားမိမယ်ဆိုလျှင် ရွှေပိုးအိမ်ကို သစ္စာမဲ့သူရယ်လို့ စွပ်စွဲပြီး စိတ်ဆိုး ဒေါသတွေထွက်နေမလား။

အစကတည်းက သဘောထားသိပ်မကြီးလောက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ရွှေပိုးအိမ်အပေါ် ခွင့်လွှတ်နိုင်မည်မထင်။

ပပဇာခြည့်ကလည်း မြည်တွန်တောက်တီးရင်း ဝေးလွင့်ဆီ ဖုန်းဆက်သည်။

''ဆရာ ဒီမှာ သည်းခင်ပြတ်မှု ငိုကြွေးနေပြီ။ ဆရာ့မှာ တာဝန်ရှိတယ်ထင်တယ်။ ဘာမှမသိသလို အချိုးမျိုးနဲ့ မနက်ဖြန် ကောက်ပြန်သွားလို့တော့ မရဘူးနော်''

''ဩော် ... ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ လာခဲ့လိုက်ပါ့မယ်''

ဝေးလွင့် ခေါင်းတွေပူထူအောင် စဉ်းစားရသည်။ အခြေအနေက ကျဉ်းထဲကျပ်ထဲ။ နည်းနည်းမှအတိမ်းအစောင်းခံလို့မဖြစ်။

သူက ရွှေပိုးအိမ်ကို စွဲလမ်းမြတ်နိုးမိသူမို့ လက်ထပ်ချင်သော်ငြား သူမက လက်ထပ်ချင်မည်မထင်။ ရွာထဲမှ ကာလသားတွေကလည်း အထင်အမြင်လွဲမှားနေကြလေရာ သူမအတွက်မကောင်း။

ဝေးလွင့် ဦးအောင်မြင့်နှင့် ဒေါ်ခင်ချစ်ကို အကျိုးအကြောင်း ပြောပြပြီး အကြံဉာဏ်တောင်းရသည်။ လူကြီး သူကြီးတွေရဲ့ အကြံဉာဏ်ဆိုတာ အချိုးနှီးမဖြစ်။





''ငါတို့အကြံပေးချင်တာကတော့ ရွှေပိုးအိမ်ရဲ့သဘောထားအတိုင်း မင်း ဆောင်ရွက်ပေးလိုက်တာ အကောင်းဆုံးပါပဲကွယ်''

''သူနဲ့ကျွန်တော်က ဘာမှဖြစ်တာမဟုတ်ဘူးလေ။ ကာလသားတွေကသာ အထင်အမြင် မှားနေကြတာ''

''ရွာလေ့ဆိုတော့ အမြင်မကျယ်နိုင်ဘူးပေါ့ကွာ။ ရွှေပိုးအိမ်ရဲ့ သဘောထားကို မေးကြည့်တာပဲ ကောင်းပါတယ်''

''ကျွန်တော် သွားလို့တော့မတော်ဘူး ထင်တယ်။ ဖုန်းပဲဆက်လိုက်မယ်နော်။ ရွာက အထင်လွဲနေတဲ့ကြားထဲ ကျွန်တော်သွားလို့ ဖြစ်ပါ့မလား''

''ဖုန်းဆက်ကြည့်ပေါ့ကွာ။ လိုအပ်ရင် လူသွားပေါ့။ ကာလသားတွေ ချောင်းတော့မရိုက်လောက်ပါဘူး''

ဝေးလွင့် တကယ်စိတ်မကောင်း။ ပြန်ခါနီးမှ ပြဿနာတွေက အတွေတွေအရာရာ။

ပိုးအိမ်ကို ခွဲရမှာမို့ ရင်ကွဲပက်လက်ဖြစ်ရသည့်ကြားထဲ အခြေအနေတွေက ကောင်းဖို့လား၊ ဆိုးဖို့လား။

ရွှေပိုးအိမ်သာ လက်ခံမည်ဆိုလျှင် သူ ကျေကျေနပ်နပ်ကြီးကို လက်ထပ်ယူသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေးလွင့် ဖုန်းအရင်ဆက်ကြည့်ရသည်။

"ပိုးအိမ်"

တစ်ဖက်မှ ငိုနေသည်ထင့်။ ဘာစကားတစ်ခွန်းမျှ ထွက်မလာ။ ဝေးလွင့် တောင်းပန်ရ၏။

"ပိုးအိမ် ကိုယ်ပြောတာ သေချာနားထောင်ပေးနော်၊ စကားပြန်မပြောနိုင်ရင် မပြောပါနဲ့။ ညနေကကိစ္စကို ကျွန်တော်တို့နှစ်ယောက် တိုင်ပင်ဆွေးနွေးချင်တယ်။ ကျွန်တော်လာခဲ့လို့ ဖြစ်မလား။ သူရနဲ့လာခဲ့မယ်လေ"

"မလာပါနဲ့"

အက်ကွဲနေသောအသံလေးက စိမ်းဖန့်ဖန့်။

"ဒါဆို ပိုးအိမ် မငိုပါနဲ့ဗျာ။ ကျွန်တော်ရင်ကွဲသေရလိမ့်မယ်။ ကျွန်တော် ဘယ်လိုမှ နေလို့မရဘူး။ ကာလသားတွေ ဝိုင်းရိုက်လို့သေချင်လည်း သေဗျာ။ ကျွန်တော် ပိုးအိမ်ဆီ ပြေးလာခဲ့တော့မယ်"

"မလာနဲ့"

တစ်ဖက်မှ သူမ စိတ်ကိုတင်းပြီး ပြန်ပြောရပါသည်။

"ရှင့်ဘာသာ မနက်ဖြန်ကျ ပြန်တော့။ မကြာမီ အားလုံးနေသားတကျ ဖြစ်သွားပါလိမ့်မယ်"





"ဟာ . . . မဟုတ်တာဗျာ။ ဒီလောက် ပြဿနာကြီးထဲ . . . ပိုးအိမ်ကို တစ်ယောက်တည်း ထားပစ်ခဲ့ရရင် ကျွန်တော် လူ ဘယ်ဟုတ်တော့မလဲ။ လူစိတ်မရှိတဲ့ကောင် ဖြစ်သွားမှာပေါ့"

"ရတယ် ရှင်ပြန်တော့။ ကျွန်မဘာသာ ဖြေရှင်းမယ်"

"မဟုတ်ဘူး . . . ဒီပြဿနာ ပြေလည်တဲ့အထိ ကျွန်တော် ပိုးအိမ်နဲ့လက်တွဲပြီး ဖြေရှင်းသွားမယ်။ ကျွန်တော် ပိုးအိမ်ကို မြတ်မြတ်နိုးနိုးနဲ့ကို တန်ဖိုးထားပြီး လက်ထပ်နိုင်ပါတယ်ဗျ"

"မဖြစ်ဘူး။ ကျွန်မမှာ ဆရာရှိတယ်။ သူကလွဲလို့ ကျွန်မ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး"

ပိုးအိမ်၏နိုင်မာသောအဖြေကြောင့် ဝေးလွင့် တဒင်္ဂ တိတ်ဆိတ်သွားမိသည်။ ခဏပါပဲ။

"ပိုးအိမ်နဲ့သူ အဆက်အသွယ်ပြန်ရပြီလား"

"မရပါဘူး"

"သူက ဒီအကြောင်းတွေ သိသွားရင်ရော ခွင့်လွှတ်ကြည်ဖြူနိုင်ပါ့မလား"

မွေပိုးအိမ် အသံတိတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

"ရှင်းပြရမှာပေါ့။ သူ ကျွန်မကို တကယ်ချစ်ရင် နားလည်ပေးနိုင်ပါလိမ့်မယ်"

"ပိုးအိမ်ရယ် ... မသေချာ မရေရာတဲ့ကိစ္စကြီးပါလားဗျာ။ ကျွန်တော် ပိုးအိမ်ကို ဒီလိုဒုက္ခတောကြီးထဲမှာ ပစ်မထားခဲ့ချင်ဘူး။ ကျွန်တော့်ကိုပဲ လက်ထပ်ဖို့ရွေးချယ်လိုက်ပါ။ ပိုးအိမ် ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး။ နောင်တ မရစေရပါဘူးဗျာ"

"တောင်းပန်ပါတယ်ရှင် ... ကျွန်မကို ထားခဲ့ပါ။ နောက်ဆံမတင်းပါနဲ့။ ကျွန်မ အဆင်ပြေအောင် ဖန်တီးနိုင်ပါလိမ့်မယ်"

"ကျွန်တော် တောင်းပန်ပါတယ် ပိုးအိမ်ရယ်။ ကျွန်တော် ပိုးအိမ်ကို ချစ်မြတ်နိုးလွန်းလို့ ရူးမတတ် ခံစားနေရသူပါ။ မာနတွေလည်းမထားနိုင်တော့ပါဘူး။ တကယ်လို့များ သူနဲ့အဆင်မပြေဘူးဆိုရင် ကျွန်တော့်ကိုပဲ လက်ထပ်ပါလို့ အနူးအညွတ်တောင်းဆိုချင်ပါတယ်"

တစ်ဖက်မှ ဘာစကားသံမျှ မကြားရတော့ပါ။ ရွှေပိုးအိမ် ဖုန်းပိတ်သွားချေပြီတည်း။





ဝေးလွင့် ရင်ဘတ်တစ်ခုလုံး မီးလောင်ပြင်လို ညှော်နံ့တွေတောင် ရလိုက်ပါရဲ့။

အချစ်ရေ ...

လောကမှာ အချစ်ခြင်းမညီတဲ့အဖြစ်<br>
ဘယ်သောအခါမှ မကြုံရပါစေကြောင်း<br>
မောင် ဆုတောင်းလိုက်ပါရဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နံနက် (၅) နာရီလောက်မှာ ဝေးလွင့် ရွှေပိုးအိမ်တို့ ကျောင်းလေးရှိရာဘက်သို့ လမ်းလျှောက်ထွက်မိခဲ့သည်။

မိုးမကုန်သေးတာမို့ မိုးကာအင်္ကျီလည်း ဝတ်လာမိပါသည်။ ကျောင်းထဲသို့ မဝင်ရတောင်မှ ဒီကျောင်းထဲမှာ ချစ်သူလေး မျက်ရည်စီးကြောင်းလေးတွေနဲ့ အိပ်ပျော်နေမှာကို သူတွေးကြည့်လိုက်ပါမည်။

သူ လမ်းလျှောက်နေတုန်း ကျောင်းနားရောက်တော့ ဆိုင်ကယ်နှင့် မောင်းထွက်လာသည့် ပိုးအိမ်ကို တွေ့လိုက်ရလို့ သူ ပူလောင်ပျာယာခတ်သွားရသည်။





နံနက်အစောကြီး မိုးထဲလေထဲ တစ်ယောက်တည်း ထွက်ပြေးတော့မှာလား အချစ်ရယ်။

လူမသိ သူမသိ။

"ကျွန်မဘာသာ ဖြေရှင်းမယ်" ဆိုတာ ဒီလိုနည်းနဲ့လား။

သူ ဆိုင်ကယ်ရှေ့သို့ အပြေးဖြတ်တားလိုက်တော့ ဆိုင်ကယ်ရပ်သွားသည်။

မိုးတွေက ဖွဲရာမှ သည်းလာလေပြီ။

သူလည်း မိုးကာအင်္ကျီနှင့် ကိုယ်လည်း မိုးကာအင်္ကျီနှင့်။ ခေါင်းပါစွပ်ထားတာမို့ ချက်ချင်း မမှတ်မိသေး။

"ရှင်ဘယ်လိုလုပ်တာလဲ။ တိုက်မိတော့မလို့ ကံကောင်းလို့"

သူ ဘာမှမပြောဘဲ ပိုးအိမ်ထံမှ ဆိုင်ကယ်ကို လွှဲယူပြီး မောင်းသူနေရာမှာ ထိုင်လိုက်သည်။

"ကိုယ်လိုက်ပို့မယ်၊ ဒီလောက်ခရီးဝေးကြီး မိုးထဲလေထဲ ဘယ်လိုမှ စိတ်မချနိုင်ပါဘူးဗျာ"

"ဟင် ... ဦးဝေးလွင့်။ လူတွေက ယုန်ထင်,ကြောင်ထင်နေရတဲ့အထဲ အနေအထိုင်ဆင်ခြင်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးရှိုးလေးပဲ တွေးဗျာ။ ပိုးအိမ်ကို ဘယ်လိုမှ စိတ်မချဘူး။ မိုးကလည်း ရွာနေတာ၊ ကိုယ်လိုက်ပို့မှာ"

"ရှင်လည်း ဒီနေ့ပြန်ရမှာ"

"ရတယ် ... ပိုးအိမ်ကိုလိုက်ပို့ပြီး ညကားနဲ့မှ ကိုယ်ပြန်တော့မယ်"

ကျွန်တော်ကနေ ကိုယ်ဖြစ်သွားသည့် ဝေးလွင့်ကို ခေါင်းကုတ်ကြည့်ရင်း ရွှေပိုးအိမ် အကျပ်ရိုက်ရသည်။

ဘာပဲဖြစ်ဖြစ် မိုးတွေ ရွာနေတာရယ်၊ စောသေးတာရယ်ကြောင့် ပိုးအိမ် အားငယ်မိတာအမှန်။

နောက်ဆုံး သူနောက်မှ ထိုင်လိုက်ရပါသည်။ ခြော်သူနှင့် လွတ်အောင်ပြေးပါသည်ဆိုမှ စပါးကြီးမြွေ အညှို့ခံရသလိုသည်အနားမှာပဲ တဝဲလည်လည်။

✵

တောင်ခြေရွာနှင့် ရွှေပိုးအိမ်တို့မြို့က မိုင်ပေါင်း (၂၀) မိုင် နည်းနည်းကျော်မည်။ လမ်းတွေက ကျောက်ချောလမ်းပေါ်





မိုးတွေဖွဲ့ရာမှ သည်းလာလျှင် ရှေ့မှလမ်းကိုပင် မမြင်ရတော့။ သူ ပိုးအိမ်ကို တောင်းပန်ပြီး လမ်းဘေးရှိ သစ်ခုတ်တဲလေးထဲမှာ ခေတ္တနားကြဖို့ပြောရသည်။

"မိုးတွေ အရမ်းသည်းနေပြီ၊ အန္တရာယ်ရှိတယ်။ ကိုယ်တို့ ဟိုတဲလေးမှာ ခဏလောက်တော့ မိုးခိုမှဖြစ်မယ်နော်"

"စိုကုန်ပြီပဲဗျာ။ ဘာလို့နားနေတော့မလဲ"

"မှောင်နေတယ်လေ။ နောက် လေတွေလည်း တိုက်လာလို့ပါကွာ။ နော် ... ခဏလောက် နားကြရအောင်"

မိုးသည်းထဲမှာ မိုးကာဝတ်ထားပေမယ့်လည်း ရွှဲနေကြတာပါပဲ။ မိုးကာကိုက အပေါ်ပိုင်းပဲပါတာ။ အောက်ပိုင်းက ရွှဲလို့။ လေပါတိုက်ခတ်နေသည်မို့ ရွှေပိုးအိမ်ရဲ့နှုတ်ခမ်းထူထူပြည့်ပြည့်လေးမှာ ပြာချင်ချင်။

ရွှေပိုးအိမ် မနားချင်ပေမယ့် မိုးကသည်းလာ၊ လေကတိုက်နေတာကြောင့် သူတောင်းဆိုသည့်အတိုင်း လမ်းဘေး ခပ်လှမ်းလှမ်းမှ သစ်ခုတ်တဲလေးဆီ သွားကြရသည်။

တဲလေးက လုံတော့လုံပါသည်။ အမိုးရော အကာရောပါရှိသည်မို့ လေတိုက်ခြင်းဒဏ်ကို ကာကွယ်နိုင်ပါသည်။

နှစ်ယောက်သား မိုးသည်းထဲသို့သာ မျက်နှာမူပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



စကားမှ မပြောဖြစ်ကြ။ ရွှေပိုးအိမ် သူ့ကိုလှည့်မကြည့်ပါ။ ကြည့်လည်းမကြည့်ရဲ။

ချစ်ခြင်းတို့ဖြင့် ပြည့်ဝပျော်ဝင်နေသည့် သူ့ရုပ်လွှာကို သူမ လုံးဝ ရင်မဆိုင်ချင်။

ဦးဝေးလွင့်ရယ် ...

ကိုယ့်ဝေဒနာနဲ့ကိုယ်တောင်

ကျွန်မမှာ ရင်ဘတ်ကြီးနဲ့တစ်လုံးပါ။

နေရာအပို၊ အချစ်အပိုတွေ လုံးဝမရှိတော့ပါဘူးရှင်။

ရွှေပိုးအိမ် တဲအပြင်ဘက်မှာ သည်းကြီးမည်းကြီးနှင့် အငြိုးတကြီးရွာနေသည့် မိုးကိုပဲ မမြင်သော ကြည့်ခြင်းများနှင့် ကြည့်နေမိစဉ် မိုးချုန်းသံကြီးနှင့် လျှပ်ပြက်ပုံက ကမ္ဘာကြီးများ ပျက်တော့မည်ထင်ရလျှင်, –

"အား"

သူမက မိုးချုန်းတာကို ကြောက်တတ်သူမို့ အနီးမှာရှိသည့် ဝေးလွင့်ကို လန့်ပြီး ဖက်ထားမိ မျက်နှာအပ်ထားမိပါသည်။

လူဆိုတာ သေမှာတော့ ကြောက်သား။ မိုးကြိုးပစ်ခံရမှာ တော့ ကြောက်သား။

မိုးကြိုးတွေကလည်း အဆက်မပြတ် ပစ်ချ၊ လျှပ်တွေက





လည်း ပြိုးပြိုးပြက်ပြက်။ တဲအိမ်လေးထဲသို့ လေတွေ၊ မိုးတွေ စွတ်ပက်လာခဲ့ပြီ။

နှစ်ယောက်သား တဲထောင့်လေးမှာ ယုန်ကလေးနှစ်ကောင်လို။

အတန်ကြာတော့ ရွှေပိုးအိမ် စိတ်ကိုတင်းပြီး သူ့ရင်ခွင်ထဲမှခွာဖို့ ပြင်ပေမယ့် သူက ပိုးအိမ်ကို မလွှတ်တော့ပါ။

တုန်ယင်ပူနွေးသောလက်များဖြင့် သူမကို ယုယစွာ ထွေးဖက်ထားခဲ့တာ။

"အချစ်ရယ် ...ကိုယ်တို့နှစ်ယောက် ဘဝတစ်ခုကို အတူတည်ဆောက်ကြပါစို့နော်"

သူမ ခေါင်းကိုတွင်တွင်ခါရင်း သူ့ရင်ခွင်ထဲမှ ခက်ခဲစွာ ရုန်းထွက်သွားခဲ့ပြီ။

သူမမှာ မျက်ရည်တွေလည်းစီးကျ၊ ရှိုက်ငင်လို့။

"မဖြစ်ဘူး ...မဖြစ်ဘူး၊ ပိုးအိမ်မှာ ချစ်သူရှိတယ်။ ဆရာရှိတယ်။ ဆရာကလွဲလို့ ပိုးအိမ် ဘယ်သူ့ကိုမှ မချစ်ဘူး"

"သူက ပိုးအိမ်ကို ထားသွားခဲ့ပြီ မဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ပိုးအိမ်က သူနဲ့ အဆက်အသွယ်မလုပ်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သာဆိုရင်တော့ . . . အေးလေ လူတစ်ယောက်နဲ့ တစ်ယောက် ယုံကြည်ချက်ချင်း အတွေးအခေါ်ချင်း တူချင်မှ တူမှာပေါ့နေလေ"

"ကိုယ်တော့ ပိုးအိမ်ကိုချစ်လွန်းလို့ ရူးတော့မယ် ထင်ပါ ရဲ့ကွယ်။ ပိုးအိမ်မပါဘဲ ကိုယ့်ဘဝကို ဘယ်လိုလျှောက်လှမ်း ကျော်ဖြတ်ရမယ်တောင် မသိတော့ဘူး"

သူ့အသံက အခြားကမ္ဘာမှလာသည့်နှယ်။ ရင်ထဲမှအသံ လို့ သူမယုံကြည်ပေးနိုင်ပါသည်။ သို့သော် ပိုးအိမ်ရင်ထဲမှာ ဆရာ။

"ကျွန်မတို့သွားကြစို့ ဦးဝေးလွင့်။ ဒီတဲထဲမှာ မလုံခြုံ တဲ့အတူတူ ပြင်ပကမ္ဘာထဲမှာပဲ လျှောက်သွားကြပါစို့"

"ပဟေဠိစကားတွေမပြောပါနဲ့ အချစ်ရယ်။ မင်း ကိုယ့် ကို မချစ်နိုင်ရင်နေပါ ကိုယ် မင်းကို ချစ်နေရရင်လည်း ကိုယ့် ဘဝ ပြီးပြည့်စုံပါပြီ။ ကိုယ့်ကို လက်ထပ်ပါနော်"

သူ့မျက်ဝန်းတွေ နီရဲနေတာ ဘာကြောင့်လဲ။ ရွှေပိုးအိမ် သူ ဆွဲယူသည့်လက်ကို ညင်သာစွာ ပြန်ရုန်းယူရင်း တတ်နိုင် သမျှ နောက်ဆုတ်လိုက်ပါသည်။

"ဦးဝေးလွင့်ရယ် . . . ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ





ဆရာကလွဲလို့ ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်တော့ဘူး။ သူ့ရဲ့ တုံ့ပြန်မှုကိုပဲ စောင့်နေတော့မှာ"

"သူက တုံ့ပြန်မလာဘူးဆိုရင်ရော"

"ငါးမရလို့ ရေချိုးပြန်မယ်၊ အဖြူကိုမရမှ အဝါကိုယူ မယ်၊ စံပယ်ကိုမရမှ နှင်းဆီကို ပန်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ကျွန်မမှာ မရှိပါဘူး။ သူ မတုံ့ပြန်လည်း ကိုယ့်ဘဝကို အဆွေး ဓာတ်လမ်းထဲမှာပဲ မျှောလိုက်မယ်"

"စိတ်ကူးယဉ်ရာရောက်လွန်းပါတယ် ပိုးအိမ်လေးရယ်။ ကိုယ် အနူးအညွတ် တောင်းဆိုပါတယ်။ ဘဝမှာ ကိုယ်ချစ်ထက် သူချစ်ကို ရှာသင့်တယ်လို့ ရှေးပညာရှိတွေ ပြောဖူးကြပါတယ်။ ပိုးအိမ် ချစ်တဲ့သူကို မရနိုင်ဘူးဆိုရင်လည်း ပိုးအိမ်ကို သိပ်ချစ် တဲ့ ကိုယ့်ကို ရွေးချယ်သင့်ပါတယ်ကွယ်။ ကိုယ် ပိုးအိမ်ကို တယုတယနဲ့ ရာသက်ပန် ရိုးမြေကျ မြတ်နိုးကိုးကွယ်သွားမှာပါ"

"တောင်းပန်ပါတယ်ရှင်၊ ပိုးအိမ်ကို ဒီစကားတွေပဲ ပြော နေမယ်ဆိုရင် ကျွန်မ မိုးရေထဲထွက်သွားလိုက်တော့မယ်"

သူ့ကို ကျောခိုင်းပြီး ခပ်ဝေးဝေး တဲထောင့်လေးသို့ ရွှေ့သွားသည့်ကောင်မလေးကို ဝေးလွင့် အရှုံးပေးလိုက်ပါသည်။

ကံကိုပဲ စောင့်စားနေရမလား။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာကိုပဲ မျှော်လင့်နေရမလား။

ကောင်မလေးရေ … ငါ့နှလုံးသားကို မှတ်ကျောက်အတင်ခံရင်း နွေသစ်ပေါင်းများစွာကို ငါ ကြိုလင့်လို့နေမှာပါ။

ထိုနေ့က မိုးစဲတော့မှ ရွှေပိုးအိမ်၏ မြို့သို့ သူလိုက်ပို့ခဲ့ရသည်။

''အိမ်ထိ မလိုက်ပါနဲ့တော့ ဦးဝေးလွင့်၊ ဒီမြို့အဝင်မှာပဲ ကျန်ခဲ့ပါတော့။ ကျွန်မ ကယ်ရီငှားပေးလိုက်ပါ့မယ်။ ရှင်ပြန်ပါတော့နော်။ အစစအရာရာအတွက် ကျေးဇူးပါ''

တည်ငြိမ်စွာနှင့်ပင် သူ့အတွက် စီစဉ်ပေးပြီး ဆိုင်ကယ်ကို ဖြည်းညင်းစွာ မောင်းထွက်သွားသည့် ရွှေပိုးအိမ်ကိုကြည့်ရင်း

ဝေးလွင့်၏ နှလုံးအိမ်တစ်ခုလုံး စူးအောင့်နာကျင် ကျန်ခဲ့ရသည်။ မျက်လုံးတို့မှာလည်း မျက်ရည်ရိပ်ကြောင့် ဝေဝေဝါးဝါး။

သူတို့နှစ်ယောက်၏ ခွဲခွာမှုက ပရမ်းပတာ။ ဖရိုဖရဲကျန်ခဲ့ရသည့် သူ့ရင်ဘတ်ကြီးက ဟက်ခနဲများ ကွဲသွားခဲ့ပြီလား။

အချစ်ခြင်းမညီပေမယ့်
သိပ်ချစ်ခဲ့မိတဲ့ သူတစ်ယောက်မို့
ရင်ကွဲနာဒဏ်ရာဟာ
သေရာပါတော့မယ် ထင်ပါရဲ့ အချစ်ရယ်။





လှည့်မကြည့်နိုင်တော့သည့် ကောင်မလေးကို တစ်ယောက်တည်း လက်ပြကျန်ခဲ့ရသူမို့ အရှုံးလို့ဆိုချင်လည်း ဆိုကြပါတော့။

မျက်ရည်များနှင့် ဝေဝါး ဝေးလွင့်လှသည့် ကောင်မလေးရဲ့အရိပ်ကို အစက်အပြောက်ကလေးအထိ မြင်နိုင်သမျှ မြင်အောင် သူ ကြည့်နေမိခဲ့တာ။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ချစ်ခြင်းဖွဲ့ဝေးရာ

သူ့ပန်းချီပြခန်းရဲ့ သည်တစ်ခါ အမည်။

ကားပေါင်း (၃၀) တိတိမှာ ရှုမျှော်ခင်းသက်သက်က (၉) ကား၊ ရွှေပိုးအိမ်ရဲ့ အရိပ်ကလေးများက (၁၁)ကား။ နောက် သူမရဲ့ပုံတူသက်ဝင် ပန်းချီကားလေးတွေက (၁၀) ကားပါ။

သူမက ဆက်သွယ်မှုပြင်ပရောက်နေသည့်အပြင် ဖုန်းနံပါတ်လည်းမပေးခဲ့ပါ။

"အနှောင်အဖွဲ့တွေကို မုန်းကျုပ်တယ်။ ပိုးအိမ် မပေးချင်တဲ့ ဖုန်းနံပါတ်ကို အတင်းရယူသွားရင်လည်း ကျွန်မ ဆင်းကတ်





ပြောင်းပစ်မှာ" တဲ့။

ချစ်သူအရင်းခေါက်ခေါက်နှင့်တောင် မျက်ရည်လည်ရွဲ အံကိုခဲပြီး အဆက်အသွယ်မလုပ်သည့် ကောင်မလေးဟာ

သူ့လို ကပ်ပါးကောင်တစ်ကောင်ကို ခေါင်းထဲထည့်မှာတောင် မဟုတ်။

မာကျောဆင့်က သံမဏိ။ သံမဏိနှလုံးသားပိုင်ရှင်ရယ်လို့ ချီးမွမ်းရမည်လား။ သစ္စာရှင်မကြီးရယ်လို့ ဂုဏ်ပြုရမည်လား။

ဝေးလွင့်မှာ အလုပ်ပိုလာတာတစ်ခုကတော့ ပိုးအိမ်ရဲ့ လုံးချင်းဝတ္ထုလေးများကို အစမှ ပြန်ရှာဝယ်ခြင်း၊ သူမရဲ့ ကဗျာလေးတွေပါသည့် မဂ္ဂဇင်းလေးများကို ပြန်ရှာခြင်းတို့ပါ။

အချစ်ကြောင့် ရူးသွပ်သွားတတ်ကြစတမ်းဆိုရင် ကျွန်တော့်ကိုလည်း ရူးသွပ်ခွင့်ပေးကြပါ။

ရွှေပိုးအိမ်နှင့် တိုက်ရိုက်စကားမပြောရပေမယ့် သူ့ပန်းနုနှင်း ပပဓာခြည်တို့နှင့်တော့ အဆက်အသွယ်ရှိပါသည်။

ဒါမှ သူမရဲ့သတင်းလေးတွေကြားခွင့်ရမှာ။

ယခုလည်း သူ့ပန်းချီပြပွဲကို တစ်ပတ်တိတိ လုပ်မှာမို့ ရွှေပိုးအိမ်တို့ (၃) ယောက်အား သူ လှမ်းဖိတ်လိုက်သည်။ လင်းစရိတ်အဖြစ်လည်း ငွေတစ်သိန်း လွှဲပေးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အားလုံးတာဝန်ယူပါတယ်။ ကျွန်တော့် အိမ်က အကျယ်ကြီးပါ။ အစစအရာရာ စိတ်ချလုံခြုံမှုလည်း ရှိပါတယ်။ လာဖြစ်အောင်လာခဲ့ကြပါ။ ပန်းချီပြပွဲကလည်း မထင်မှတ်လောက်အောင် အောင်မြင်ပါတယ်။ ပန်းချီကားချပ်တွေထဲမှာ not for sale (၂) ချပ်ကတော့ ပိုးအိမ် ကုက္ကိုပင်ကြီးအောက်မှာ ထိုင်ပြီး ငေးနေ၊ ဆွေးနေတဲ့ပန်းချီရယ်၊ နောက် စေတီရင်ပြင် တရုတ်စံကားပင်တွေကြားထဲမှာ ရပ်နေတဲ့ ပန်းချီရယ်"

ပပဓာခြည်၏ fb မှာ ဆက်သွယ်ရေးသားထားသည့် စာတွေ။

ပပဓာခြည်ရော ပန်းနုနှင်းပါ စိတ်အားထက်သန်နေကြသဖြင့် ရွှေပိုးအိမ်ကို မရမက ခေါ်ကြသည်။

"သွားမယ်ဟာ၊ သူ့အခြေအနေလည်း သိရတာပေါ့။ သူက ဒီလောက်လိုလိုချင်ချင်နဲ့ ဖိတ်ခေါ်နေတာ မသွားရင် ငါတို့ ရိုင်းမှာပေါ့"

"ငါကတော့ လာခဲ့မယ်လို့ ကိုသူရကို ကတိပေးလိုက်ပြီ။ ပိုးအိမ်ရဲ့ပန်းချီကားချပ်တွေ ဘယ်လောက် အသက်ဝင်သလဲဆိုတာ နင်တစ်ခေါက်လောက်တောင် သွားမကြည့်ချင်ဘူးလားဟယ်"





"နင် ကံကောင်းရင် နင့်ဆရာနဲ့ ပြန်တွေ့ပြီး အိမ်ထောင်တွေ၊ ဘာတွေတောင် ကျချင်ကျနေမှာ"

နှစ်ယောက်သား အားတက်သရောတွေပြောနေပေမယ့် ရွှေပိုးအိမ်ကတော့ မမြင်နိုင်သည့်အဝေးတစ်နေရာဆီသို့သာ ငေးရော်နေမိသည်။

ပပဓာခြည်နှင့် ပန်းနုနှင်းကတော့ သူမကို မရ ရအောင် အတင်း ကြိုးနှင့်တုပ်ပြီး ခေါ်ကြမည့်ပုံ။

"ဒီစနေ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ သွားကြရအောင်ဟာ။ သူက ကားဂိတ်ထိ လာကြိုပါ့မယ်ဆိုမှ ဘာလိုသေးလို့လဲဟာ။ နင့်ပိုက်ဆံလည်း တစ်ပြားမှ ကုန်စရာမလိုဘူးလေ"

"သူ့ ဒီမှာတုန်းက ဆွဲသွားတဲ့ပန်းချီကား အကြမ်းလေးတွေ ဘယ်လောက်လှသွားတယ်ဆိုတာ အရမ်းမြင်ချင်တာပဲ။ ပိုးအိမ်ရယ်၊ နင်က အနုပညာသမားပါ။ ခုမှ ဘာဖြစ်လို့ မတုန်မလှုပ် အေးတိအေးစက်ကြီး ဖြစ်နေရတာလဲ"

ဝေးလွင့်နှင့်သူရ ပြန်သွားကတည်းက ရွှေပိုးအိမ်ဟာ စကားနည်းလာလိုက်တာ ရေခဲရုပ်တုတစ်ခုနှယ်။ ပပဓာခြည်တို့ မျက်စိလည်ရပါသည်။

ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လိုကြီးလဲ။ မာယာတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ပတ်တတ်ပါသလား။

ရွှေပိုးအိမ် ဘာဖြစ်လို့ ပိုပြီး စကားနည်းသွားတာလဲ။ ရွှေပိုးအိမ် တကယ်ချစ်မိတာ ဆရာလား၊ ဝေးလွင့်လား။ ပပဇာခြည်တို့နှစ်ယောက် ပပောင့်ကို အဖြေညှိလို့မရ။

ယခုလည်း ရန်ကုန်သွားဖို့ကိစ္စကို ဆန့်ကျင်နေပြန်ပြီ။

"နင်တို့ပဲ သွားကြပါဟာ။ ငါမလိုက်တော့ဘူး"

"အောင်မယ် . . . ငါတို့က ဆင်ဖြူတော်မှီပြီး ကြံစုပ်ရမှာဟဲ့။ ဟိုက ကြည်ဖြူတာ နင့်ကိုပါနော်၊ အသိသာကြီး"

"သူက အားလုံးကို ခင်တတ်ပါတယ်"

"တူမလား ပိုးအိမ်ရဲ့၊ နင်ဟာယ . . ကိုယ့်ကိုမော်ဒယ်လ်လုပ်ပြီး ဆွဲထားတဲ့ ပန်းချီကားတွေကိုတောင် မကြည့်ချင်ဘူးဆိုရင် နင့်ဥစ္စာ မဟုတ်တော့ဘူးနော်"

"အေးလေ . . . အာသဝေါကုန်လို့ရင်လည်းဖြစ်မယ်။ ရှူးနေလို့ရင်လည်း ဖြစ်မယ်။ မဲ့ရဘူး ငါတို့ (၃) ယောက် ပျော်ပျော်ပါးပါးသွားကြရအောင်ဟာ။ ကိုယ့်ပိုက်ဆံမှ မကုန်ဘဲဟာ။ ဘာတွေစဉ်းစားနေစရာလိုသေးလဲ"

"အတွေးကလည်း ခေါင်ပုံ။ လူကလည်း ကြည့်လိုက်ရင် အမြဲဆွေးနေတာပဲ။ နင့်တစ်ကိုယ်လုံး ညှစ်ချလိုက်ရင် မျက်ရည်





တစ်ပီပါလောက်များ ထွက်မလားမသိဘူး"

ပပဇာခြည်၏စကားကြောင့် ပန်းနုနှင်းက အားတုံ့အားနာ။

"နင်ကလည်း ပြောရက်လိုက်တာ။ ပြောချလိုက်တာ။ ဒီလောက်ကြီးအထိ မဝေဖန်ပါနဲ့"

"ငါက သူ့ကို အသည်းယားလို့ပါ"

"နင်ကတော့ ယားမှာပေါ့၊ နင့်မှာ နှလုံးသားမှမရှိဘဲ။ ဦးနှောက်ပဲရှိတာ။ ဘယ်သူကတော့ ဘယ်လို ဘယ်လောက်ထောတယ်၊ ဒါလောက်ပဲ စဉ်းစားနေတာလေ"

"ဟ . . . နေရာတကာ နှလုံးသားဦးစားပေးနေတော့ ရော ခံစားနေရတာပဲ အဖတ်တင်မှာပေါ့။ လောကကြီးထဲမှာ အရေးကြီးတာ အစာအိမ်ပဲ"

"ဝက်မ အစားစားဖို့ပဲ၊ သျှိန်းဘာရီး"

"ကဲ ကဲ . . . တော်ကြပါတော့ဟာ၊ ငါ တောင်းပန်ပါတယ်။ အချင်းချင်းတွေ ရန်ဖြစ်မနေကြပါနဲ့တော့"

"အခြောက်တိုက်ကြီးတောင်းပန်လို့ မရဘူး။ နင် ငါတို့နှစ်ယောက်ကိုလေးစားတဲ့အနေနဲ့ တောင်းပန်တဲ့အနေနဲ့ ရန်ကုန်လိုက်ရမယ်။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါဟယ် နော်၊ ငါတို့ (၃) ယောက် စိတ်ပြေလက်ပျောက်သွားကြရအောင်ပါ။ ဟိုကျ ကိုသူရလည်း ရှိနေတာပဲ။ ဘာမှ အားငယ်စရာမရှိပါဘူး"

"ပေါ်ပြီ . . . ပေါ်ပြီ၊ ကိုသူရရှိလို့ နင်သွားချင်နေတာ တစ်ပိုင်းသေနေတာ မဟုတ်လား။ ဟိုရောက်ရင် ကွာခြွေရရနေ နော်။ ငါတို့ မျက်နှာတော့ အိုးမည်းမသုတ်နဲ့"

တစ်ယောက်တစ်ပေါက် နောက်ရင်း ပြောင်ရင်းနှင့်ပင် ရွှေပိုးအိမ် ရန်ကုန်ရောက်ရဦးမှာ။

မပေါင်းသေးသော ဝေဒနာတွေ အသစ်တစ်ဖန် ပြန်ပြီး ဇွေးသစ်လောင်းလျှင်ဖြင့် ရွှေပိုးအိမ်တစ်ယောက် နုလန်ထူနိုင်ပါဦးမလားလေ။



## အခန်း (၂၁)

သူတို့ အနုပညာအသိုင်းအဝိုင်းမှာတော့ ဝေးလွင့်ရဲ့ ချစ်ခြင်းဖွဲ့ဝေးရာ ပန်းချီပြပွဲဟာ အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပါပြီ။

မီဒီယာတွေလား၊ စာပေအသိုင်းအဝိုင်းကလား၊ ပြင်ပမှ ပန်းချီဝါသနာရှင် ပြည်သူတွေရော နိုင်ငံခြားသားတွေပါ လာရောက်ကြည့်ရှုကြပါသည်။

စာပေသမားတွေထဲမှာ နိုင်သက္ကရာဇ်လည်းပါတာပေါ့။ သူပြော သူပြောများတာရော သူကိုယ်တိုင်ပါ ဝါသနာပါမှုအရ ပန်းချီပြခန်းသို့ ရောက်လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆိုတာလည်း အနုပညာမျိုးနွယ် တစ်ခုပဲ မဟုတ်ပါလား။

ပြခန်းထဲ ဝင်လိုက်သည်နှင့် သူ့စိတ်ထဲမှာ ရင်းနှီးကျွမ်းဝင်သည့် အငွေ့အသက်တွေ ခံစားနေရသလိုလို။

ပန်းချီကားချပ်ထဲမှ ရှုမျှော်ခင်းတွေက ရှမ်းပြည်ရှုခင်းတွေနဲ့လည်း မတူ၊ အညာရှုခင်းတွေနှင့်လည်း မတူဘဲ တစ်မျိုးတစ်ဘာသာ။

ပန်းချီကားချပ်တွေအားလုံး အလွမ်းဖွဲ့တွေ ကြီးစိုးနေလေသလား။

ပန်းချီကားချပ်ထဲက မိန်းမပျို။

''ဟာ''

သူ သူ (၃) လနီးပါး ပျောက်ကွယ်နေသည့် စူးရှတာရာဆိုသည့် ရွှေပိုးအိမ်။ သူ့ချစ်သူ။

ချစ်သူလို့တောင် သတ်မှတ်လို့ရသေးရဲ့လား။

နေ့မြင် ညပျောက် သစ္စာတရားတွေ ဖွက်ပေါက်သလိုပျောက်ကွယ်နေသည့် ခေတ်ကြီးထဲမှာ စူးရှတာရာဟာ သူ့ချစ်သူဟုတ်သေးရဲ့လား။

သည်ပန်းချီဆရာနှင့် ဘယ်လိုပတ်သက်သလဲ။ ပန်းချီ





ပြပွဲတစ်ခုလုံး သူမ၏ပုံရိပ်တို့နှင့်သာ ပြည့်နှက်လွှမ်းမိုးနေခဲ့တာသာမန်ပတ်သက်မှုမှ ဟုတ်ရဲ့လား။

သူ့ကို တိခနဲဖြတ်ချသွားခဲ့ပြီး သစ်စိမ်းချိုး ချိုးသွားခဲ့သည့် မိန်းမပျို။

ပန်းချီကားထဲမှာတော့ သူမပုံစံက ကရုဏာသက်စဖွယ်၊ ဆွေးမြည့်နေသည့်မိန်းမပျို။

ဘယ်သူ့ကိုလွမ်းနေတာလဲ။

သူမ ဘယ်မှာနေသလဲ။

သူမ ဘယ်လိုလုပ်သွားခဲ့တာလဲ။

သူ့ကို သိပ်ပြီး ချစ်သယောင်၊ ခင်သယောင်၊ ကြင်နာသယောင်တွေနှင့် ပြီးတော့ သူ့ကို ပစ်ချထားခဲ့တာ။

သူမှာ ခံပြင်းစိတ်၊ လွမ်းဆွတ်စိတ်၊ အတ္တတွေ၊ မာနတွေနှင့် ထွေးလုံးရစ်ပတ် ခံစားခဲ့ရလိုက်တာ။

သူမရေးသည့် စာတွေ၊ ကဗျာတွေကိုပါ စိတ်နာပြီး မဖတ်တော့။ သူ့ကမ္ဘာထဲမှ သူမကို ထုတ်ပစ်ထားခဲ့တာ ရက်ပေါင်း (၁၀၀)။ အဟင်း အစိုးရသစ်ရဲ့ ရက် (၁၀၀) နှင့် မှားတော့မှာပဲ။

ဘာပဲဖြစ်ဖြစ် ရည်းစားဟောင်းမို့ အလွမ်းက တငွေ့ငွေ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပင် စိတ်နာနာ ပန်းချီကားချပ်တွေ မြင်ပြန်တော့ . . . သိချင်စိတ်နှင့် လွမ်းဆွတ်စိတ်က မဖုံးသာ၊ မဖိသာ။

သူ ပန်းချီဆရာနှင့် သွားပြီးတွေ့လိုက်ပါသည်။ အလို ပန်းချီဆရာကလည်း ခပ်ချောချော၊ စတိုင်လ်ဖြောင့်ဖြောင့်နှင့်ပါလား။

သူနှင့်ရွယ်တူလောက်ဖြစ်နိုင်သော်လည်း သူကတော့ အရာရှိလည်းဖြစ်၊ စာစုံရေးနေသည့် ဆရာကြီးလည်းဖြစ်တာမို့ အဘိုးကြီးပေါက်စလေးသဖွယ်။

ပန်းချီဆရာလို နုသစ် ဖျတ်လတ်ပြီး ဒီဇိုင်းလည်း မလန်းနိုင်။

"ကိုဝေးလွင့်နော် . . . ကျွန်တော်က နိုင်သက္ကရာဇ်ပါ"

"ခင်ဗျာ"

သူ့စားပွဲမှာ အပေါင်းအသင်းများနှင့် ရယ်မောနောက်ပြောင်နေရာမှ ဝေးလွင့် သူ့ကို တလေးတစားပင် မတ်တပ်ရပ်ပြီး လက်ဆွဲနှုတ်ဆက်ခဲ့ပါသည်။

"နာမည်ကို ရင်းနှီးနေတာကြာပါပြီ။ လူကို ခုမှမြင်ဖူးတော့တယ်။ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ။ ကျွန်တော်





တစ်နေရာရာမှာ ညှော်ခံပါရစေ။ သူ့အကြောင်းတွေလည်း ပြောပြချင်လို့ပါ"

ဝေးလွင့်ကြည့်ရတာ ရွှေပိုးအိမ်အပေါ်မှာ အလွန်ပင် ညွှတ်နူးနေသည့် အဆင်။ ပန်းချီကားတွေ ကြည့်လိုက်ရုံနှင့် အသိသာကြီးပါ။

သူ့နှလုံးအိမ်ကို အချိန်ပြည့်စိုးမိုးနေပုံ။ သက္ကရာဇ်ရင်ထဲ ကျင်ခနဲ နာရသည်။ မာနနှင့်အတ္တက ဟုန်းခနဲ မီးထတောက်တော့ ချစ်ခြင်းကို ဖုံးလွှမ်းသွားခဲ့ပြီ။

"ဆောရီးပါဗျာ . . . ကျွန်တော် မအားလို့ပါ။ သူ့အကြောင်းတွေ နားထောင်ဖို့လည်း အချိန်မရှိပါဘူး။ တစ်ပတ်တစ်ပတ် ပေးရမယ့်ဆောင်းပါးတွေ အချိန်မီအောင် ရေးနေရတာနဲ့။ ကျွန်တော် ခင်ဗျားကို ကွန်ဂရက်ကျူးလေးရှင်းလုပ်ရအောင် လာတာပါ။ တကယ့်ကို ကွန်ဂရက်ကျူးလေးရှင်းပါဗျာ။ အောင်မြင်တဲ့ ပန်းချီကားတွေ ဆွဲနိုင်တယ်။ နောက်ပြီးတော့"

သူ့စကားကို ဝေးလွင့် အဆုံးမခံပါ။ ချစ်သူနှစ်ယောက် နားလည်မှုတွေ လွဲနေကြတာ ဖြစ်သင့်ပါသလား။ ရွှေပိုးအိမ်လေးခမျာ အသည်းကြွေလုမတတ် ခံစားနေရရှာတာ။

"ကိုနိုင်သက္ကရာဇ် အထင်အမြင်မှားနေပြီ။ ပြသနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ကို တစ်ဖက်သတ် ကောက်ချက်မဆွဲလိုက်ပါနဲ့ဗျာ။ ကဲပါ . . . အခုလောလောဆည် အချိန်မအားသေးရင်လည်း သွားပါ။ ကျွန်တော် သူတို့အဖွဲ့ကို ပန်းချီပြပွဲလာဖို့ ဖိတ်ခေါ်ထားပါတယ်။ လာမယ့် စနေ၊ တနင်္ဂနွေမှာ ရောက်လာကြလိမ့်မယ်။ ကိုနိုင်သက္ကရာဇ် လာတွေ့ပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ''

နိုင်သက္ကရာဇ်ရင်ထဲ ခါးသည်းသွားလိုက်တာ ဦးနှောက်ထဲအထိပင် ခါးသွား၏။

ကြည့်ပါဦး . . . ကိုယ့်ချစ်သူကိုများ သူများခွင့်ပြုမှ တွေ့ရမတဲ့လား။ ကိုယ့်ချစ်သူကရော ဝေးလွှင့် ဖိတ်ခေါ်လို့လာတာတဲ့။

ကိုယ်နှင့်တူနိုးကတော့ ကိုယ်ထားရာမှာမနေတဲ့ ကိုယ့်ကို စွန့်ခွာပြီး ထားသွားခဲ့လိုက်တာ။ ထိုနေ့က သူ့မိတ်ဆွေများကို ကားဂိတ်အထိလိုက်ပို့ပြီး အိမ်ပြန်လာတော့ ရွှေပိုးအိမ်ကို မတွေ့ရတော့ပါ။

သူ့ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်သွားသလို ခံစားနေခဲ့ရတာ ယနေ့ထိ။ သူ့ကို ခြေရာလည်း ဖျောက်၊ ရေလည်းနှောက်သွားခဲ့သည့် မိန်းမပျို။

'ဟော . . . ယခုကျ ပန်းချီဆရာတစ်ဦးရဲ့ အသက်ဝင်





လှသော မြောက်များလှစွာသော ပန်းချီကားချပ်တွေထဲမှာ သူမက အောင်မြင်ဝံ့စားနေပါပကော။

လူအများရှေ့မှာ အချေအတင်တွေ မပြောချင်တာရယ်၊ ခံမရပ်နိုင်ဖြစ်ရသည့် မာနရယ်ကြောင့် ဝေးလွှင့်စကားကို ဆုံးအောင်နားမထောင်ဘဲ သူ မဲ့ပြုံးနှင့် နှုတ်ဆက်ထွက်ခွာခဲ့လိုက်သည်။

မဲ့ပြုံးဆိုတာကတော့ အချစ်ရေ မင်းနဲ့ပတ်သက်လာရင် ကျေနပ်မှုတွေ၊ ခံပြင်းမှုတွေနဲ့ ဆန့်ကျင်ဘက်ခံစားမှုတွေကြောင့် ကိုယ် မပြုံးနိုင်တော့လို့ပါကွယ်။

မင်းကတော့ အောင်နိုင်သူအပြုံးနဲ့ ရက် (၁၀၀) အတွင်းမှာပဲ နောက်ထပ်အမဲတစ်ကောင်ကို အောင်မြင်စွာ ရှာဖွေ ဖမ်းစားထားနိုင်ခဲ့ပြီနော်။

မင်းတို့မိန်းကလေးတွေရဲ့ ချစ်ခြင်းဖွဲ့၊ ပဥ္စလက်၊ ချစ်ခြင်းဖွဲ့မာယာတွေ အံ့မခန်းလွန်းလို့ ငါ ရှူးသွပ်ရတော့မယ် ထင်ပါရဲ့။

အောင်မြင်ပါတယ် မိန်းကလေး။

ငါ့လို အချစ်ကို မယုံကြည်တတ်တော့တဲ့ လူ့ခွစာကြီးတစ်ယောက်ကိုလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ချစ်ခြင်းဖွဲ့မာယာတွေထဲမှာ စုံးစုံးမြုပ်စေခဲ့တယ်။

အချစ်ကို ကိုးကွယ်တတ်တဲ့ ပန်းချီဆရာလို လူယဉ်ကျေးတစ်ယောက်ကိုလည်း မင်းရဲ့ချစ်ခြင်းဖွဲ့ ပဥ္စလက်တွေနဲ့ မလှုပ်သာအောင် ဖမ်းစားထားလိုက်နိုင်ပါပြီ။

ဖြူတယ်၊ စင်တယ်လို့ ငါ ထင်ထားမိခဲ့တဲ့ စကြဝဠာထဲက ဂြိုဟ်ပြာလေးတစ်လုံးအကြောင်းကလည်း အံ့မခန်းနိုင်စရာပါလား။

ငါမသိတဲ့ အကြောင်းအရာတွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာနေပါလား။

သို့သော် လာမည့် စနေ၊ တနင်္ဂနွေမှာ ရွှေပိုးအိမ်တို့အဖွဲ့ လာမည်ဆိုသည့် သတင်းအချက်အလက်ကတော့ သူ့နှလုံးသားထဲမှာ ဦးနှောက်ထဲမှာ သံမှုစွဲသလို ကမ္ပည်းတင်မိနေတာ။

❁ ❁ ❁



## အခန်း (၂၂)

တောကဆရာမလေး (၃) ယောက်ပေါ့။

မြို့ကြီးသူများနှင့်တော့ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံအားလုံး ကွာခြားနေမှာပဲ။

အမေ ဒေါ်ခင်ချစ် ပြောဖူးသလိုပေါ့။

''အမယ်လေး . . . ငါလေ အစက ရွာကအပျိုမတွေ ဝတ်တာစားတာကို ကြည့်မရလို့ မျက်စောင်းတထိုးထိုးပေါ့။ ခေတ်ကြီးကိုက တော်ဆိုပြီး သူတို့မြင်တိုင်း ပြောဆိုနေမိတာ''

''ဟော . . . ရန်ကုန်ကို သာဂိတို့နဲ့ ဘုရားဖူးလည်း သွားပြီးရော (၃) ရက်လုံးလုံး ရန်ကုန်သူမမတွေရဲ့ ဝတ်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



စားပုံ၊ ဖော့ဖယောင်းတို့ကို ကြည့်လာခဲ့ပြီးကတည်းက ရွာက အပျိုမတွေ ဘာဝတ်ဝတ် ကြည့်ရသွားတယ်လေ''

''ဒီကဖော်တာ ဘာဟုတ်သေးသတုန်း။ ဟိုမှာဖော်တာမှ စတိုးဆိုင်ရှေ့က ဖယောင်းရုပ်တွေအတိုင်း''

ဆိုသလိုပါပဲ။ ရွှေပိုးအိမ်တို့ ဝတ်ပုံစားပုံက ယဉ်ယဉ်ကျေးကျေး။ ပြောရရင် တိုက်ဂေါ်တွေ၊ ဒိုက်တွေပေါ့။

ပန်းနုနှင်းက ချည်ထည်ပန်းနုရောင်ဝမ်းဆက်လေးနှင့် ချစ်စရာကောင်းနေသလို ပပဖာခြည်က ဖင်းမယ် မီးခိုးရောင် ဝမ်းဆက်နှင့်။

ရွှေပိုးအိမ်ကတော့ ကချင်ထည် ပန်းခရမ်းရောင်။ လက်မောင်းတစ်ဝက်နှင့် ပုံဆန်းလေးကြောင့် မြင့်မားလှပသည့် ကိုယ်လုံးလေးက ငွားငွားစွင့်စွင့်။

ဆံပင်ရှည်လေးကို ချာလီကွင်းလေးနှင့် စည်းထားရုံမို့ ဆံနွယ်မျှင်တွေက တစ်ကျောလုံး လင်းဖြာလို့။

နွားမအုပ်မှာ, ချိုကုတ်မိုလ်ဆိုသလိုပါပဲ။ သူတို့ (၃) ယောက်ထဲမှာတော့ ပိုးအိမ် အဆင်ပြေဆုံးပါ။

လိုင်းကားက မနက် (၁၂) နာရီလောက်မှာ ရန်ကုန်ဝင်တော့ သူမတို့ (၃) ယောက်မှာ ကျောပိုးအိတ်လေးတွေလွယ်ပြီး





ကားပေါ်မှ မျက်စိသူငယ် နားသူငယ်နှင့် ဆင်းလိုက်ကြရသည်။

ပိုးအိမ် ပထမဦးဆုံး သတိရနေမိတာ ဆရာ့ကိုပါ။

တစ်ခါတုန်းက လက်ကလေးကမ်းပြီးကြိုခဲ့သော ချစ်သော ဆရာ။

သူ့ကို အဆက်အသွယ် ဖြတ်ထားခဲ့တာ သူမ မှားသွားခဲ့သလား။

သုဓနုမင်းသားလိုပဲ ဒွေးမယ်နော်လေးကို ငွေတောင်ပြည်ထိ စွန့်စွန့်စားစား လိုက်လံရှာဖွေခဲ့မည်လို့ ထင်ထားခဲ့ပေမယ့် -

သူ့ဘက်မှာလည်း ဘယ်လိုအတွေး၊ ဘယ်လိုနာကျည်းချက်မျိုးတွေ ရှိနေမှာလဲ။

ဒါမှမဟုတ် သူဟာ သိပ်ပြီးအလုပ်များသူမို့ ရွှေပိုးအိမ်ကို လိုက်မရှာအားခဲ့တာလား။

သီးနှင့်လာသည့် မျက်ရည်ခိုးများကို ရင်ဘတ်ထဲရောက်အောင် ခက်ခဲစွာ ပြန်မြိုချရင်း ပိုးအိမ်တို့ (၃) ယောက် ကားဂိတ်ထဲမှာ ယောင်လည်ယောင်လည်။

''ဆရာတော့ ငါတို့ကို စပွန်ဆာလုပ်ရမှာ လန့်ပြီး မလာတော့ဘူးထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းခေါ်ပါလားဟ၊ နင်တို့ချင်းက အဆက်အသွယ်ရှိတာပဲ"

"မငေါ့ပါနဲ့၊ ငါက အောင်သွယ်ပါ"

"အေးလေ ... ရှေးလူကြီးသူမတွေကတော့ အောင်သွယ်ကောင်းရင် မင်းလောင်းတောင်ပျောက်တယ် ဆိုကြတာပဲ"

"နင်ကလည်း ကြိကြိဖန်ဖန်၊ ယတြာကောင်းရင် မင်းလောင်းပျောက်ပဲ ကြားဖူးပါတယ်"

"ဩော် ... သိပါဘူးဟယ်။ ဆောရီး ဆောရီး။ ငါက ဗဟုသုတခေါင်းပါးတာမို့ ခွင့်လွှတ်နော်"

နောက်ဆုံး ပပဇာခြည် ဖုန်းဆက်တော့ ဝေးလွင့် ဂိတ်ထဲသို့ သူ့ကားဖြူလေးနှင့် ရောက်လာခဲ့လေပြီ။

"ဆောရီးဗျာ၊ ကျွန်တော် လမ်းမှာ ကားကျပ်နေလို့ပါ"

"ရပါတယ်ရှင်၊ စပွန်ဆာကြီးပဲ သည်းခံရမှာပေါ့"

"ဟာဗျာ ... ပပဇာလည်း"

"ရာဇဝင်ထဲမှာတော့ သိဝိမင်းကြီးက ပပထူမှုထမယ်တဲ့။ အပြင်လောကမှာတော့ ဆရာထူမှ ကျွန်မတို့ထရမှာနော်"

ယခုမှ လမင်းသာသလို အားလုံး ရွှင်ပျသွားချိန်မှာ သူက ရွှေပိုးအိမ်ကို ရှေ့မှာစီးစေသည်။





"ပိုးအိမ် ... ပြောစရာ ပေးစရာသတင်းတွေရှိလို့ ရှေ့မှာစီးနော်"

သူက ရွှေပိုးအိမ်၏ပခုံးလေးကိုကိုင်ပြီး ကားရှေ့ခန်းမှာ တယုတယ ထိုင်စေတော့ ကျန် (၂) ယောက်က နောက်ခန်းမှာ ထိုင်ကြသည်။

သည်မြင်ကွင်းကို ကားများ၏နောက်ကွယ်မှ ရပ်ကြည့်နေသူဟာ နိုင်သက္ကရာဇ်ပါ။ သူ့ရင်ထဲမှာ မီးတောက်တွေ အပြင်လောကထဲသို့ပင် လောင်ဟပ်လို့။

ကြည့်စမ်းပါဦး ... သူ့ရဲ့အချစ်ငှက်တေလေမလေးဟာ ရက်ပေါင်း (၁၀၀) အတွင်း အခြားသူတစ်ယောက်ရဲ့ ရင်ခွင်တွင်းသို့ ပြုံးရွှင်စွာနှင့် ဝင်ရောက်သွားပါပကော။

မိန်းကလေးတွေမှာ နှလုံးသားထက် ဦးနှောက်က ပိုပြီးကြီးတယ်။

ဝေးလွင့်မှာ တိုက်ရှိတယ်၊ ကားရှိတယ်။ ငါ့မှာ တိုက်ခန်းလေးတစ်ခုတောင် မနည်းရှိရတာ။ ဝင်ငွေအနေနဲ့ရော ဟိုကလက်ဖျားမှာ ငွေသီးနေတဲ့ အောင်မြင်သော ပန်းချီဆရာ။

နိုင်သက္ကရာဇ်တစ်ယောက်တည်း တွေးချင်ရာတွေးပြီး ဆွေးနင့်နေချိန်မှာ ဝေးလွင့်နှင့် ရွှေပိုးအိမ်တို့ (၃) ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကား ထွက်ခွာသွားပါချေပြီ။

ကားပေါ်မှာ ဝေးလွင့်က ရွှေပိုးအိမ်ကို သတင်းပေးခဲ့သည်မှာ -

"ကိုယ့်ပန်းချီပြခန်းကို ကိုနိုင်သက္ကရာဇ် လာကြည့်သွားတယ်"

"ဟင် . . . သူ သူ ဘာတွေပြောဖြစ်ကြသလဲဟင်"

သူမအသွင်က မျှော်လင့်တကြီး။ ဝေးလွင့် သူမ စိတ်မထိခိုက်အောင် ပြီး ချစ်သူအပေါ် အထင်မမှားအောင်ပြောဖို့ စကားလုံးတွေ စီနေရသေးသည်။

"သူ ပိုးအိမ်ကို အထင်လွဲနေတယ် ထင်ပါတယ်၊ နောက်တစ်ယောက်တွေ့လို့ သူ့ကိုပစ်ထားခဲ့တယ်လို့ ထင်နေပုံပဲ"

"ဟင် . . . ဆရာ ဆရာက ပိုးအိမ်ကို အဲလိုထင်နေတယ် ဟုတ်လား"

"ဟုတ်မယ် ထင်တယ်။ ဘယ်သူနဲ့ထင်နေသလဲရော ကိုယ် ပြောပြရဦးမလား"

"တော်ပါတော့ရှင်၊ ကျွန်မကလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ်၊ သူ ကျွန်မကို လာခေါ်မှာပဲလို့ တွက်ထားတယ်။ သူ့ဘက်ကကျတော့လည်း ကျွန်မက နောက်အသစ်မြင်လို့ သူ့ကို





အဆက်အသွယ်ဖြတ်ခဲ့တယ်ပေါ့နော်"

ရင်ထဲမှ ပူလောင်ဆွေးမြည့်မှုကြောင့် ရွှေပိုးအိမ် မျက်ရည်တွေစီးကျလာခဲ့လျှင် ဝေးလွင့် ဗျာယာခတ်မှု့ စိုးရိမ်ရသည်။

"မငိုပါနဲ့ ပိုးအိမ်ရယ်၊ ပိုးအိမ်တို့နှစ်ယောက် အဆင်ပြေအောင် ကိုယ်တွေ့ဆုံ ညှိနှိုင်းပေးပါ့မယ်ကွယ်။ တိတ်ပါနော်"

သူမ၏မျက်ရည်ဥလေးများကို မကြည့်ရက် မမြင်ရက်စွာနှင့် ကြင်နာသနားနေသည့် ဝေးလွင့်။

ရွှေပိုးအိမ် မျက်ရည်များကို သုတ်ပေးမယ့် မြစ်တစ်စင်းလို စီးကျနေလေပြီလားမသိ။

"ကိုယ် ပိုးအိမ်တို့ကိုတွေ့ပေးမယ်နော်။ တွေ့ဆုံပြီး ဖြေရှင်းတာကမှ အကောင်းဆုံးအဖြေကို ရမှာပေါ့ကွယ်"

"ဦးဝေးလွင့် ပါလို့ဖြစ်ပါ့မလား။ ဆရာက ရှင်နဲ့ အထင်မှားနေရင်"

"ကိုယ်မပါတော့ရော ကိုယ်ကိုယ်တိုင် ရှင်းပြမှ အဆင်ပြေမယ်ထင်ပါတယ် ပိုးအိမ်ရယ်၊ အင်းလေ ပိုးအိမ် စိတ်ချမ်းသာမယ်ဆိုရင် လိုတာပြောပါ။ ကိုယ် ကူညီဖို့အသင့်ပါ။ ပိုးအိမ်က လာဆိုလာမယ်၊ သွားဆိုသွားမယ်၊ သေဆိုရင်တောင် သေလိုက်ပါ့မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝေးလွင့်ကလည်း ပိုးအိမ် စိတ်ညစ်လွန်းလို့ သေချင်နေတာ သိလား။ မနှောက်ပါနဲ့"

"နှောက်တာမဟုတ်ပါဘူး ပိုးအိမ်ရယ်။ ကိုယ် စိတ်ရင်းမှန်ကိုပြောပြနေတာပါ။ ကိုယ်က အနုပညာသမားဆိုတော့ သူများတွေထက် ပိုခံစားတတ်တယ်"

"အဲဒီ ခံစားချက်တွေကို သိမ်းထားလိုက်ဦး။ ဦးဝေးလွင့် တစ်နေ့မှာ အသုံးဝင်လာမှာပါ"

ဝေးလွင့် သူမကို ဘာမှ ခွန်းတုံ့မပြန်တော့ပါ။ ဘူးလေးရာ ဖရုံလည်း မဆင့်ချင်တော့။

သူ့တိုက်ရောက်တော့ ပပဇာခြည်၏မျက်လုံးတွေ အရောင် ပိုပြီးလက်သွားသည်။ ခြံနှင့်ဝင်းနှင့် နှစ်ထပ်တိုက်လေး။ အောက်ထပ်တစ်ထပ်လုံးက ဂလယ်ရီ၊ ပန်းချီပြခန်း။

"ပိုးအိမ်တို့ ရေချိုးပြီး၊ စားပြီး၊ နားပြီးမှ ပန်းချီကားတွေကြည့်လေ။ ပိုးအိမ်တို့ရွာမှာ ဆွဲတာက ကား (၃၀)။ အရင်သိမ်းထားတဲ့ကားတွေပါ ထုတ်ပြထားတာ"

"ဘယ်နှကားတောင်ရောင်းရပြီလဲ"

"(၁၁) ကားထဲ ရှိသေးတယ်"

ဒါက ပပဇာခြည်ရဲ့စစ်ဆေးလွှာ။





"နည်းလား ဆရာ။ ငွေတွေအများကြီးရမှာပဲနော်"

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ"

သူတို့ (၃) ယောက်ကို ပြခန်းနောက်ဘက်မှ ပတ်ပြီး အပေါ်ထပ်သို့ ခေါ်သွားသည်။ အပေါ်ထပ်ကိုလည်း အခန်းကျယ်များဖြင့် ဖွဲ့စည်းထား၏။

"အခန်းပိုတွေ ကျွန်တော် ရှင်းထားတယ်။ အဲ ... ရေချိုးခန်းကတော့ ကျွန်တော့်အခန်းနဲ့ တစ်ဆက်တည်းပဲ ရှိတယ်"

"အောက်ထပ်မှာရှိရင် အောက်ထပ်မှာ သွားချိုးပါ့မယ်"

"မဖြစ်တော့ဘူး၊ အောက်ထပ်မှာ ပြပွဲလာတဲ့သူတွေနဲ့ ကျွန်တော့်သူငယ်ချင်းတွေရှိတယ်။ ဒီအပေါ်မှာပဲ ချိုးလိုက်ပါ"

"ပိုးအိမ်တို့ အားနာပါတယ်ရှင်။ ဦးဝေးလွင့်အခန်းကို ဝင်ပြီးမှ ရောက်မှာဆိုတော့"

"ဩော် ... ရပါတယ်၊ အခြားသူတွေဆိုရင်တော့ ကျွန်တော် ပေးဝင်မှာ မဟုတ်ပါဘူး။ ဘယ်မိန်းကလေးမှလည်း အိမ်မှာ လက်မခံဖူးသေးပါဘူးဗျာ"

"အဲဒါကြောင့် အားနာတာ။ ဦးဝေးလွင့်အခန်းထဲမှာ လျှို့ဝှက်ချက်တွေ ဘာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဖုံးထားတဲ့ပန်းချီကားလေးတွေတော့ ဖွင့်မကြည့်နဲ့ပေါ့ဗျာ။ ကျွန်တော့်အိပ်ခန်းက ပန်းချီလည်း ဆွဲတယ်။ ပန်းချီဆွဲခန်းလည်း သပ်သပ်ရှိတယ်"

"ဟုတ်ကဲ့ပါ မကြည့်ပါဘူး"

"ပိုးအိမ်တို့နေတာတော့ ဟိုအခန်းမှာနေကြပါ"

သူက အခန်းတစ်ခုထဲသို့ လိုက်ပို့ပြီး အောက်ထပ်သို့ ပြန်ဆင်းဖို့ပြင်သည်။

"ပိုးအိမ်တို့ ရေချိုး၊ အဝတ်လဲပြီးရင် ဆင်းခဲ့နော်၊ ကိုယ် အောက်ထပ်က စောင့်နေမယ်။ စားတာ ဆိုင်သွားစားမလား၊ ဒီမှာပဲ စားမလား"

"ဆိုင်ပဲ သွားစားလိုက်ပါ့မယ်"

"အိုကေ ... အိုကေ။ ကိုယ် အောက်ကစောင့်မယ်"

ဝေးလွင့်ပုံစံက စမတ်။ စတိုင်လ်ဘောင်းဘီအပွကြ စိမ်းပြာ။ အပေါ်မှ ရှပ်အဖြူလက်ရှည်။

သူ့ ကိုယ်ဟန်ဖြောင့်ဖြောင့်နှင့် လိုက်ဖက်လှသည်။ ဆံပင်ကတော့ အရှည်ကို စည်းထားတာ။ သူ့ရုပ်က မင်းသားတစ်ယောက်လို အလန်းစား။ သူဆင်းသွားသည်နှင့် ပပဇာခြည်ရုပ်က ကျိတ်မနိုင် ခဲမရ။





"ပိုးအိမ်ရယ် ... နင့်ဆရာက ဘယ်လောက်များ ပိုချော၊ ပိုစမတ်ကျနေလို့လဲ။ သူ့ကိုကြည့်စမ်း ... ဝင်ငွေကျတော့လည်း လက်ဖျားငွေသီး။ တိုက်နဲ့ ကားနဲ့။ စတိုင်လ်ကလည်း အလန်းစား။ ငါတောင် သူ့ကြည့်ကြည့်ပြီး ကိလေသာတွေ ပွား၊ ပွားနေရတာ"

"နင်ကတော့လေ အရာရာ ငွေနဲ့တိုင်းနေတာပဲ။ နင့်ခေါင်းထဲမှာ နှလုံးသားရော ရှိရဲ့လား"

"နှလုံးသားများဟာ ဘာလုပ်ဖို့လဲ၊ မခံစားချင်ပါဘူး"

"နင် ဒီလောက်ပေါ့နေပုံထောက်ရင် သူရဲကောင်းတွေ ဘုတ်ပြီး ခေါ်ပြီးသလို အသည်းများ ပြီးသွားရော့သလား။ အသည်းကွဲဖူးတာပဲဖြစ်ရမယ်"

"တော်စမ်းပါဟာ ... ခံစားလို့မရဘူး။ ငါ့အစ်မတွေ၊ အဒေါ်တွေကြည့်ပြီးကတည်းက အချစ်ဆိုတာကြီးကို လုံးဝ အယုံအကြည် မရှိတော့တာ"

"ကဲ ကဲ ... တော်ပါပြီ။ နင် အယုံအကြည်မရှိလည်း နေပါ။ ဝါးလုံးရှည်ကြီးနဲ့တော့ သိမ်းကျုံးမရမ်းပါနဲ့။ ရေချိုးကြစို့။ လာပြီဟ"

"အေး .. နင်ဆာတတ်သေးတယ်ဆိုတော့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသေးတာပေါ့"

"လူပဲဟ ... ဆာတတ်တာပေါ့"

"သိနိုင်ဘူးလေ ... ရန်ကုန်မြေနီးကတည်းက သေတော့၊ ကြွေတော့မယ့် ရုပ်နဲ့ဆိုတော့ လောကကြီးကိုများ မေ့သွားပြီလားလို့"

"ပြောလိုက်ရင်တော့ အလွန်အကျွံပဲ"

(၃) ယောက်သား ဝေးလွင့်အခန်းထဲသို့ ရေချိုးရန် မန္တ... မရဲ ဝင်လိုက်ကြရသည်။

သူကလည်း အထူး change ပေးတာပဲ။ ကိုယ်တွေက... လည်း တကယ့်ပန်းချီဆရာကြီး၊ ပဂေးကြီးရဲ့အခန်းထဲ ဝင်ရမှာ... အားနာပါတယ်။

"သူ့ပစ္စည်းတွေ ဘာမှမထိနဲ့၊ မကိုင်နဲ့နော်"

ရွှေပိုးအိမ်က တာဝန်ရှိသလိုမှာတော့ ပပဓာခြည်က... မနှာခံချင်။

"သူ မသိပါဘူးဟာ၊ နည်းနည်းပါးပါးတော့ ထိ... ကြည့်ပါရစေ"

"ခြေရာလက်ရာပျက်ရင် ဘယ်ကောင်းမလဲ။ ငါတို့... လည်း အထင်သေးမှာပေါ့။ ယုံကြည်လို့ သူ့အခန်းထဲ ပေးဝင်...





သူယုံကြည်မှုကို အလွဲသုံးစားလုပ်လို့ ဘယ်ဖြစ်မလဲ"

ပန်းနုနှင်းကလည်း ထောက်ခံပါ၏။

"ဟုတ်တယ်နော် ပပ။ နင် ဟိုကိုင် ဒီကိုင်လုပ်မနေနဲ့။ ငါတို့တစ်ဖွဲ့လုံး သိက္ခာကျလိမ့်မယ်"

"အေးပါဟ"

ပြောပေမယ့် ပပဓာခြည်အသွင်က ဝေးလွင့်အခန်းထဲမှာ ကျီးကန်းတောင်းမှောက်။

ပထမဆုံး ရွှေပိုးအိမ် ရေအရင်ချိုးတော့ ပန်းနုနှင်းက ပပကိုထိန်းကျောင်းနေရ၏။ ကလေးထိန်းရသည့်အတိုင်းပါပဲ။ တဟင်းဟင်း၊ တဟဲ့ဟဲ့။

"ဒီပန်းချီကားချပ်ကြီးတော့ ငါဖွင့်ကြည့်ချင်ပြီဟာ။ ငါ မနေနိုင်တော့ဘူး"

အဝတ်နှင့်အုပ်ထားသည့် ပန်းချီကားချပ်ကို ပပဓာခြည် အရစ်ဝဲဝဲ။ သိချင်လိုက်တာ။ ဘယ်သူ့ပုံလဲ။ ပန်းနုနှင်းကလည်း အတင်းဆွဲ။

"နင် သွားမလုပ်လိုက်နဲ့နော်။ သူတစ်ပါးရဲ့လျှို့ဝှက်ချက်ကို သွားမလုပ်နဲ့"

"သူ မသိပါဘူးဟာ၊ နင်ကလည်း"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရှန်းရင်းဆန်ခတ်တွေဖြစ်နေစဉ် ရွှေပိုးအိမ် ရေချိုးခန်းမှထွက်လာ၏။

"ပပ နင်ချိုးတော့၊ ပြဿနာမရှာစမ်းပါနဲ့ဟာ။ ယုံကြည်လို့ သူ့အခန်းထဲပေးဝင်တာ။ နင်အလွဲသုံးစားတွေ လျှောက်မလုပ်နဲ့"

သည်တော့မှ ပပဖာခြည် ရေချိုးခန်းထဲရောက်သွားပြီး ရွှေပိုးအိမ်လည်း ပေးထားသည့်အခန်းထဲသို့ဝင်ကာ ပြင်ဆင်အဝတ်လဲရသည်။

✵ ✵ ✵



# အခန်း (၂၃)

(၃) ယောက်လုံး ပြင်ဆင်ပြီးတော့ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ ဝေးလွင့်က အသင့်ဆီးကြိုပြီး ပန်းသီးပြခန်းထဲမှာ ရှိနေသည့် သူ့မိတ်ဆွေများနှင့် မိတ်ဆက်ပေးဖို့ပြင်နေစဉ်။

မျက်စိစူးကြသည့် အနုပညာသမားများပေမို့ –

"ဟာ ... ဒါ ... ခင်ဗျား ခင်ဗျားရဲ့"

"အပြင်မှာ ပိုကြည့်ကောင်းပါလား"

"ကိုယ့်ဆရာရဲ့အသည်းနှလုံးလေးကိုး"

"ဝမ်းသာတယ်ဗျာ၊ ကဲ ... ကျုပ်တို့ အင်တာဗျူးပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်၊' မဂ္ဂဇင်း၊ မီဒီယာသမားတွေမို့ ဝေးလွင့်ကို အင်တာဗျူးဖို့လာကြရင်း ရွှေပိုးအိမ်ခမျာ ဆွမ်းခံရင်း ငှက်သင့်ရတော့မှာလား။

သူမ အဖြစ်မခံနိုင်ပါ။ အမြင်လည်း မခံချင်။ မေးရင်း မြန်းရင်း ပုတ်သင်ဥတွေပေါ် ကုန်တော့မှာ။

သူမဟာ စူးရှတာရာဆိုသည့် စာရေးဆရာမလေးဖြစ်ကြောင်း သိသွားမှာထက် ဦးဝေးလွင့်နှင့် ယှက်ထင်၊ ကြောင်ထင်တွေ အထင်မခံနိုင်တာ။

သူမရဲ့ဆရာ။

ရန်ကုန်မြေနင်းကတည်းက ရွှေပိုးအိမ် ဆရာနှင့် အဆက်အသွယ်ရချင်ခဲ့ပါသည်။

ဆရာက သူမကို ဂရုတစိုက်လာရှာတာမျိုး၊ ပြန်ချေတာမျိုး ရွှေပိုးအိမ် မျှော်လင့်မိခဲ့သည်။

မချစ်တတ်ဘူးလို့တော့ မပြောနဲ့ဆရာ။ ဆရာနဲ့နှငယ်လေးရဲ့အကြောင်း ရေးထားခဲ့တဲ့ ဝတ္ထုတိုလေးဟာ သိပ်ပြီး သိဂ်ါရသမြောက်ခဲ့ပါတယ်။ ပိုးအိမ် သိပါတယ်။

ပိုးအိမ်ကို နှငယ်လောက် မချစ်လို့သာ ဆရာ အရှုပ်ကြီးလို မလှုပ်မရှားခဲ့တာပါ။





ဆရာတို့အရွယ်ဟာ အချစ်ကို မကိုးကွယ်တတ်တော့ဘူး ဆိုပေမယ့် –

ကောင်မလေးတစ်ယောက်ရဲ့ လှိုင်းကြီးလေထန်နေတဲ့ အချစ်တွေကို နည်းနည်းတော့ ငဲ့ညှာသင့်ပါတယ် ဆရာ။

ရွှေပိုးအိမ် မျက်စိမျက်နှာတွေ ပျက်နေတော့ ဝေးလွင့် သဘောပေါက်ပါသည်။

သူကလေး ဘာကိုစိုးရိမ်နေသည်ဆိုသည့် အကြောင်း။

နိုင်သက္ကရာဇ်နှင့် အဆင်မပြေရသည့်ကြားထဲ ထပ်မံပြီး အထင်လွဲစရာတွေ၊ ဝေးကွာမှုတွေ သူမ ထပ်အဖြစ်ခံနိုင်မည် မဟုတ်ပါ။

“ကျွန်တော့်ကို အင်တာဗျူးတာက ရပါတယ်။ ပိုးအိမ်ကိုတော့ ဆွဲမထည့်ကြပါနဲ့ဗျာ။ သူ့မှာ ရှော့ရှိတယ်ဗျ။ ရှော့မှ ရှော့အကြီးကြီး”

“ဟာ ... အာစိကလည်း ပန်းချီဆရာတစ်ယောက်ဘည်း ဗျူးရမှာ ခြောက်သွေ့သွေ့ကြီးဗျာ။ Feel မလာဘူး။ ပန်းချီဆရာနှင့် သူနှလုံးသား။ အဲဒါမှမဟုတ် ပန်းချီဆရာနှင့် သူ့မော်ဒယ် ... ဒီလိုမှ စိုပြေမှာပေါ့ဗျာ”

“မဖြစ်လို့ပါဆိုမှ၊ သူ့မှာ ချစ်သူရှိတယ်ဗျ။ ဒီတော့ပေ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းထဲကပဲ နာမည်ကြီးတစ်ယောက်။ အဲဒီတော့ သူတို့ဂုဏ်သိက္ခာကို ထောက်ပြီး ကျွန်တော်တို့ စောင့်စည်းရလိမ့်မယ်''

''ကဲ ကဲ ... ဒါဆိုလည်း ခင်ဗျား မော်ဒယ်လ်ကို မဗျူးတော့ပါဘူးဗျာ။ ဒါပေမဲ့ ဒီပန်းချီကားလေးတွေရဲ့ ဖြစ်တည်မှု၊ မြစ်ဖျားခံရာကိုတော့ ခင်ဗျားပြောပြရလိမ့်မယ်။ မြင်ရုံနဲ့ အသိသာကြီးပါဗျာ။ ခင်ဗျားနှလုံးသားကို အပြင်မှာ စင်းစင်းကြီး မြင်နေရတာပဲ''

''ကျုပ်ကို အချွန်နဲ့တော့ မ,နေပြီ။ အနုပညာသမားဆိုတာ အလုပ်လုပ်ရင် ရှာနဲ့ဝင်စားပြီးလုပ်တာ သဘာဝပဲဗျာ။ ဆန်းသလား''

''ခင်ဗျားပန်းချီကားတွေက not for sale တွေများနေတာပဲဗျ။ မိုနာလီဇာလို ပန်းချီကားချပ်တွေ''

''ကဲ ကိုယ့်ဆရာတွေ ... ဗျူးချင်ဗျူး၊ မဗျူးချင်လည်း သွားကြတော့ဗျာ။ ကျွန်တော် သူတို့ကို နေ့လယ်စာသွားပြီး ကျွေးရဦးမယ်''

''နာမည်ကျော်ကြီးဆိုတော့ မာနိုင်တာပေါ့ဗျာ။ မာပါ မာနိုင်ပါစေ''





''ဟာ ကိုတူး ... ကျွန်တော်က ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ခင်ဗျား ရစ်လွန်းလို့ ပြောမိတာပါ။ ပိုးအိမ်တို့လည်း ဆာလှရော့မယ်လေ''

နောက်ဆုံး ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ အင်တာဗျူးကို စိတ်ရှည်စွာ ဖြေပေးလိုက်ရသည်။ သူတို့က ပိုးအိမ်နှင့်ပန်းချီကားတွေကိုပင် လျှပ်တပြက် ရိုက်ယူသွားလေရဲ့။

✵

သူတို့ (၃) ယောက်နှင့် ဝေးလွင့်၊ သူရ ပေါင်း (၅) ယောက်။ တရုတ်စားသောက်ဆိုင်တစ်ခုမှာ ဝင်ပြီးစားသောက်ကြသည်။

စားသောက်ဆိုင်မှာ အရက်တွေ၊ ဘီယာတွေပါ ရောင်းသည်။ အကင်တွေ၊ အကြော်တွေနှင့်ဘီယာ။

သူမတို့ဝိုင်းမှာတော့ အကြော်၊ အလျော်၊ အကင်တွေနှင့် ဘင်းချို။

နောက် ထမင်းဖြူ၊ ဖွန်းခက်ရင်း တူတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



စားရင်း၊ သောက်ရင်း၊ စကားပြောရင်း သူမတို့ဝိုင်း စိုပြည်နေကြစဉ် –

သူမအနီးသို့ ရောက်လာတာ ဆရာ၊ နိုင်သက္ကရာဇ်ပါ။

''ဟင်''

သူ့ပုံစံက ရိုးဝေဝေ။ အမူးကြီးမဟုတ်ပေမယ့် ရီဝေ ဝေနေပြီ၊ ဒါကြောင့် သူ လွတ်မြောက်နေတာ။

ကိုယ့်ဂုဏ်သိက္ခာကို အသေကာကွယ်တတ်သူကြီးက ယခုတော့ သူမတို့ဝိုင်းအနီးမှာ မားမားကြီးရပ်လို့။

လူရမ်းကားတစ်ယောက် မဟုတ်တာမို့ ရွှေပိုးအိမ်ကို ဆွဲခြင်း၊ လွဲခြင်း၊ ကြိမ်းမောင်းပြောဆိုခြင်း မပြုပေမယ့် –

ဆွေးမြည့်သောရုပ်နှင့် သူ အဲလိုရပ်နေတာကိုက ရွှေပိုး အိမ်၏ရင်ဘတ်တစ်ပြင်လုံး ပွင့်ထွက်သွားမတတ် ခံစားစေရပြီ။

သို့သော် လူသူမရှိသတ်၊ အထူးသဖြင့် စာပေအသိုင်း အဝိုင်းမှ လူတချို့ ရှိနေသော သည်လိုနေရာမျိုးမှာ သူမကရော ဆရာ့ကို ပြေးဖက်လိုက်ရမှာလား။

ရင်ထဲမှာ ဘယ်လောက်ပင် ဗလောင်ဆူဆူ၊ မျက်ရည်မှုန် တွေ မည်မျှပင် ရွှာရွှာ၊ ရွှေပိုးအိမ်ကလည်း နေရာမှာပင် တောင့် တောင့်ကြီးထိုင်လို့။





သည်အခက်အခဲကို လိမ္မာပါးနပ်စွာ ရှင်းလိုက်သူက ဝေးလွင့်ပါ။ အားလုံး၏ ဂုဏ်သိက္ခာတွေ မပျက်ယွင်းရအောင်–

''ဟာ ဆရာ ... လာ လာ ဆရာ့ကို ကျွန်တော် ဖိတ်ထားပြီး မလာတော့ဘူး ထင်နေတာ။ ထိုင်ပါဆရာ ထိုင်ပါ ဆရာ ... ဘာလိုသေးလဲ''

နေရာမှထပြီး ပျာယာခပ်မျှ ခရီးဦးကြို နေရာပေးလိုက် ရင်း သူ ပြုစုနေတော့ အခြေအနေက အကောင်းဘက် ဦးတည် သွားသည်။

နိုင်သက္ကရာဇ်ဟာ ဝေးလွင့်ရဲ့ညှေ့သည်။ နိုင်သက္ကရာဇ် ရင်ထဲမှာ အဆွေးတွေ၊ အလွမ်းတွေ ပြည့်နှက်နေပြီ။

ပညာရှင်လေးမှာလည်း နှလုံးသားနဲ့ပါပဲ။ မိန်းကလေး တွေရဲ့ဝိုင်းမှာ အားလုံး၏ ဂုဏ်သိက္ခာကိုငဲ့ပြီး သူ ခေတ္တထိုင်လိုက် ပါသည်။

သူ ဘာကိုမျှ မစားချင်တော့ပါ။ ဟန်ဆောင်ပန်ဆောင် လေးတောင်မှ မစားနိုင်တော့ပါ။ ရင်ထဲမှာ မီးသက်လေပြင်းကျ နေပြီ။

သည်အတိုင်းကြီးထိုင်နေလို့လည်း မတင့်တယ်တာမို့ ဝေးလွင့် သူ့ကို ဘီယာတစ်ဘူးပဲမှာပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆောင်ပါ ဆရာ"

တကယ်တော့ နိုင်သက္ကရာဇ် ဖိုးငနဲမဟုတ်ပါ။ တစ်ခါတလေ ပွဲရှိလျှင် လှုဝင်ဆန့်ရုံသောက်သည်။ ယခုလို အသည်းကွဲလျှင် နည်းနည်းသောက်သည်။

ဟင် ... ငါ အသည်းကွဲပြီလား။

ဝေးလွင့်နှင့်ရွှေပိုးအိမ်ကို ကြည့်ရတာ ရှေ့သွားနောက်လိုက် ညီလှသည်။ ဝေးလွင့်ပုံစံကြည့်ရတာလည်း ရွှေပိုးအိမ်ကို ပါးစပ်ထဲကောက်ထည့်ထားတော့မတတ် ညွတ်နူးပျော်ဝင်လွန်းလှသည်။

ရွှေပိုးအိမ်ကရော မျက်လွှာချထားတတ်ပေမယ့် မျက်ရည်ရိပ်သန်းသော အဆွေးမျက်ဝန်းတစ်စုံက ဘယ်သူ့အတွက် ခံစားနေတာလဲ။

ချစ်ခြင်းဖွဲ့မာယာတွေလား။

သူ ဝေးလွင့်မှာပေးသည့် ဘီယာကို တစ်ဘူးပြီးတစ်ဘူး သောက်နေမိတော့တာ။

✵ ✵ ✵



# အခန်း (၂၄)

နိုင်သက္ကရာဇ်။

သူ့နားထဲမှာ ငိုရှိုက်သံသဲ့သဲ့။

အား ခေါင်းတွေလည်းကိုက်လိုက်တာ။

လစ်မစ်ထက်ကျော်လွန်သွားလို့လား။

သူ ခေါင်းကိုဖျစ်ရင်း အိပ်ရာပေါ်ပြန်လှဲကျသွားတော့ သူ့ကို တွဲထူဖေးမသူဟာ -

"ဟင် ... ပိုးအိမ်"

သူ ခေါင်းကိုက်တာတွေပျောက်ပြီး၊ မူးတာတွေပျောက်ပြီး ဘူးလဲထမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်တာလဲ။ သူ ဘယ်နေရာရောက်နေတာလဲ။

"ကိုယ် ဘယ်နေရာရောက်နေတာလဲ"

ရွှေပိုးအိမ် သူ့ကို ဘာအဖြေမှ ပြန်မပေးပါ။ မျက်ရည်စို့စွတ်သော၊ နီရဲသောမျက်ဝန်းနှင့်သာ စိမ်းစိမ်းကြီးကြည့်လို့။

ဘုရားရေ ဒီမျက်ဝန်းက ဘာလဲ။

ဘယ်လိုဘာသာစကားတွေလဲ။

နဂိုကတည်းက အဆင်မပြေသေးရသည့်ကြားထဲ ငါ့ကို အမုန်းသမားကြီးဆိုပြီး အထင်သေးတဲ့မျက်ဝန်းလား။

ချစ်သူကောင်မလေးရေ . . .

ငါ ရှင်းပြပါရစေဦး။

မင်းကြောင့် ခံစားနေရတဲ့ ငါ့နှလုံးသားတွေ၊

ငါ့ဦးနှောက်တွေ

အားလုံး ခုန်ဆွေ့ပေါက်ပြန်ဖြစ်ကုန်လို့ပါကွယ်။

"ပိုးအိမ် . . . ဒါဘယ်နေရာလဲဟင်"

အမုန်းသမားဆိုတာ ရစ်သတဲ့။ ဒီစကားကိုပဲ မေးနေ[illegible] အခါခါ။ ရွှေပိုးအိမ်ရင်နာမိပါသည်။ ဘယ်လောက်[illegible] အရှက်တွေကွဲ၊ သိက္ခာတွေကျလိုက်သလဲ ဆရာ။





ဦးဝေးလွင့်ခေါ်လာခဲ့ရတာ။ အခန်းတစ်ခုထဲမှာ ထည့်ပေးမထားတာကတော့ ရွှေပိုးအိမ်ရဲ့ဂုဏ်သိက္ခာကို ငဲ့တာပါ။ သခု အပေါ်ထပ် ဧည့်ခန်းထဲမှာ။

အမုန်းလွှန်နေသည့်ဆရာ့ကို ဦးဝေးလွင့်ပဲ ပြုစုလုပ်ကိုင်ပေးခဲ့တာ။

"သောက်တာတော့ မများလောက်ပါဘူး။ သောက်နေမကျတဲ့ အရှိန်းမို့ ဒီလောက်ဒေါင်းသွားတာပါ"

"ဦးဝေးလွင့်က သိလို့လား"

"သိတာပေါ့၊ ကိုယ်ဆို ဒီလောက်နဲ့ ဘယ်ဖြိုမလဲ . . . အဟဲ"

နိုင်သက္ကရာဇ်အတွက် အယူခံဝင်တာ ကိုယ့်လည်ပင်းဆောင် ကိုယ်ကြိုးကွင်းစွပ်လို့။

ကောင်မလေးရယ်၊ ငါ နင့်ကို အဲလောက်ချစ်တာ။

နင်စိတ်ချမ်းသာ ပျော်ရွှင်နေတာပဲ မြင်ချင်တာပါ။

နိုင်သက္ကရာဇ်ကတော့ နေ့လယ် (၁) နာရီခွဲလောက်ကတည်းက ဒေါင်းသွားလိုက်တာ ယခု ည (၈) နာရီကျော်တဲ့အထိ နလန်မထူသေး။

"ဟင် ပိုးအိမ်၊ ဒါ တည်းခိုခန်းလား"



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် ... သူ့ကိုပဲ ပိုးအိမ်က တည်းခိုခန်းသို့ အတင်းခေါ်လာရမည့်စတိုင်လ်။

ရွှေပိုးအိမ် ချုပ်ထိန်းမထားနိုင်တော့ပါ။

ဆရာ့မှာ အပြစ်တွေသိပ်များနေပြီ။ ပထမ ပိုးအိမ်ကို ဝတ်ကျေတမ်းကျေ ပရိုပို့စ်လုပ်ပြီး နောက်ပိုင်း တစ်လျှောက်လုံး ပိုးအိမ်ကပဲ လှုတောသား၏ ထမ်းပိုးလေးလို တစ်လျှောက်လုံး ဆရာ့ကို အောက်ကျနောက်ကျခံပြီး ချစ်မြတ်နိုးခဲ့ရတာ။

ဒုတိယ –

ပိုးအိမ်ကို ဂရုမစိုက်ဘူး။ ပစ်ထားခဲ့တယ်။ နွေးထွေးတတ်ရဲ့သားနဲ့ အေးစက်တိတ်ဆိတ်သောအချစ်တွေကိုသာ နည်းနည်းပါးပါး ပေးခဲ့တယ်။

တတိယ–

ပိုးအိမ် ခြေရာဖျောက်ထားတာ။ ဆရာချော့တာ၊ ဇွဲစိုက်တာခံချင်လို့ပါ။ ခုတော့ ကမ္ဘာခြား၊ ဘဝခြားသွားသည်ထိ လုံးဝလိုက်မရှာဘဲ ချစ်သူကို စာရင်းဖျက်ခဲ့တယ်။

စတုတ္ထ –

ဦးဝေးလွင့်က ပန်းချီကားတွေနဲ့ ပိုးအိမ်ရဲ့ဘဝ ကောင်းကြောင်းကို အစခွဲထုတ်၊ ပိုးအိမ်တို့ လာမယ်ဆိုတာ ပြောထားနဲ့





သားနဲ့ ပိုးအိမ်ကို လာမတွေ့ခဲ့ဘူး။ ဂရုမစိုက်ခဲ့ဘူး။

ပဉ္စမ –

လာမယ့်လာတော့လည်း လူပုံအလယ်မှာ အရက်တွေမူးပြီး ကံကောင်းလို့ အိုးနင်း ခွက်နင်း ဖြစ်တော့မလို့။ ဦးဝေးလွင့်ကြားဝင်လိုက်လို့သာ။

နောက် အရက်တွေ ကျွမ်းပစ်အောင် မူးသူများ အိမ်သည့်ခန်းထဲမှာ လူးလို့၊ လိမ့်လို့။ ဆရာသာ ပုဆိုးဝတ်မိရင် ပုဆိုးကျွတ်မှာပဲ။

ဒီနေ့ ဘောင်းဘီနဲ့မို့သာ။

ဆရာ့အပြစ်တွေကို တန်းစီသတိရရင် ရွှေပိုးအိမ် မျက်ရည်တွေက မနိုင်ရင်ကာ။

ယခုထိ အူကြောင်ကြောင်ဖြစ်နေသည့် ဆရာ့ရင်ဘတ်ကြီးကို သူမ၏လက်သီးဆုပ်လေးများနှင့် တဗုန်းဗုန်းထုရင်း ရွှေပိုးအိမ် ငိုလည်းငို၊ ပြောလည်းပြော။

"ဆရာ ... အရမ်းရက်စက်တယ်၊ ဆရာ ပိုးအိမ်ကို ခွင့်နာဘူး။ ဆရာ့ခေါင်းထဲမှာ ပိုးအိမ်မရှိဘူး။ ဆရာ့နှလုံးသားထဲမှာ ပိုးအိမ်အတွက် နေရာလုံးဝမရှိဘူး"

ထိုမြင်ကွင်းကို ဝေးလွင့် သူ့ပန်းချီဆွဲခန်းထဲမှ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့သော မျက်လုံးများနှင့် ရင်နင့်စွာ ငေးကြည့်နေမိပါသည်။

ကောင်မလေးရေ ...

ချစ်ခြင်းတစ်ခုမှာ

အချစ်ပိုတဲ့သူက ပိုမိုခံစားရမြဲပါ။ မင်းနဲ့ မင်းရဲ့ဆရာတို့ အချစ်ခြင်းညီပါစေ။

နှလုံးသားသံစဉ်လှိုင်းတွေ တစ်ထပ်တည်း ကျပါစေလို့ အရှုံးသမားကြီးက ဆုတောင်းပေးလိုက်ပါရဲ့ကွယ်။

နိုင်သက္ကရာဇ်ကလည်း အရုပ်ကြီးတစ်ရုပ်လို တွေတွေကြီးပေခံလို့။ သူ့ရင်ဘတ်ကို ထုရိုက်နေသည့် ရွှေပိုးအိမ်ကလည်း ချက်ချင်းပင် သတိကပ်သွားတာပါပဲ။

သူ့အနားမှ နောက်သို့ဆုတ်ခွာလိုက်ရင်း ကြေကွဲသော ရင်ဖြင့်သာ ဆရာ့ကို တစ်ချက်ကြည့်လိုက်မိပါသည်။

ဆရာရယ် ...

အစားထိုးမရနိုင်တဲ့ ချစ်ခြင်းတွေနဲ့ နင်ယ်ကိုချစ်ခဲ့ထား ပေါ့နော်။

အရုပ်ကြီးတစ်ရုပ်လို မလှုပ်မယှက် ရှိနေသည့် ဆရာ့ကို ကျောခိုင်းပြီး ရွှေပိုးအိမ် အောက်ထပ်ပန်းချီပြခန်းထဲသို့ ပြည်းညင်းစွာ ဆင်းခဲ့ပါသည်။





ပန်းချီကားချပ်တွေကိုတောင် ရွှေပိုးအိမ် သေသေချာချာ မကြည့်ခဲ့ရသေးပါ။

မချစ်တတ်ဘူးလို့တော့ မပြောနဲ့နော်။

ဆရာ ဘယ်လောက်ချစ်တတ်ခဲ့တယ်ဆိုတာ နိုင်လုံတဲ့ သက်သေအဖြစ် စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ရှိခဲ့ပြီးသား ပါ။

ည (၈) နာရီကျော်ပြီမို့ လူသူကင်းရှင်းသွားသည့် ပန်းချီ ပြခန်းထဲမှာ ပန်းချီကားလေးများကို ရွှေပိုးအိမ်တစ်ချပ်ချင်း အသေးစိတ်ကြည့်ရှုခံစားနေမိသည်။

ပန်းချီပညာကို နားလည်လှလို့မဟုတ်ပေမယ့် မိန်းမငယ် လေးတစ်ယောက်ရဲ့အဆွေးကမ္ဘာ၊ အဆွေးအချစ်တွေကို ရှုထောင့်အမျိုးမျိုးမှာ ရုပ်လုံးဖော်ထားသလို ဖြစ်နေသည့် ပန်းချီ ကားချပ်များကိုကြည့်ပြီး –

ရွှေပိုးအိမ် ဆွေးနင့်ရပါသည်။

ကိုယ့်ရဲ့ သွေးစိမ်းရှင်ရှင်ထွက်နေသည့် နှလုံးသားကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည့်နှယ်။

ဆရာရယ် ... ပိုးအိမ် ဒီလောက်ထိချစ်တတ်ခဲ့ဖို့ မကောင်းဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် သိပ်ပြီး အလေးမထားတဲ့ဆရာ့ကိုမှ အသည်းကွဲမတတ် ချစ်မိ၊ စူးနစ်မိနေရတာ ပိုးအိမ်ရဲ့ ဝဋ်ကြွေး တွေပါ။

ပန်းချီကားချပ်လေးများရဲ့ ရှေ့မှာ တစ်ချပ်ချင်း ကြည့်ရှု ခံစားရင်း ဖုန်းကင်မရာလေးနှင့် မှတ်တမ်းတင် ဓာတ်ပုံလေးများ လည်း ရိုက်နေခဲ့မိသည်။

သူမရဲ့မကုန်ဆုံးနိုင်အောင် စီးကျနေသည့် မျက်ရည် များကို သုတ်လိုက်၊ ဓာတ်ပုံရိုက်လိုက်ပေါ့။

ထိုပုံရိပ်လွှာကို ကြည့်ရှုနေသူများကတော့ ပန်းချီခန်းမရဲ့ မှောင်ရိပ်ထောင့်တစ်ခုထဲမှ ဝေးလွင့်ရယ် နောက် လှေကားခြေ ရင်းမှ ရပ်ပြီး ဆွေးဆွေးနင့်နင့် ကြည့်ရှုနေသည့် နိုင်သက္ကရာဇ် ရယ်။

ချစ်သူရယ် ...

မင်း မျက်ရည်ကျနေရတာ ငါ့အတွက်လား၊ သူ့အတွက် လား။

အပြစ်တွေများလွန်းလှတဲ့ အပြစ်သားကြီးဟာ ငါပါ

ကျွန်းရှေ့မှ မှောက်လျက်လဲဆိုသလို မင်းရှေ့ကျမှ ငါ ဘဝ အိုးနင်းခွက်နင်း ဖြစ်ရသေးတယ်။





မျက်နှာတောင်မပြရဲတော့ပါဘူး အချစ်ရယ်။

ငါ့ကို ခွင့်လွှတ်ပါ။

သူ ဝေးလွင့်ကို နှုတ်ဆက်ပြီး ပန်းချီပြခန်းရဲ့နောက်ဘက် ထွက်ကာ ကိုယ့်အိမ်သို့ ပြန်လာခဲ့ပါသည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နောက်တစ်နေ့မှာ ရွှေပိုးအိမ်တို့ (၃) ယောက်ကို ဝေးလွှင့် ရန်ကုန်မြို့ထဲသို့ လျှောက်ပို့ပေးခဲ့ပါသည်။

သူက ရွှေပိုးအိမ်နှင့် နိုင်သက္ကရာဇ်ကို ပြန်လည် ရှင်း ကြားစေ့ပေးချင်သဖြင့် နိုင်သက္ကရာဇ်ကို ဖိတ်ခေါ်ပေမယ့် မရပါ။

''ကျွန်တော် နေမကောင်းလို့ပါ။ ခေါင်းတွေ ကိုက်နေ သေးလို့ပါ'' တဲ့။

ဟုတ်မှာပါ။ ဝေးလွှင့်ကတော့ သူ စပွန်ဆာပေးပြီး ခေါ်ထားသည့် ရွှေပိုးအိမ်တို့ (၃) ယောက်ကို ရန်ကုန်မြို့အား လိုက်ပို့ပေးရမှာပါပင်။





ရွှေပိုးအိမ်က ရောက်ဖူးပေါက်ဖူးသော်လည်း ပပဓာခြည်နှင့် ပန်းနုနှင်းက ရန်ကုန်ကိုပင် ကောင်းကောင်းရောက်ဖူးကြတာမဟုတ်။

''ပထမဆုံး ရွှေတိဂုံဘုရား ဖူးမယ်။ နောက် ... မဟာဝိဇယ၊ နောက်ပြီးမှ ပြည်သူ့ရင်ပြင်''

''ပြည်သူ့ရင်ပြင်မှာ ဘာတွေရှိသလဲ''

''ကစားကွင်းလေး၊ စီးစရာ၊ ဆော့စရာ ယာဉ်တွေအများကြီးရှိတယ်။ နောက် ... သရဲရထားလည်း ရှိတယ်''

''ဟုတ်လား ... ပျော်စရာကြီးနော်။ ဟီး ဟီး ပပတို့ သူငယ်ပြန်ကြရတာပေါ့''

''ဆရာမတို့အရွယ် ငယ်ပါသေးတယ်ဗျာ။ နှစ်ဆယ်ကျော်ရုံလေး ရှိသေးတာ''

''ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ဆရာပြောမှပဲ အားရှိ တော့တယ်''

''ပျော်ရင် ကြည့်လည်း ပျော်ကြနော်။ အဆွေးသမားလေးကို အနှောင့်အယှက်မဖြစ်စေနဲ့''

ရွှေပိုးအိမ်ကို မေးဆတ်ပြီး ပပဓာခြည်ပြောတော့ ဝေးလွှင့်ပုံစံက ပျာပျာသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာ နေတတ်သလိုလေး နေပါစေဗျာ။ သွားပြီး ခလုတ်မတိုက်ကြပါနဲ့နော်"

"ဆရာကတော့ သူ့သာပျော်မယ်ဆိုရင် အသက်ပဲ ပေးရ ပေးရပေ့ါ၊ ဟုတ်လား"

ဝေးလွင့် မချိပြုံးနှင့် ခေါင်းညိတ်ရင်း ရန်ကုန်မြို့ကြီးကို လေ့လာရေးခရီးထွက်ဖို့ စတင်ထွက်ခွာကြပါသည်။ သူရပါပေ့ါ။

❋

ရွှေတိဂုံဘုရားမှာ လူတွေကျိတ်ကျိတ်တိုးစည်ကားနေကြတော့ ဝေးလွင့် ငေးငေးငူငူရှိလှသည့် ရွှေပိုးအိမ်ကို လက်ဖျားလေး ဆွဲခေါ်မိခဲ့သည်။ လူအုပ်ထဲပျောက်ကျန်ခဲ့မှာစိုးလို့ပါ။

"ရတယ် ... ပိုးအိမ် ဦးဝေးလွင့်ကို မီအောင်လိုက်ခဲ့မယ်"

"မရပါဘူးဗျာ၊ ပိုးအိမ်ကို အပျောက်မခံနိုင်ပါဘူး။ သူ့ပိုင်ရှင်လက် ပြန်အပ်ရဦးမှာလေ"

သူက ရွှေပိုးအိမ်ကိုသာ ဂရုတစိုက်နှင့် လက်ဖျားလေး





ဆွဲပြီး ဓာတ်လှေကားထဲ ဝင်တာ၊ ထွက်တာ၊ ရင်ပြင်တော်ပေါ်မှာ ဘုရားဝတ်ပြုတာ၊ ဂြိုဟ်ဘုရားတွေမှာ ရေသပ္ပာယ်တာ။

"ဆရာ့နေ့က ဘာနေ့လည်းမသိဘူး"

သူမ တိုးတိုးညည်းတော့ ဝေးလွင့် အံ့သြရ၏။

"ကိုယ့်ချစ်သူရဲ့နေ့တွေ၊ အသက်တွေ မသိဘူးလား"

"အဲဒါတွေတောင် မပြောရသေးပါဘူးရှင်။ ပြတ်လုလုက အရင်ဖြစ်ခဲ့ရတာ"

"ဩော် ... ဒါဆိုလည်း မှန်းပြီး ရေသပ္ပာယ်ပေ့ါဗျာ။ ဘယ်ဘုရားမှာ ရေသပ္ပာယ်ပ္ပာယ် ပိုးအိမ် ကုသိုလ်ရမှာပါပဲ"

"အသက်ကျတော့ရော"

"သူ့အင်တာဗျူးတစ်ခုမှာ ဖတ်လိုက်ရတယ်။ ကိုယ့်ထက် (၁) နှစ်ကြီးတယ်။ (၃၁)"

"အင်း ... နိုင်သက္ကရာဇ်ဆိုတော့ သောကြာလား၊ စနေလား"

"နိုင်ဆိုရင် စနေပေ့ါ၊ သက္ကရာဇ်ကိုယူရင်တော့ သောကြာ"

"စနေရော, သောကြာရောမှာ ရေသပ္ပာယ်မယ်။ ဆရာ့အေးချမ်းသွားအောင်"



www.burmeseclassic.com

www.burmeseclassic.com



ခြော် . . . တော်တော်တရားကျစရာကောင်းတဲ့ ပိုးအိမ်လေးပါပဲ။

ကိုယ်တိုင်လောင်ကျွမ်းမြိုက်ဆူနေရသည့်ကြားမှ ချစ်သူအေးချမ်းပါစေတဲ့။

"အဟင်း . . . ကိုယ့်ကျတော့ ဘယ်သူရေးသပ္ပာယ်ပေးပါ့။ ဘယ်သူဆုတောင်းပေးပါ့"

"ပပကိုခိုင်းလေ ဦးဝေးလွင့်ရဲ့။ သူက စိတ်ရင်းကောင်းပါတယ်"

"တော်ပါပြီဗျာ . . . ကျားလျှာထက်ကြမ်းတဲ့ နှလုံးသားတွေ မလိုချင်ပါဘူး။ ကိုယ်နဲ့ ရှေ့သွားနောက်လိုက်ညီမယ့် နူးညံ့တဲ့နှလုံးသားလေးမျိုးပဲ မြတ်နိုးချင်ပါတယ်"

"အမြန်ဆုံးတွေ့ပါစေလို့ ပိုးအိမ် ဆုတောင်းပေးပါတယ် ဆရာ။ ကဲပါ . . . ခုလည်း ဦးဝေးလွင့် ပိုးအိမ်ကို လိုက်စောင့်ပေးနေရတဲ့အတွက် ဦးဝေးလွင့်အတွက်ပါ ပိုးအိမ် ရေသပ္ပာယ်ပေးမယ်"

"ကျေးဇူးအထူးတင်ပါသတဲ့ဗျာ။ ကိုယ်က ဗုဒ္ဓဟူးသားပါ။ ပိုးအိမ်ရော"

"ဗုဒ္ဓဟူးပဲလေ"





"ပိုးအိမ်က ကိုယ်တိုင်အတွက်မစဉ်းစားဘဲ ချစ်သူအတွက်ပဲ စဉ်းစားတယ်နော်"

"ပိုးအိမ်က ကိစ္စမရှိပါဘူး။ သူ့အတွက်ပဲပူတာ။ ဆရာ့ကို ကြည့်ရတာ မလန်းဘူးလေ"

ဝေးလွင့် ဘာမှ ဝေဖန်ချက်မပေးတော့ပါ။ ရွှေပိုးအိမ် ဗြိုဟ်ဘုရားများမှာ ရေသပ္ပာယ်နေသည်ကိုသာ အနားမှ စောင့်ပြီး ကူညီနေမိသည်။

ဝင်ကစွပ်ကောင်လိုပဲ အငှားခန္ဓာပြောင်ရတယ်လို့ ဆိုချင်ဆို။

ပန်းနုရောင် ကချင်ထည်ဝမ်းဆက်လေးနှင့် သိပ်ပြီးနူးညံ့၊ သိမ်မွေ့သည့်ပိုးအိမ်လေးနှင့် ယခုလိုလျှောက်ပြီး ဘုရားသွားရတာတောင် သူ့မှာ ရင်ထဲနင့်အောင် ကြင်နာရ၊ ကြည်နူးရပါသည်။

ရင်ထဲနင့်ရတာတော့ ကိုယ်မပိုင်ဆိုင်ရတဲ့ အချစ်နတ်ဗုရားမလေးမို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်သက္ကရာဇ် . . . ။

ကိုယ်က ချစ်သူ့ရှေ့မှာ ဖရိုဖရဲ ဖြစ်ခဲ့ရသည်မို့ လိပ်ပြာမလုံချင်။ သည်တော့ ဝေးလွင့်၏ကမ်းလှမ်းချက်ကို သူ ပယ်ချခဲ့ပါသည်။

ပြီးမှ သူကလေး သွားရာနောက် တကောက်ကောက်လျှောက်ပြီးလိုက်ကြည့်ချင်စိတ်က တားမရ ဆီးမရ။

သည်တော့ ရုပ်ရှင်ထဲကလိုပဲ ဘောင်းဘီ မီးခိုးရောင်ဝတ်၊ ဂျာကင်မီးခိုးကွက်က ခေါင်းစွပ်ပါစွပ်ထားတော့ သူ့ပုံစံက ရုပ်ဖျက်ပြီးသား။

ပထမဦးဆုံး ရွှေတိဂုံဘုရားမှာ သွားစောင့်နေလိုက်ပြီး ရွှေပိုးအိမ်တို့နှင့် မလှမ်းမကမ်းမှ သူ လျှောက်လိုက်နေမိသည်။

ပိုးအိမ်နှင့် ဝေးလွင့်တို့ လက်ချင်းတွဲပြီးလျှောက်သွားနေတာ။ ငြိမ်းဟုဘုရားတွေမှာ ရေအတူသပ္ပာယ်နေကြတာ။

သူ့ရင်ပြင်ကို လောင်မြိုက်စေသည့် မြင်ကွင်းတွေပါ။

သူ့နှလုံးသားတစ်ခုလုံး မီးလောင်ပြင်။

သူ့မျက်ဝန်းတစ်ခုလုံး အိပ်မက်ရာသီ

အိပ်မက်ပဲဖြစ်လိုက်ပါတော့လေ။





နိုင်သက္ကရာဇ် တစ်နေရာမှ ကြေကွဲစွာ စောင့်ကြည့်ရင်း သူနှင့်ပိုးအိမ်တို့၏ ချစ်ခြင်းဖွဲ့တွေကို 'ပြန်ပြီးထုဆစ်၊ ပုံဖော်၊ မြင်ယောင်ကြည့်နေမိသည်။

သူဟာ မိန်းမကျမ်းကျေသူတစ်ယောက်တော့ မဟုတ်ပါ။

ဘဝမှာ အလုပ်ပြီးအလုပ်ဆိုတဲ့သူ။ သူက ဘဝကို ကြီးကျယ်အောင်မြင်မှုတွေနှင့် တည်ဆောက်ချင်တာ။

ငယ်စဉ်တုန်းကတော့ အပူအပင်ကင်းစင်သည့်ဘဝမှာ နုငယ်ဆိုသည့် နုနုငယ်ငယ် ချစ်သူလေးတစ်ယောက်ကို အသည်းခွင့်မတတ် ချစ်မြတ်နိုးခဲ့ဖူးပါသည်။

ယခုလိုအလုပ်တွေလည်းမများသေးသည့် ကျောင်းသားဘဝမို့ ကြည်ကြည်လင်လင် ဖြူဖြူစင်စင်နှင့် အချစ်ဆိုတာကို နှစ်လို ချမ်းမြေ့စွာ ဖြတ်ကျော်ချစ်မက်ခဲ့ဖူးသည်။

နောက်စာရေးဆရာဖြစ်လာသည့်အခါ သည်အကြောင်းကို စာတစ်စောင်၊ ပေတစ်ဖွဲ့ပင် မှတ်တမ်းကမွည်းတင်မိခဲ့ပါရဲ့လေ။

ရွှေပိုးအိမ်နှင့် ကျတော့ရော။

သူ့အပေါ် အရှုံးအမှုး၊ နှစ်လိုကိုးကွယ်ချင်သည့် ကောင်လေးကို စာတွေ၊ ကဗျာတွေ တည်းဖြတ်ပေးရင်း သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရည်စူးမိလိုက်ခဲ့တာ။

သို့သော် သူတွေးမိတာကတော့ ပိုးအိမ်ကို ချစ်ရေးဆိုခဲ့ပြီး ချစ်သူဖြစ်သွားခဲ့သည့်နောက်မှာတော့ သူကလေးဟာ ကိုယ့်ပစ္စည်းရယ်လို့ စိတ်ချသွားခဲ့တာ။

သူကလေးက ငယ်သူပီပီ သူ့အပေါ် အချစ်တွေ လှိုင်းကြီး တံပိုးကြီး ရှာသွန်းဖြိုးစေချင်သည့်အခါ သူက အလုပ်အများဆုံးကာလနှင့် တိုးခဲ့သည်။

နောက် ပိုးအိမ်ရဲ့ဝတ္ထုစာအုပ်လေးများကိုလည်း သူအထင်သေးစွာ မဖတ်ဖြစ်ခဲ့ပါ။

ကိုယ်က တကယ့်ပညာရှင်စာရေးဆရာကြီးမို့ ဝတ္ထုတွေဖတ်ရမှာ ကလေးကလားလို့ ယူဆခဲ့သည်။

သည်တော့ ချစ်သူရဲ့ခံစားချက်တွေကို သူ နားမလည်ခဲ့မသိခဲ့။

သူကလေး ရန်ကုန်ကို တစ်ယောက်တည်းရောက်လာခဲ့တာ။

ဘယ်လောက်ကြေကွဲခဲ့ရသည်ဆိုတာတွေ။

ချစ်သူရှိနေသည့်မြေမှာ ချစ်သူနှင့် မဆုံဆည်းရဘဲ တွေ့ခွင့်မရဘဲ ရင်ကွဲပက်လက်ပြန်သွားခဲ့ရတာ။





နောက် သူနှင့်ဆုံပြီး သူ့အိမ်မှာ ပိတ်မိနေခဲ့ရပြီး ကိုယ့်အတွေ့၊ ကိုယ့်မာနနှင့် သူကလေးရဲ့ နှလုံးသားတို့ ပွတ်တိုက်ကြေကွဲစေရမှုတွေ။

ညကမှ သူမ၏ထွက်ရှိပြီးသောစာအုပ်လေး (၂) အုပ်ကို ဖတ်ရှုကြည့်ရင်း သူကလေး၏ စိတ်ခံစားချက်တွေကို သူသိရှိနားလည်ခဲ့ရတာ။

ဩော် ငါ တော်တော် မသိသားဆိုးခဲ့ပါလား။

မချစ်တတ်ခဲ့ရင်လည်း ချစ်သူမထားခဲ့သင့်ဘူး။

ခုတော့ ငါ့ကြောင့် သူကလေး အရမ်းကြေကွဲဆွေးမြည့်နေရရှာတယ်။

ပန်းချီကားလေးတွေ သေချာကြည့်ပြန်တော့မှ နာကျင်ဆွေးမြည့်နေသည့် မိန်းမငယ်လေးတစ်ယောက်ရဲ့ life ကို သူသတိထားမိရ၏။

ဆောရီးပါချစ်သူ။

ငါဟာ မင်းနဲ့မထိုက်တန်သူပါ။

မင်းရဲ့ အားကောင်းလှတဲ့ ချစ်ခြင်းတွေနဲ့ ဝေးသူပါ။

သို့သော် စူးအောင့်နာကျင်သောရင်ဖြင့် သူ ရွှေပိုးအိမ်နဲ့ ဝေးလွင့်တို့ကို ငေးကြည့်နေမိတာတော့အမှန်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာလည်း စွန့်လွှတ်ရမယ်ဆိုမှ ပိုပြီးကြေကွဲလာတယ်။

ဆုံးရှုံးရတော့မယ်ဆိုမှ ပိုပြီး လွမ်းမြေ့လာမိတယ်။

သူရနှင့် ကောင်မလေးတစ်ယောက်က တစ်တွဲ၊ သူတို့ (၃) ယောက်က တစ်ဖွဲ့ပါ။

သူတို့အုပ်စုသွားရာ ခပ်လှမ်းလှမ်းမှ လိုက်ပါရင်း နိုင်သက္ကရာဇ် ချစ်ခြင်းကို ဖွေရှာနေမိတာ။

✲ ✲ ✲



## အခန်း (၂၆)

ချစ်ခြင်းက မာယာတစ်ခုပါ။

ဖြူမလိုနဲ့ နီ၊ ပြာမလိုနဲ့ဝါ။

ဝေးလွင့်က ပိုးအိမ်ကို တယုတယ တမြတ်တနိုးနှင့် ဘာနေ့ာယက္ခကြီးလို အာခံတွင်းထဲ ငုံထားမတတ် ဖြစ်နေမိပေဆဲ့ –

ရွှေပိုးအိမ်ကတော့ မျက်ကန်းမလေးပါ။

ဒါဟာ မဟာရန်ကုန်မြို့မို့ ဆရာနှင့်တစ်နေရာမှာ ဆုံချင်ဆုံမှာပဲ။ လူတွေကြားထဲမှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ချင်းသူ့ပုံရိပ်ကလေးများ တွေ့မြင်ရမလား။



www.burmeseclassic.com

www.burmeseclassic.com



သွားရင်း လာရင်းနှင့်ပင် ဟိုငေး သည်ငေး၊ ဟိုကြည့် သည်ကြည့်။ သည်အခါ သူမ၏မျက်စိထဲမှာ ရင်းနှီးကျွမ်းဝင်မိသော ပုံရိပ်တစ်ခုက ထပ်ခါ ထပ်ခါ ပေါ်လာသလို။

ဘယ်သူလဲ ဆရာလား။ ဆရာ သူမကို လိုက်ကြည့်နေတာ များလား။

ဟင် သူက ငါ့ကို အဲလောက် ဂရုစိုက်တတ်လို့လား။

သို့သော် သူမ၏အနီးအနားမှာ ဆရာ့အငွေ့အသက်တွေ ရနေသလို ခံစားရသဖြင့် ပိုးအိမ် ရှာကြည့်နေမိလျှင် ဝေးလွင့် သတိထားမိသွား၏။

"ပိုးအိမ် ...ဘာဖြစ်လို့လဲ ဘာတွေ့လို့လဲဟင်"

"ဆရာ့ကို တွေ့မိလိုက်သလားလို့"

"ဩော် ...သူက အရမ်းအလုပ်များတယ်။ လာနိုင်မှာ မဟုတ်ပါဘူးလေ"

ဝေးလွင့်စကားအတိုင်းပဲ ဟုတ်မှာပဲလို့ တွေးရင်း ပိုးအိမ် ဘုရားဖူးရသည်။

စက်လှေကားစီးတော့လည်း ဦးဝေးလွင့်က သူမကို ကလေးလေးလို ဂရုတစိုက်။ သို့သော် သူမ ယစ်မူးမသွားပါ။ ဆရာ့ကိုသာ သတိရလွမ်းဆွတ်နေမိတာ။





သူနဲ့သာဆိုရင် ကမ္ဘာကြီးက ပိုပြီးလှပပွင့်လင်းလာမယ်။
ငှက်ကလေးတွေရဲ့အသံကအစ ပိုပြီးသာယာချိုမြမယ်။
တကယ့်ကို သာယာလှပတဲ့ ကမ္ဘာကြီးထဲမှာ သစ်ပင် လေးတွေကအစ ပိုပြီးစိမ်းမြ။
ပန်းကလေးတွေ ပိုပြီးမွှေး။
လေပြည်နုလေးတွေလည်း ပိုပြီးအေးမြမယ်။
တို့နှစ်ယောက်အတူ ကမ္ဘာကြီးကိုပတ်ပြီး ကြည့်ခွင့်ရရင်
သဲကန္တာရကြီးပဲဖြစ်ဖြစ်
ကျောက်တောင်တွေပဲဖြစ်စေ
ရေခဲပုံ၊ နှင်းဖုံးတောင်တန်းတွေကအစ အရာအားလုံး လှပနေလိမ့်မယ်လို့ ထင်မိတယ်။

ရွှေတိဂုံဘုရားကြီးပြီးတော့ မဟာဝိဇယကိုဝင်ကြသည်။ နောက်ဆုံးမှ ပြည်သူ့ဥယျာဉ်သို့ သွားကြမှာ။

"Zoo နဲ့ ပြည်သူ့ဥယျာဉ် ဘယ်သူကပိုပြီး သာယာအေးချမ်းလဲ ဦးဝေးလွင့်"

"အေးချမ်းတာတော့ Zoo က ပိုမှာပေါ့။ ပြည်သူ့ရင်ပြင်က အရိပ်အာဝါသသိပ်မရှိဘူး။ နေစရာတွေလည်း မရှိလှဘူး။ စားကွင်းတွေရှိလို့ လူစည်နေတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို Zoo လည်းသွားရအောင်လေ"

"အချိန်ကြည့်သေးတာပေါ့ကွာ။ ကဲ ဘုရားနှစ်ဆူဖူးပြီးလို့ ကုသိုလ်တွေတော်တော်ရနေကြပြီ။ နေ့လယ်စာလေး ဘာလေးလည်း သွားဆွဲကြဦးစို့"

"ပပတို့တော့ ပျော်နေတာနဲ့ ထမင်းမေ့ ဟင်းမေ့ပဲ။ ဆရာပြောမှ သတိရတယ်"

"ပန်းနုနှင်းတို့ (၂) ယောက်ရော ဘယ်ရောက်သွားလဲ"

"ဟိုမှာလေ သူတို့နှစ်ယောက်ကလည်း အလစ်ချောင်းနေတာ။ စုစုစည်းစည်းနေမယ်ကို မရှိဘူး"

"သြော် ... ချစ်စ ခင်စဆိုတော့ ဒီလိုပဲပေါ့ဗျာ။ ချစ်စကားလေးတွေ တီတီတာတာ ဖွဲ့ဆိုချင်သေးတာပေါ့"

ပပဇာခြည်မှာ ဘာမှပြန်မပြောသာတော့ချေ။ ဦးဆောင်လှူ ခေါ်ဆောင်ရာ ရွှေတိဂုံဘုရားအနားမှ ထမင်းဆိုင်သို့သာ သွားရောက်စားသောက်ကြပါသည်။

✲





ပြည်သူ့ရင်ပြင်မှာတော့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်မို့လားမသိ။ လူတော်တော်စည်ကားပါသည်။

အဲ ... လူတွေစည်ကားသည့်ကြားထဲမှာ အတွဲတွေက ပိုများသည် ထင်ပါသည်။ အရွယ်စုံ၊ ဆိုက်စုံအတွဲတွေ။ နောက်ကောင်မလေးတွေကလည်း အိမ်မှာနေရင်း အဝတ်အစားတွေနှင့်များ လာလေသလားမသိ။

ဘောင်းဘီပေါ်င်လည်လောက်တွေ၊ ဂါဝန်တွေ၊ စကတ်တွေနှင့်။

ရွှေပိုးအိမ်ကမှ မြင်ဖူး၊ ကြားဖူးလို့ တော်သေးသည်။ ပပဇာခြည်နှင့်ပန်းနုမှာ တောသားမြို့ရောက်ပုံစံမျိုးနှင့်။

"ဟယ် ... အတွဲတွေ၊ အတွဲတွေ၊ ဟာ ... ဟိုမှာ ဟိုမှာ။ ကောင်မလေးက ကောင်လေးရင်ခွင်ထဲရောက်လို့"

"ဒါ ပုံမှန်ပဲရှိသေးတယ်"

"ဟင် ... ဒါ ပုံမှန်"

"အင်းလေ ... ဒီထက်ဆိုးတာတွေကြည့်ချင်ရင် အင်းလျားသွား။ ချောင်ကျတဲ့ ကမ်းစပ်တွေ၊ သစ်ရိပ်တွေဆို"

"အမယ်လေး ... တော်ပါပြီ တော်ပါပြီ"

"မတော်နဲ့ဦး ... ပြည်သူ့ဥယျာဉ် တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ကြည့်လိုက်။ ဟိုကြည့်၊ ဒီကြည့်နဲ့ နှံ့နှံ့စပ်စပ်သာကြည့်၊ တစ်ခါတည်း မျက်စိကြီး နားကြီး ဖြစ်သွားလိမ့်မယ်''

ဝေးလွင့် ဦးဆောင်ပြီး သူ့နောက်က ရွှေပိုးအိမ်နှင့် ပပ ဇာခြည်။ သူရကတော့ သူ့ကိုလက်မထောင်ပြပြီး ပန်းနုနှင်းကို နေရာချပြီးခေါ်သွားလေတာ။

ပြည်သူ့ဥယျာဉ်ထဲမှာ ဘာမှတော့ မဖြစ်လောက်ပါဘူး။ သူ့ရဲ့ ဘိုးတော်ဘုရားခေတ်ကအပျိုကို လက်ဆင်ပေးမလို့ဘဲ ဖြစ်ရမည်။

ရွှေပိုးအိမ်တို့ (၃) ယောက် ကစားကွင်းဘက်သို့ ရောက် လာကြပြန်သည်။

''သူများတွေကစားနေကြတာ ပျော်စရာကြီးနော်''

''ပပရော စီးချင် ကစားချင်လို့လား''

''ဟို မချိမဆန့် လွဲနေတာကြီးတော့ ကြောက်ပါတယ်။ ကြည့်ရတာတောင် ကြောက်လှပြီ''

(၃) ယောက်သား သူများတွေစီးနေသည့်၊ ကစားစ သည်များကို ကြည့်ကြရင်း ဝေးလွင့် တိုက်တွန်းသဖြင့် ဇ ဇာခြည်ကလည်း ဆွဲခေါ်လွန်းသဖြင့် သူမတို့ (၂) ယော ရေလှော်လှေစီးဖြစ်ကြသည်။





ရေတွေ ရွှဲကုန်တာပေါ့။ ရွှေပိုးအိမ်က ရှေ့ဘက်မှ စီး သဖြင့် ပိုပြီးရွှဲသည်။ သကြံန်ကျနေသည့်နီးပါ။

သူမဝတ်ထားတာ မြန်မာဝတ်စုံပျော့ပျော့လေးမို့ ရေစို တော့ ကိုယ်လုံးကပ်သွား၊ ပေါ်သွားသည်။ သူများတွေဆို ဘယ်လို နေမည် မသိပေမယ့် ရွှေပိုးအိမ် မနေတတ်တော့ပါ။

''အဲလိုမှန်းသိရင် မစီးပါဘူးရှင်။ ဦးဝေးလွင့် ပိုးအိမ် ဘယ်လိုလုပ်ရပါတော့မလဲ။ ကူပါဦး''

ဝေးလွင့် ဝတ်ထားသည့် စပို့ရှပ်အဝါလေးပါ။ စပို့ရှပ် အောက်မှာစွပ်ကျယ်။

''ကျွန်တော် စပို့ရှပ်ချွတ်ပေးမယ် ဝတ်မလား''

''အံမယ် . . . မဝတ်ချင်ပါဘူး။ ရှင် ဒုက္ခရောက်မှာပေါ့''

ရွှေပိုးအိမ် အခက်တွေ့နေတာကို နိုင်သက္ကရာဇ် လှမ်း မြင်နေပါသည်။ သူ မနေနိုင်တော့ပါ။ ယခုမှရောက်လာသည့် ပုံစံမျိုးနှင့် သူဝတ်ထားသည့် ဂျာကင်ကို ချွတ်ပေးလိုက်ပါသည်။

''ပိုးအိမ်''

''ဟင် ဆရာ . . . ဆရာလည်း လာတာဟုတ်လား။ ပိုးအိမ်တို့နောက် လိုက်လာတာလား''

သူ မည်သို့မျှ ပြန်မဖြေဘဲ ပြန်လှည့်ထွက်သွားမည်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လျှင် ရွှေပိုးအိမ် မနေနိုင်တော့ပါ။

ကုန်ချွေတွေဆည်နေရ၊ မာနတွေပြိုင်နေရ၊ အတ္တတွေကိုးကွယ်နေရနှင့် ချစ်သူ (၂) ဦး ခံဝေးကွာခဲ့ရတာ ရက်ပေါင်းကြာရှည်ခဲ့ပြီ။

သူမ ထပ်ပြီးမဝေးကွာချင်တော့ပါ။

ဆရာနှင့် ဝေးကွာနေရသည့် ခံစားချက်ကြောင့် သူမ တစ်သက်လုံး နလန်မထူလည်း မဖြစ်ချင်တော့။

သည်တော့ ထွက်ခွာတော့မည့်ဆရာကို ရွှေပိုးအိမ် လက်ကလေးနှစ်ဖက်နှင့် တားဆီးဖမ်းဆွဲထားမိပါသည်။

"နေပါဦး ဆရာရယ် . . . ပိုးအိမ်တို့ ညနေကားနဲ့ပြန်မှာဒီတစ်နေ့ခင်းလေး ပိုးအိမ်အနားမှာ နေပေးပါလားဟင်"

"ကိုယ့်မှာအလုပ်တွေ"

"ဟင့်အင်း ဆရာ၊ အလုပ်တွေက မသေမချင်း လုပ်သွားရမှာ။ ပိုးအိမ်က ဒီတစ်နေ့လေးပဲ ဒီရန်ကုန်မြေမှာရှိမှာ ပိုးအိမ်ရင်မကွဲပါရစေနဲ့တော့။ ပိုးအိမ် မျက်ရည်မကျပါရစေနဲ့တော့ဆရာ"

မျက်ရည်လေးအဝဲသားနှင့် သူမ ဆရာ့ကို မော့ကြည့်လေး တောင်းဆိုနေပုံကြောင့် ဝေးလွင့်ရင်ထဲ ကျင်ခနဲနေအောင်





ခံစားနေရပါသည်။

သူမ နိုင်သက္ကရာဇ်ကို တော်တော်ချစ်တာပဲ။ အိမ်ခြွေရှင်မိန်းမငယ်လေးတစ်ယောက်ဟာ ကိုယ့်အိမ်ခြွေတွေ၊ သိက္ခာတွေကို ဘေးချထားပြီး တောင်းဆိုနေရတာ။

နိုင်သက္ကရာဇ် တွေတွေကြီး ငေးရင်း ရွှေပိုးအိမ်ကို ကြင်နာစွာ ငုံ့ကြည့်မိပါသည်။

ငါ့ထက် ဝေးလွင့်က ပိုပြီး သူ့အတွက် သင့်တော်ပါတယ်။ ငါ ကိုယ့်ချစ်သူကို အခြေအနေကောင်းတဲ့ သူ့ရဲ့လက်ထဲ ထည့်ပေးခဲ့ချင်ပါတယ်။

သို့သော် ရွှေပိုးအိမ်က နိုင်သက္ကရာဇ်၏ တွေဝေစိတ်တွေကို သိနေသည့်အလား။

"မငြင်းပါနဲ့ ဆရာရယ် နော်။ ပိုးအိမ် တောင်းပန်ပါတယ်။ ပိုးအိမ် ဆရာ့ကိုမခွဲနိုင်ပါဘူးရှင်။ ဆရာနဲ့ ကွဲကွာနေရတဲ့ရက်တွေအားလုံး ပိုးအိမ်အတွက် မီးလောင်ပြင်လို ပူပြင်းခြောက်သွေ့ရတဲ့ နေ့ရက်တွေပါ"

သည်လောက် တစာစာတောင်းပန်နေသည့် ပိုးအိမ်လေးအား မကြည့်ရက်တော့ပြီမို့ ဝေးလွင့် သူတို့အနားမှ ထွက်ခွာသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပပဇာခြည်ကလည်း အလိုက်တသိပင် သူနောက်သို့ ပြေးလိုက်လာ၏။

သူတို့မရှိတော့ရင် ချစ်သူ (၂) ယောက် အဆင်ပြေသွားကြမှာပါ။

ဝေးလွင့်အဖြစ်ကတော့ နွေကန္တာရထဲမှာ အဖော်မပါ လျှောက်လှမ်းနေရသူပမာ။

## အခန်း (၂၇)

အနားမှာ မည်သူမျှ မရှိကြတော့ပြီမို့ နိုင်သက္ကရာဇ် ငြင်းပယ်ဖို့လည်း မစဉ်းစားတော့ပါ။

သူ့အချစ်တွေနှင့် အရာရာအကောင်းပကတိ ဖြစ်စေမှာပေါ့။

သူ ရွှေပိုးအိမ်၏လက်ကိုဆွဲပြီး ကစားကွင်းထဲတွင် လျှောက်သွားပစ်တော့ စောစောက ပျော့ခွေနွမ်းဖတ်နေသည့် ကြွလုကြွခင် ကောင်မလေးကလည်း ရေထိပန်းပမာ။

လန်းတော့ မွှေးမြလို့။ သူ့လက်မောင်းကို ယီးလေးခိုပြီး ပြုံးရွှင်ချိုမြနေလိုက်တာ ချစ်စရာ။


ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီပီ စကားနာတွေလည်း ထိုးလို့။

"ဆရာ သိပ်ရက်စက်တယ်"

"မရစ်နဲ့ကွာ။ ကိုယ် မချော့တတ်ဘူး"

"သိပါတယ် . . . ဆရာက ပိုးအိမ်ကို နှငယ်လောက်မှ မချစ်ဘဲ"

"ဘယ်က နှငယ်လဲ"

"ဆရာ့နှငယ်ပေါ့။ ငယ်ချစ်ဦးလေ"

"ပိုးအိမ်"

"ရှင်"

"ကိုယ်တို့ ပြန်အဆင်ပြေတာ မိနစ်ပိုင်းရှိသေးတယ်ကွာ။ ပြဿနာစကားတွေ မပြောပါနဲ့လား။ ကိုယ်တောင်းပန်ပါတယ်။ ပိုးအိမ် ပြောတာတွေလည်း ကိုယ် ဖွယ်ဖွယ်ရာရာ မဖြေတတ်ပါဘူး"

"ဆောရီး . . . ဆောရီးပါဆရာ။ ပိုးအိမ် မှားပါတယ်။ ဆရာ့ကို ဘယ်လိုမှမခွဲနိုင်ပါဘူးရှင်။ ပိုးအိမ် မရစ်တော့ပါဘူးနော်"

"ရစ်လည်း ဥပဒေလွတ်တာတွေပဲရစ်ပါကွာ။ ကိုယ် မဖြေနိုင်မယ့် မေးခွန်းတွေနဲ့ မရစ်ပါနဲ့"





"ဒါဆိုလည်း ဆရာ့ဥပဒေတွေ၊ ဆရာပဲ စာအုပ်ထုတ်ထားလေ။ ၂၀၀၈-နာဂစ်ဥပဒေစာအုပ်လိုပေါ့"

"ဆရာ မခံစားနိုင်တဲ့ မေးခွန်းမျိုးတွေ မထုတ်နဲ့ပေါ့ကွာ။ ပိုးအိမ်သိပါတယ်။ ကိုယ် အထူးပြောနေစရာမလိုပါဘူး"

"အင်းပါ . . သိပါပြီ။ ကဲ . . ဟိုနားက မြက်ခင်းလေးမှာ ထိုင်မယ်ဆရာ။ အပင်တွေအောက်မှာမို့ အေးလည်း အေးမှာ"

"ထိုင်လေ"

နိုင်သက္ကရာဇ် အနီးရှိဆိုင်မှာ စားသောက်စရာအချို့နှင့် ရေသန့်တစ်ဘူးဝယ်ပြီး စားရေရိက္ခာအပြည့်အစုံနှင့် ထိုမြက်ခင်းက ကမ္ဘလာမြကျောက်ဖျာသို့ သွားလိုက်ကြသည်။

ချစ်သူ (၂) ဦး အဆင်ပြေသွားကြပြီဆိုတော့လည်း ကမ္ဘာကြီးက သာတောင့်သာယာ။

လောကကြီးတစ်ခုလုံး အရာအားလုံး လှပနေတော့တာ။

"ဆရာ"

"ဗျာ"

"အိပ်မက်ဆိုးတွေ ပြန်မမက်ချင်တော့ဘူးဗျာ။ ရက်ပေါင်းများစွာ ရင်မှာခံစားခဲ့ရတာ အိပ်မက်ဆိုးကြီးလိုပါပဲ"

"ပိုးအိမ် အဆက်အသွယ်ဖြတ်သွားတာပါ။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလည်း လိုက်မရှာပါဘူးနော်။ အဆက်အသွယ် ပြတ်သွားတယ်ဆိုပြီး ဖြေရှင်းချက်တွေ၊ ထုချေလွှာတွေ မပေးဘဲ လိုက်လည်းမရှာဘဲ ချစ်သူတစ်ယောက်ကို လွှင့်ပစ်လိုက်တော့မလို့လား ဆရာ"

"ဟော ... ပြဿနာက စလာပြန်ပြီ"

"ဆောရီး ... ဆောရီး၊ ရင်ထဲမှာခံစားရလွန်းတော့ မမေ့နိုင်ဘူးဖြစ်နေတယ် ဆရာ"

"ပြီးခဲ့တာတွေ ပြန်အစမဖော်ပါနဲ့တော့ ပိုးအိမ်လေး ရယ်။ ကိုယ်လည်း ခံစားခဲ့ရတာပါပဲ"

"အရူးကြီးတစ်ယောက်လိုလား"

ပိုးအိမ် မချိုမချဉ်ရုပ်လေးနှင့်နောက်တော့ နိုင်သက္ကရာဇ် လည်း ရင်ထဲ မကျေလည်တာလေးတွေ ပြန်ချလိုက်တာပါပဲ။

"ကိုယ်က ကောင်မလေးတစ်ယောက်လိုတော့ တိုင်းသိ ပြည်သိဖြစ်အောင် စပွန်ဆာပေးမယ့်သူ၊ ကြော်ငြာပေးမယ့်သူ မရှိဘူးပေါ့ကွာ။ ဒီတော့လည်း ရူးလား၊ မရူးလား၊ ဆွေးလား မဆွေးလား လူမသိတော့ဘူးပေါ့"

"ဟင် ... ကြည့်စမ်း ကြည့်စမ်း။ ဆရာ ပိုးအိမ်ရဲ့ပန်းချီ ကားချပ်တွေကို ဂျေဝင်ပြီး ပြောတာလား။ ဒါ တမင်အဆွဲခံထား





မဟုတ်ဘဲဗျ။ သူ့ဘာသာ ရှုထောင့်အမျိုးမျိုးက လျှပ်တစ်ပြက် ပုံရိပ်တွေကို ဆွဲနေတာ"

"အဲဒါလည်း စွဲလမ်းမှု၊ မြတ်နိုးမှုရဲ့သင်္ကေတတွေ ပြယုဂ်တွေပေါ့"

"ဆရာ"

တစ်ယောက်နှင့်တစ်ယောက် စကားတွေ အပြန်အလှန် ပြောရင်း အခြေအနေတွေက ပူဆွေးစရာတွေ ပြန်ဖြစ်လာပြန်ပြီ လား။

ရွှေပိုးအိမ် ဆရာ့ကို မျက်ရည်အဝိုင်းသားနှင့် မယုံနိုင်စွာ မော့ငေးကြည့်တော့ သူက မျက်နှာလွှဲထားပြီး –

"တစ်လလုံးလုံး ပိုးအိမ်တို့ရွာကို လိုက်ပြီး ပန်းချီဆွဲခဲ့ တယ်ဆိုတော့ ပိုးအိမ်တို့ (၂) ယောက်ရဲ့ ရင်းနှီးမှုအတိုင်းအတာ က ဘယ်သေးမလဲ။ ကိုယ်တောင် ချစ်သူဆိုပေမယ့် ဘယ်နှကြိမ် တွေ့ခဲ့ရဖူးလို့လဲ"

"ဆရာ ... ပိုးအိမ်ရဲ့ချစ်ခြင်းမေတ္တာတွေကို သံသယ ဝင်နေတာလား။ စော်ကားနေတာလားဟင်"

ပြန်တွေ့ကြတာမှ မိနစ်ပိုင်းရှိသေး။ စကားပြောတွေက အဆီအငေါ်မတည့်တော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ . . . ဒီလိုပဲ သူမကို တစ်ဘဝလုံး စကားနာထိုး ခနဲ့သွားတော့မှာလား။

တစ်ယောက်နှင့်တစ်ယောက် နီးကပ်နေလျက်နှင့် ဝေးကွာသွားရသလို။

"ဆရာ ပိုးအိမ်ရဲ့မေတ္တာတွေကို သံသယမဝင်ပါနဲ့ရှင်။ ပိုးအိမ် ဆရာ့ကိုပဲ ချစ်ဖူးခဲ့တာပါ။ ဆရာ့တစ်ယောက်တည်းကိုပဲ သေလုမတတ် ချစ်မိ ခံစားမိတာပါ"

သည်တော့လည်း ဆရာက ရွှေပိုးအိမ်ရဲ့ခေါင်းလေးကို သူ့ရင်ဘတ်မှာ ဆွဲကပ်ပြီး တဒင်္ဂ ငြိမ်သက်နေခဲ့သည်။

သို့သော် သူ့ရင်ခုန်သံတွေဟာ နည်းနည်းအေးစက်နေသလိုလို။

ဘယ်အရာတွေကများ တို့နှစ်ယောက်ကို ဝေးကွာစေခဲ့တာလည်း ချစ်သူရယ်။

ကျွန်မ အရမ်းကို နာကျင်ကြေမြည့်ရပါတယ်။

နှစ်ယောက်သား ငြိမ်သက်စွာ တိတ်ဆိတ်နေကြရာမှ ဆရာကပင် –

"ကိုယ် ပိုးအိမ်တို့ပြန်ရင် ရွာအထိလိုက်ပို့မယ်။ မတားနဲ့ လိုက်မှာပဲ။ ကိုယ့်ကို အရှုံးမလုပ်နဲ့တော့"





"မလုပ်ပါနဲ့ ဆရာရယ်။ ပိုးအိမ်ရဲ့ခံစားချက်တွေကို ဆရာသိချင်ရင် ပိုးအိမ်ရေးတဲ့ ဝတ္ထုတွေဖတ်ကြည့်ပါ။ အသေးစိတ်သိသွားမှာ"

"မဖတ်ချင်ပါဘူး။ ကလေးကလားစာတွေ"

"ရှင်"

စူးရှတာရာဆိုတဲ့ ကြယ်မှုန်ကြယ်မွှားလေးတစ်ပွင့်ဟာ ဘိုး အပြောကျယ်လှတဲ့ အနုပညာမိုးကောင်းကင်မှာ ဖျောက်ဆိတ် ကြယ်လေးတစ်လုံးလောက်ဖြစ်ဖြစ် လင်းလက်နေပါတယ်ဆရာ။

ဆရာ့လို ကြယ်တာရာကြီး၊ ကြယ်တံခွန်ကြီး၊ လမင်းကြီး ဆောတ်တာနဲ့ပဲ တစ်မိုးလုံးဖျောက်ဆိတ်ထဲက ကြယ်မှုန်ကြယ်မွှား လေးရယ်လို့ ဆရာ နှိမ့်ချလိုက်တာလား။

သူမက ဆရာ့ကို ဘုရားလောက်နီးနီး အထင်ကြီး ကိုး ကွယ်မိရသလောက် သူကတော့ ရွှေပိုးအိမ်ဆိုတဲ့ ကောင်မလေး တစ်ယောက်ကို အလေးမထား၊ အရေးမထားခဲ့ပါလား။

"ဆရာ . . . တ . . . တကယ်လား"

သူမအသံက ပြုံမယောင်၊ ညှိုးမယောင်။ ရစ်ဝိုင်းလာသည့် မျက်ရည်များကလည်း ပြိုကျတော့လုလု။

သည်လိုကျတော့လည်း သူ စိတ်လျှော့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဝေးလွင့်နှင့်ပတ်သက်ပြီး အစာမကျေပေမယ့် ပိုးအိမ် ခံစားနေရတာကျ သူ မကြည့်ရက်နိုင်။

ဝေးလွင့်ရဲ့ ရူးနှစ်မှုက လှိုင်းကြီးလေထန်။ နာဂစ်ထက်တောင်မှ အဟုန်ပြင်းမလား။ ချစ်သူကောင်မလေးကို တိုက်စားသွားပြီလား။

သူ ပိုးအိမ်ရဲ့ ပခုံးလေးကိုဆွဲဖက်ပြီး ရင်ခွင်မှာ ငြိမ်သက်စွာ အပ်ထားမိတော့ ကောင်မလေးရဲ့ ပခုံးလေးများက ညင်သာစွာ တုန်ခါလို့။

မငိုပါနဲ့တော့ အချစ်ရယ်။

တို့နှစ်ဦးရဲ့ မျက်ရည်တွေ ကမ္ဘာကြီးကိုတောင် မျောလွှင့်စေတော့မှာ။

ဘာစကားတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်နေမိကြတာ အချိန်ကာလတွေကိုတောင် မသိတော့။ ကောင်မလေး သူ့ပခုံးပေါ်မှာ မေးတင်ပြီး အိပ်ပျော်သွားလေသလား။

ကမ္ဘာအသခေျာ်ကြာပါစေတော့။ အချစ်ရယ် ဒီအ[illegible] အထားလေးနဲ့ –

ကမ္ဘာတည်အောင် ကျောက်ဆစ်ရုပ်ဖြစ်သွားပါရ[illegible] တော့။





အချစ်ရုပ်ကြွင်း အဖြစ်နဲ့ ...

နောင်နှစ်ပေါင်းများစွာကြာတဲ့အခါ

နောင်းလူတွေ သုတေသနလုပ်ကြပါစေ။

နိုင်သက္ကရာဇ် ခွေးမြည့်ရှိဝေနေမိတာ ဘာကြောင့် မသိ။

အချစ်ရေ တို့နှစ်ဦး ဆုံဆည်းကြရပ့်ါမလားကွယ်။

ရာသီတွေဖောက်ပြန်နေတဲ့ ကမ္ဘာကြီးထဲမှာ ငါတို့အချစ်တွေရော တိုက်စားမျောပါရဦးမလား။

မုန်တိုင်းဒဏ်ကို မင်းကလေး ကြံ့ကြံ့ခံနိုင်ပါ့မလား။

သူ အဝေးသို့ ငေးရီနေမိဆဲ သူနှင့်မလှမ်းမကမ်းမှာ ရောက်လာကြသည့် ဝေးလွင့်၊ ပပနှင့် သူရတို့ နှစ်ယောက်ကြောင့်။

သူ ကောင်မလေးကိုဆွဲထူပြီး ရင်ခွင်မှခွာပေးလိုက်ရသည်။

တကယ်ပဲ ကိုယ့်ရင်ခွင်မှာ မေးမှိတ်အနားယူခဲ့တာလား အချစ်ရယ်။

သူမတို့ပြန်ရဦးမည်။

နိုင်သက္ကရာဇ်မှာ စိတ်သာရှိပြီး လူကမပါနိုင်သည့်ဘဝမို့ ပြည်သူ့ရင်ပြင်မှာပင် လမ်းခွဲနှုတ်ဆက်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏မျက်ရည်များကို မမြင်ရက်ပေမယ့်၊ ရင်နာမိပေမယ့် –

သူမကို တယုတယ ခေါ်ဆောင်သွားသူဟာ ဝေးလွင့်ဖြစ်နေပြန်တာကြောင့် သူ့ရင်ထဲ ဆောက်တည်ရာမဲ့ ခံစားခဲ့ရသည်မှာ။

❁ ❁ ❁



## အခန်း (၂၈)

ရင်ဘတ်တဆုံးထိ စူးနစ်နေတဲ့ အချစ်မြားကို ဘယ်လိုနုတ်လို့ရမှာလဲ။ ဘယ်သူ နုတ်ပေးလို့ရမှာလဲ။

ဆရာ စိမ်းကားတော့လည်း ရင်ထဲနာကျင်ဆွေးမြည့်နေရသလို ဆရာ ဂရုစိုက်မယ်ဆိုရင်တော့ ရွှေပိုးအိမ် ကြည်နူးဝမ်းသာရမှာ အမှန်ပါ။

ကျောင်း (၃) ရက်ပိတ်တာမို့ မြို့ပြန်ရောက်နေသည့် ရွှေပိုးအိမ်။ ဖေဖေနှင့်မေမေ သူတို့ဆွေမျိုးအလှူသို့ သွားနေတာမို့ အေးအေးဆေးဆေးပဲ ခြံရှေ့သစ်ရိပ်မှာ ထိုင်ပြီး စာဖတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ရင်း စိတ်က ဟိုလွင့် သည်လွင့်။

တစ်နေ့ တစ်နေ့ ဆရာ့ထံမှ ဖုန်းမျှော်ပေမယ့် မှန်မှန်ဆက်သူက ဦးဝေးလွင့်ပါ။

ဆရာကတော့ သူမ ပြန်လာသည့် ၄–၅ ရက်အတွင်း တစ်ကြိမ်မှ ဖုန်းမဆက်ခဲ့ပါ။

ဆရာရယ် ... ဘယ်လိုနားလည်ရမှာလဲဗျာ။

"သင်က ကျွန်ုပ်ကို တစ်ခါပြုံးပြသောအခါ ကျွန်ုပ်မှာ တစ်သက်တာလုံး စောင့်စားနေရပါတော့သည်"

ဆိုတဲ့ တဂိုးကဗျာလေးလိုပဲ –

ဆရာက ပိုးအိမ်ကို တစ်ခါချစ်ရေးဆိုပြီး ချစ်ပြခဲ့တော့

ပိုးအိမ်ရဲ့ရင်ဘတ်ထဲကို ဟိုးအနက်ရှိုင်းဆုံးအထိ ဆရာရောက်သွားတော့တာပေါ့။

သူငယ်ချင်းမတစ်ယောက် ပြောဖူးသလိုပါပဲ။

"လူတစ်ယောက်က ငါ့အပေါ် တစ်ခါလောက် ကောင်းခဲ့ရင် ငါက အခါတစ်သိန်းလောက် ပြန်ကောင်းရမှ" ဆိုသလို

တစ်ယောက်တည်းမို့ ညက ကျန်သည့်ထမင်းနဲ့ ဟင်းကိုပဲ စားတော့မှာ။

လူကြီးတွေက ညနေမှ ပြန်လာမှာ။





စာအုပ်ကို ရင်ဘတ်ပေါ်တင်ရင်း ရွှေပိုးအိမ် ပက်လက်ကုလားထိုင်ပေါ်မှာ ငေးနေ၊ တွေးနေမိစဉ် အနားသို့ရောက်လာသည့် လူရိပ်တစ်ခုကြောင့် သူမ လန့်ပြီး မားခနဲရပ်မိသည်။

စာအုပ်လေးက ဘုတ်ခနဲ ပြုတ်ကျသွား၏။

"ဆရာ"

"ပိုးအိမ်"

မယုံနိုင်အောင် အံ့ဩထိတ်လန့်နေသည့် ပိုးအိမ်ကို သူက ကျောပိုးအိတ်ဖြုတ်ချပြီး ဆွဲပွေ့လာပုံက လွှမ်းလွှမ်းဆွတ်ဆွတ်။

ဆရာရယ် ...

ရက်ပေါင်းများစွာ မေ့လျော့ထားခဲ့ပြီးမှ –

"ပိုးအိမ်ရယ်"

"ဆရာ လိုက်လာတယ်နော်"

"ပိုးအိမ် ဝမ်းမသာဘူးလားဟင်"

"သာ ... သာပါတယ် ဆရာ၊ လာပါ"

သူမ ဆရာ့ကျောပိုးအိတ်ကို ကောက်ယူပြီး အိမ်ထဲသို့ ဝင်ခဲ့ပါသည်။ သူမတို့အိမ်က နှစ်ထပ်တိုက်လေးပါ။

"ဆရာ ... ပိုးအိမ်ဆီ ဘယ်လိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ စုံစမ်းပြီးလာရတာပေါ့"

"ဆရာ့ဘဝထဲ ပိုးအိမ်ကို ထည့်သွင်းဖို့ စိတ်ကူးရှိပြီလား"

"စကားနာမထိုးပါနဲ့ ပိုးအိမ်ရယ်။ ကိုယ် သေသေချာချာ နားလည်သဘောပေါက်ပါပြီ။ ပိုးအိမ်မရှိရင် ကိုယ် ဘယ်လိုမှ နေပျော်မှာမဟုတ်တော့ဘူး"

"ဝမ်းသာပါတယ် ဆရာ၊ ထိုင်ဦးနော်၊ ပိုးအိမ် စားစရာ တစ်ခုခု သွားလုပ်ဦးမယ်"

"အိမ်မှာရော လူကြီးတွေ ဘယ်သွား"

တစ်ခါက ဆရာ့အိမ်မှာ သူမ သောင်တင်ခဲ့၊ ပိတ်မိ... တာကိုသွားပြီး သတိရမိတာမို့ ပိုးအိမ်မျက်နှာလေးမှာ နွေး...

ဆရာ့ကိုညာပြောရလျှင် ကောင်းမည်လား။ အမေ အိ... နေတယ်ဆိုလျှင်ရော။

သို့သော် ဆရာ့ကို ပိုးအိမ် ယုံကြည်ပါသည်။ သူ့ကို... မယုံကြည်လျှင် လောကကြီးထဲ ရွှေပိုးအိမ် မည်သူ့ကို ယုံကြည်... ဦးမှာတဲ့လဲ။

"ဖေဖေနဲ့မေမေ အလှူသွားတယ်။ တော်ကြာ ပြန်... မယ် ထင်ပါတယ်"





"သြော် ... ဒါဆို ပိုးအိမ်တစ်ယောက်တည်းပေါ့။ ကိုယ်နေလို့ဖြစ်ပါ့မလားဟင်။ သူများတွေများ အထင်အမြင် လွဲနေမလား"

"မလွဲလောက်ပါဘူး ဆရာရယ်၊ ကိစ္စမရှိလောက်ပါဘူး။ ခဏကျန်ခဲ့ဦးနော်"

ပြောပြီး ရွှေပိုးအိမ် တီဗီဖွင့်ပေးခဲ့ကာ မီးဖိုဘက်သို့ ဝင်ခဲ့သည်။

အချိန်က မနက် (၉) နာရီလောက်ပဲရှိသေးတာ။

ပိုးအိမ် ထမင်းကို ပေါင်းအိုးနှင့်ချက်လိုက်ပြီး ရေခဲ သေတ္တာထဲမှ အသားနှင့် ဟင်းသီးဟင်းရွက်များထုတ်ယူလိုက်စဉ် ဆရာ မီးဖိုထဲသို့ဝင်လာသဖြင့် သူမ လှမ်းခေါ်လိုက်ရသည်။

"ဆရာ ... လာ ဒီမှာထိုင်"

ထမင်းစားစားပွဲထိပ်မှာ ဆရာ့ကိုထိုင်ခိုင်းပြီး ရွှေပိုးအိမ် ကော်ဖီတစ်ခွက်နှင့် ကိတ်မုန့်သေးသေးတစ်လုံး ပြင်ပေးလိုက် သည်။

"ဆရာ ဘာစားပြီးပြီလဲ"

"မုန့်ဟင်းခါးတစ်ပွဲ"

"ဆရာ ... မုန့်ဟင်းခါးကြိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ဘူး၊ စားလိုက်တာပဲ။ အိမ်ရှေ့မှာ ပျင်းလို့ ဒီမှာပဲနေမယ်နော်။ ကိုယ်ရော ကူညီမယ်လေ။ ဘာချက်မလို့လဲ"

"ကြက်သားကြော်မယ်၊ ဟင်းရွက်စုံကြော်မယ် ဆရာ့နောက် ဟင်းချိုပူပူပေါ့။ ငံပြာရည်ကြော်ရှိတယ်၊ တို့စရာလုပ်ပေးမယ်"

"အင်း ... ဟင်းတွေက များတောင်နေပြီ။ ကိုယ့်ဘာသာဆို ထမင်းဆိုင်တွေမှာ စားတာများတယ်။ ဖြစ်သလို စားလိုက်တာပဲ။ ကောင်းတဲ့ဆိုင်ရှိသလို မကောင်းတဲ့ဆိုင်လည်းရှိတယ်"

"အို ဆရာရယ် ... ပိုးအိမ် စိတ်မကောင်းလိုက်တာရှင်"

"ဒီလိုပါပဲလေ ... နေသားကျနေပါပြီ။ အစားအသောက် ဆင်းရဲပေမယ့် လွတ်လပ်မှုအရသာကျတော့ အပြည့်ပဲ"

"ရှင် ... ဆရာ"

"သြော် ... ကိုယ်က ခရီးသွားရတယ် မဟုတ်လား လုပ်ငန်းသဘောအရရော၊ ဝါသနာအရပါ ... ခရီးလျှောက်ထွက်နေရတော့ စိတ်သွားတိုင်း ကိုယ်ပါလို့ရတယ်လေ"





"သြော်"

ဆရာ့စရိုက်ကိုနားထောင်ပြီး သူမကို တမင်ပြောနေတာလားရယ်လို့ ရွှေပိုးအိမ် ငေးကြည့် အကဲခတ်နေတော့လည်း သူက ရိုးရိုးသားသား ပြောနေတာ။

ရွှေပိုးအိမ် ဘာမှမပြောတော့ဘဲ လုပ်စရာရှိသည့်အလုပ်တွေကိုသာ သူ့ကိုကျောခိုင်းပြီး လုပ်နေမိသည်။

ကြက်သားကိုကြော်၊ နောက် ဟင်းရွက်စုံကြော်။ ဟင်းချိုချက်၊ တို့စရာအဖြစ် ရှောက်ရွက်နုလေးတွေနှင့် သခွားသီးနုနုလေးတွေပြင်။

ဆရာ့ကို လှည့်မကြည့်တော့ဘဲ ထမင်းဟင်းချက်နေသည့် ပိုးအိမ်ကို ဆရာက စားပွဲမှ ထိုင်ကြည့်နေပြီး ဘာမှစကားမပြောပါ။

(၁) နာရီခွဲလောက်ကြာတော့ အားလုံး ချက်ပြုတ် ပြင်ဆင်ပြီးသွားသည်။

စားရန်အသင့်။ ထမင်းမှအစ စားပွဲပေါ်မှာ အားလုံးပြင်ဆင်ပြီး အုပ်ဆောင်းနှင့် အုပ်ထားလိုက်သည်။

"ပိုးအိမ် လုပ်တတ်ကိုင်တတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးပဲ ဆရာ၊ ပြီး ပိုးအိမ်တို့အဆင့်က အလုပ်သမားမထားနိုင်ဘူးလေ"

"လုပ်တတ် ကိုင်တတ်တာ ကောင်းပါတယ်လေ။ ဒီဘက်ခေတ်မှာ ပေါကြော့တွေ များတယ်"

"ဩော် ဆရာရယ် . . . သူဌေးသမီးတွေကတော့ ပေါ်ကြော့နေနိုင်မှာပေါ့နော်။ ဒီလိုပဲ သာမန်လူတန်းစားတွေကတော့ ချက်ရ၊ ပြုတ်ရ၊ လုပ်ရ၊ ကိုင်ရမှာပေါ့"

"ဒါပေမဲ့ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးမျိုးက ရှားပြီလေ။ ကိုယ်က ပိုးအိမ်ကို မိန်းကလေးပီပီသသ၊ အိမ်ရှင်မအရည်အချင်းအပြည့်နဲ့ ဗိုင်းကောင်းကျောက်ဖိမျိုးလေးမှ လိုချင်တာ"

"ရှင်"

ပိုးအိမ်လက်ထဲမှ စတီးဓား လွတ်ကျသွားရတာ၊ ဦးဝေလွင့် တစ်လလုံးလုံးရောက်လာပြီး ပန်းချီဆွဲနေလို့ ရွာက ကာလသားတွေ အမြင်မကြည်ဖြစ်တာ၊ ဝေးလွင့်ကို ရွှေပိုးအိမ်အားမယူလို့ ပြဿနာရှာကြတာတွေ . . .

ဆရာသိလျှင် ဘယ်လိုပြောမည်လဲ။

ဆရာဟာ သဝန်တိုတတ်သူလား။





ဝေးလွင့်နှင့်ပတ်သက်ပြီး သူမကိုရော ယုံမှားသံသယရှိနေမှာလား။

ဗိုင်းကောင်းကျောက်ဖိဆိုတာရော ဘယ်လိုလဲ။ မိန်းကလေး အလုပ်အကိုင်တွေ၊ အိမ်တွင်းမှုတွေလုပ်တတ်ရုံပဲလား။

ကိုယ်မလော်မာရပေမယ့် ရွာဓလေ့၊ အမြင်ကျဉ်းမြောင်းကြသည်မို့ ပြဿနာတက်ခဲ့ရတာ။ သူမ ဆရာ့ကိုပြောပြသင့်သလား။ လောလောဆည်တော့ မပြောရဲသေး။

အစကတည်းက ဆရာနှင့်ပိုးအိမ်ရဲ့ အနေအထားက ခန့်မရဲ။ ချစ်သူတွေရယ်လို့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အခြေအနေမရှိ။

ဆရာ့သဘောက ဘယ်လိုမှန်းမသိပေမယ့် ရွှေပိုးအိမ်ကတော့ ကိုယ်မြတ်နိုး၊ လေးစား၊ ချစ်ခင်ရသည့် ဆရာ့အငြိုငြင်ကို မခံချင်။ သည်တော့ သူ့ကို ဆက်ဆံရတာကအစ မရွံ့မရဲ။

"ဘာဖြစ်သွားလဲ ပိုးအိမ်၊ ခိုက်မိသွားသေးလား"

ဆရာ ပျာပျာသလဲထလာပြီး ဓားကိုကောက်ပေးတော့ ပိုးအိမ် ကျေးဇူးတင်စွာ မော့ကြည့်ဖြစ်သည်။

"ဆရာ ရေချိုးမလားဟင်"

"ဘာလဲ ကိုယ့်ကိုပြန်ပြီး လက်စားချေမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဩော် . . . ကိုယ့်အိမ်မှာတုန်းကလို ပိုးအိမ်ရဲ့အခန်းထဲမှာ ကိုယ်က ရေဝင်ချိုး။ ပိုးအိမ်ရဲ့ညှော်သည်တွေ၊ ဘာတွေလာရင် ကိုယ့်ကို အခန်းထဲမှာ လှောင်ပိတ်ထားလိုက်ပေါ့"

"ဆရာရယ် . . . ပိုးအိမ် အဲလိုမလုပ်ပါဘူးရှင်။ အခြေအနေတွေမှ မတူဘဲ။ ပိုးအိမ်က မိန်းကလေးပါ။ ရေချိုးခန်းကလည်း သီးသန့်ထားတာပါ။ အခန်းနဲ့တွဲမထားပါဘူး။ ကဲ . . . ဆရာရေချိုး။ ပိုးအိမ် ဖေဖေ့ပုဆိုး ယူပေးမယ်"

သူ ရေချိုးဖို့ပြင်ဆင်ပေးပြီး ပိုးအိမ် ကိုယ်ရေချိုးဖို့ ကိုယ့်အခန်းသို့ တက်သွားလိုက်သည်။

သူမက အပေါ်ထပ်မှာပင်ရေချိုးပြီး အဝတ်အစားလဲသနပ်ခါးလိမ်းကာ အောက်ထပ်သို့ မြန်မြန်ပင် ပြန်ဆင်းလာခဲ့သည်။

ဆရာက သူ့အတွက် ပေးထားသည့်အခန်းထဲမှာ အဝတ်အစားလဲနေ၏။

ရွှေပိုးအိမ် နာရီကြည့်လိုက်တော့ (၁၁) နာရီခွဲပြီ။

သည်နေ့အဖို့ ညှော်သည်တွေ မည်သူမျှ မလာစေချင်။ ဆရာ့ကို တွေ့သွားလျှင် မည်သို့ထင်ကြ၊ ပြောကြမည်လဲ





အင်းလေ . . . နေ့ဘက်ပဲ။ ညမှမဟုတ်သေးတာ။ ညနေကျ ဖေဖေနဲ့မေမေလည်း ပြန်လာမှာပါ။

"ထမင်းစားကြမယ် ဆရာ"

ပိုးအိမ် ဆရာ့အခန်းဝမှ လှမ်းခေါ်တော့ ဆရာ့အသွင်က ရှိဝေဝေ။ ဘုရားရှေ့၊ သူ့ အရက်တွေများ သောက်နေသလား။ သူမ သွေးလန့်စွာအော်မိသည်။

"ဆရာ"

"လာပြီ . . . လာပြီ"

ရွှေပိုးအိမ် ရှေ့မှအမြန်သွားပြီး ထမင်းပွဲကို အသင့်ပြင်ဆင်ထားသည်။

"ဆရာ . . . ထိုင်ပါ၊ အားမနာနဲ့နော် စား"

"စားမှာပေါ့၊ သူများအိမ်မှ မဟုတ်ဘဲ"

ဆရာ တကယ်ပင် ထမင်းကို အားပါးတရ စားပြတော့ ရွှေပိုးအိမ် ကျေနပ်ရသည်။

ထမင်းစားပြီးလျှင် ဧည့်ခန်းထဲ ပြန်ထိုင်ပြီး စကားစမြည်ပြောကြသည်။

ရွှေပိုးအိမ်၏ မရှုံ့မရဲပုံစံလေးကိုကြည့်ပြီး နှိုင်သက္ကရာဇ်ရှင်ထဲ ထင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးအိမ် ... ဘာဖြစ်နေတာလဲဟင်။ ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ"

"မဖြစ်ပါဘူး ဆရာ။ ပိုးအိမ်ကို ဆရာ ငြိုငြင်မှာစိုးလို့ပါ"

"ဘာဖြစ်လို့ ငြိုငြင်ရမှာလဲဗျာ။ ပိုးအိမ်မှာ ဘာအပြစ်တွေ ရှိလို့လဲ"

"အပြစ်မရှိပေမယ့် တစ်ခါတလေ ပတ်ဝန်းကျင်အမြင်မှာ အပြစ်လို့ ထင်တတ်တာတွေလည်း ရှိတတ်တာပေါ့ ဆရာ"

"ပြောလေ ... ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပေါ့"

ရွှေပိုးအိမ် ငြိမ်သွားပြီး အဝေးသို့ငေးနေစဉ် ဂျာနယ်ပို့သည့်လူ တိုက်ရှေ့သို့ရောက်လာသဖြင့် ရွှေပိုးအိမ် လှမ်းယူရသည်။ ဂျာနယ် (၂) စောင်။

ဆရာက တစ်စောင်လှမ်းယူသဖြင့် ပေးလိုက်ပြီး ရွှေပိုးအိမ် တစ်စောင်ဖတ်ဖို့ လှန်လှောကြည့်နေစဉ် –

"ဟင်"

ဆရာ့အာမေဋိတ်သံကြောင့် ရွှေပိုးအိမ် ထိတ်ခနဲ။ ပန်းချီကား အင်တာဗျူးတွေလား။

"ဆရာ"

ဆရာက စိတ်ပျက်သည့်ပုံစံနှင့် သူမလက်ထဲဂျာနယ်





ဖွင့်လျက်သားကို ထိုးပေးသည်။

"အို"

ပန်းချီကားများနှင့် ရွှေပိုးအိမ်။ တမင် ဓာတ်ပုံရိုက်ခံတာမျိုးမဟုတ်ပေမယ့် ပန်းချီကားများနှင့် သူမ၏ရှုထောင့်အမျိုးမျိုး။

ပန်းချီဆရာနှင့် သူ၏မော်ဒယ်လ်တဲ့။

ထုံးစံအတိုင်း စောင်ရေတက်အောင်လား၊ ပရိသတ်စိတ်ဝင်စားအောင်လား။ ရေးသားပုံက အနှောင့်မလွတ် အသွားမလွတ်။

ရွှေပိုးအိမ် ဆရာ့ကို ကြောက်လန့်တကြားကြည့်မိဆဲ သူမ၏ဖုန်းက တိုက်ဆိုင်စွာ မြည်လာခဲ့ပြန်သည်။ ကြည့်လိုက်တော့ ဦးဝေးလွင့်။

သူမ ဖုန်းကိုကိုင်ပြီး ကြောင်နေမိသည်။ ပြောရမှာလား။ မပြောရင် ပိုပြီး ရှုပ်ပျက်မှာ။

ကိုယ်က ရိုးရိုးသားသားပဲ။ ဦးဝေးလွင့်ကလည်း ရင်ထဲမှာ ချစ်နေပေမယ့် သူမတို့အနေအထားက သန့်ရှင်းသည်။

ရွှေပိုးအိမ် ဖုန်းကိုင်လိုက်ပါသည်။ ပြီး သူမကပင် ဦးအောင်ပြောလိုက်သည်။

"ဦးဝေးလွင့် ... ဂျာနယ် ကျွန်မလက်ထဲရောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း ဆရာ ရောက်နေတယ်"

"ဗျာ ... ကိုယ်အားနာလိုက်တာ ပိုးအိမ်ရယ်။ ဘာလုပ်ပေးရမှန်းတောင် မသိတော့ဘူး။ ဂျာနယ်လစ်တွေ ဖွတတ်တယ်ဆိုတာ ခုတော့ ယုံရပြီ"

"ဖတ်ကြည့်တော့လည်း ဘာမှ တိတိကျကျ စွပ်စွဲထားတာမျိုး မဟုတ်ပါဘူး။ ပိုးအိမ်ရယ်၊ ပိုးအိမ်ရဲ့ဆရာကို ဖုန်းပေးလိုက်နော်။ ပြီးရင် ပိုးအိမ် နည်းနည်းရှောင်ပေး"

"ရှင်"

သို့သော် သူတို့နှစ်ယောက်လုံး တကယ့်စာရေးဆရာပန်းချီဆရာကြီးတွေမို့ ရွှေပိုးအိမ် စိတ်မပူတော့ပါ။

လောကကြီးရေ ဖြစ်ချင်တာသာ ဖြစ်ကြပါတော့နော်။

ကျွန်မ ဆရာ့ကိုချစ်တယ်။

ဆရာ့ကို လုံးဝမခွဲချင်ဘူး။

သေကွဲ၊ ရှင်ကွဲတွေနဲ့ ပြည့်နှက်နေတဲ့ လောကကြီးထဲမှာ

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏။

ဆိုရင်လည်း ...

ဆရာနဲ့သေမှပဲ ခွဲပါရစေတော့နော်။





မျက်ရည်ပါးပါးကျလာရင်းမှ ရွှေပိုးအိမ် ဆရာ့ကို ဖုန်းထိုးပေးလိုက်ပါသည်။

ဆရာ့မျက်နှာကိုလည်း ရွှေပိုးအိမ် မကြည့်ရဲတော့ပါ။

သူ့ကို ဆုံးရှုံးရမှာ ကျွန်မ သေမလောက်ကြောက်ပါတယ် လောကကြီးရယ်။

စွန့်လွှတ်ရမှာစိုးလို့သာ ကျွန်မ ဒီလောက်ထိ တုန်လှုပ်ချောက်ခြားနေမိတာပါ။

ရွှေပိုးအိမ် ညေ့ခန်းထဲမှထွက်ပြီး ခြံထဲရှိ သရဖီပင်ကြီးအောက်သို့ လျှောက်လာခဲ့ပါသည်။

နောက် ဟိုးအဝေး မိုးကုပ်စက်ဝိုင်းသို့ မမြင်ရသောမျက်လုံးများဖြင့် ငေးကြည့်နေမိပါသည်။

မိုးမကုန်သေးတာမို့ တိမ်မည်းညို အလိပ် အလိပ်တို့ကသာခုပင် ရွာတော့မလို၊ မိုးကြိုးတွေရော ပစ်ဦးမှာလား။

အိမ်ထဲမှာတော့ ဆရာနှင့်ဦးဝေးလွင့်တို့ ပြဿနာတစ်ရပ်ကို စကားစီးချင်းထိုးနေကြပေပြီ။ အပြင်မှာဆိုလျှင် လက်သီးချင်းများ ယှဉ်ထိုးကြလေမလား။

အချစ်ဆိုတာ မာယာများလိုက်တာ။ သူမက ဆရာ့ကိုနီးနီးလေး အသည်းနင့်မတတ် ချစ်မိခဲ့ပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာ သူမကို ဘယ်အထိ ချစ်မချစ်ဆိုတာ ရွှေပိုးအိမ် မသိပါ။

သို့သော် သူမက စာပေအနုပညာသမားပီပီ ခံစားချက်ကို နှလုံးသားကိုသာ ဦးစားပေးလိုသူ။

သံသရာဆိုတာ တန်တလျား ရှည်လျား၊ ထွေပြားတယ်ဆိုလျှင်ဖြင့် ချစ်သူနှင့်သာ သံသရာခရီးခဲကြီးကို လျှောက်လှမ်းလိုသူ။

''ဟော''

သည်စဉ် မိုးတွေ ရွာသွန်းလာပါပကော။ လျှပ်တွေပြိုးပြက်လက်။

အိမ်ထဲမှာ ဆရာ့အခြေအနေကို သူမ မသိရသေးချိုမှာလား ခါးမှာလား။

ဆရာ သူမကို မုန်းသွားတော့မှာလား။

မိုးနှင့်အပြိုင် မျက်ရည်ပူတွေစီးသွန်ချမိရင်း ဆရာနှင့်ဝေးရမှာ တွေးပူမိသည်ကြောင့် ပိုးအိမ်၏ ရင်ဘတ်တစ်ပြင်လုံးပူလောင်ဆွေးမြည့်နေရလျှင်။

သူမ မိုးနှင့်အတူရောပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာရှိုက်ကြီးတငင် ငိုချမိလိုက်ပါသည်။





ဘယ်သူမှ မမြင်ကြတော့ဘူးပေါ့။

ကျွန်မ တစ်ယောက်တည်း ရင်ကွဲနေရတာ ကမ္ဘာကြီးသိသွားမှာစိုးပါတယ်။

မိုးရေထဲမှာ လျှပ်လက်တွေထဲမှာ ရွှေပိုးအိမ် ငိုကြွေးနေခိုက် အနားသို့ရောက်လာသည့် ထီးတစ်လက်ကြောင့် သူမလန့်သွားပါသည်။

''ဆရာ''

''မငိုပါနဲ့တော့ကွယ်။ ကိုယ်လည်း ပိုးအိမ်ကိုမခွဲနိုင်အောင် ချစ်မိနေမှန်း သေချာသွားပါပြီ။ ထ ... လာ ... သွားကြစို့''

''ရှင် ... ဆရာ''

''ပြဿနာတွေ ပြေလည်သွားပါပြီ အချစ်ရယ်။ အဖြစ်အပျက်တစ်ခုမှာ ခွင့်လွှတ်မလား၊ စွန့်လွှတ်မလား ကြိုက်ရာရွေးဆိုရင် ပိုးအိမ် ဘယ်ဟာရွေးမလဲဟင်''

''ခွင့်လွှတ်လိုက်မှာပေါ့ ဆရာ။ ပိုးအိမ်မှ ဆရာ့ကို မခွဲနိုင်ဘူး''

''ဟုတ်ပြီလေ ... ကိုယ်လည်း ပိုးအိမ်ကို မခွဲနိုင်တာသေချာသွားပြီမို့ အရာအားလုံးကို ခွင့်လွှတ်လိုက်နိုင်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်တယ်ပြောလို့သာ လက်ခံလိုက်ရတာပါ ဆရာရယ်။ ပိုးအိမ် ဘာမှမကျူးလွန်ခဲ့ပါဘူး။ ပိုးအိမ်ရဲ့နှလုံးသားထဲမှာ၊ ရင်ဘတ်ထဲမှာ ဆရာပဲ နေရာအပြည့်ယူထားခဲ့တာပါ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ကိုယ် ယုံလိုက်တော့မယ်နော်။ ထ လာ ... ကလေးမလေး။ ဆရာ့ကိုကြောက်လို့ အိမ်ထဲမဝင်ဘဲ မိုးရေထဲမှာ ငိုနေတာ မဟုတ်လား"

"ဆရာရယ် ... ပိုးအိမ်အကြောက်ဆုံးက ဆရာ့ကို လက်လွှတ်ဆုံးရှုံးရမှာကိုပါပဲ။ ကျန်တဲ့အရာအားလုံးကို ပိုးအိမ် ဆုံးရှုံးခံနိုင်ပါတယ်ရှင်"

"ဒီအပြောနဲ့ပဲ ကိုယ့်ကို တစ်သက်လုံး သိမ်းပိုက်သွားတော့မှာနော်။ သိနေတယ်၊ သိနေတယ်"

မိုးရေထဲမှာ နှစ်ယောက်အတူ အိမ်ဆီလျှောက်ရင်း ချမ်းမှာမိကြလေသလားလို့ပါ။

**စာဖတ်သူများ ရှင်လန်းချမ်းမြေ့**
**ရယ်မောနိုင်ကြပါစေ**
**ကြယ်စင်မှူးဝေ**




၂၀၁၆ အောက်တိုဘာ
တွင် ဖတ်နိုင်ပါပြီ ...

**မမသဒ္ဒါမောင်**
ထက်မြက်ချို

**ကြယ်စင်မှူးဝေ**
ချစ်ခြင်းဖွဲ့မှာယာ

**မယ်ခိုင်**
မိုးစက်ကောင်းကင် ပင်လယ်ပြင်

**မိုးစက်ပွင့်**
အချစ်သည်ငါနှင့်မသက်ဆိုင်တော့ပါကြောင်း

**အလင်းသစ်**
ရေဝတ်ပန်းမို့ ပိုမွှေးလေရော့သလား

**လှိုင်းကြာဖြူ**
မုန်းဖို့လွယ်တယ် မေ့ဖို့ခက်တယ်

**လှုံမ**
အစိမ်းသက်သက်


www.burmeseclassic.com